
www.burmeseclassic.com

တံခွန်တိုင်
စာအုပ်တိုက်

BURMESE CLASSIC .com



လွန်းထားထား
ဆေးတက္ကသိုလ်

# နှလုံးသားကို ဝတ်ရုံချုပ်ဝတ်ထားတဲ့ ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com

မှိုးမြင့်

ဦးပြည့်လင်း (၀၄၄၀၃)
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
ာလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်ရီ-၀၂၀၁၂၊
မိုးစန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
င်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

၄၀၀-ကျပ်

၅၀၀

ဩဂုတ်လ၊ ၂၀၁၂-ပထမအကြိမ်

**[illegible]**

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**[illegible]**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှ
ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်
များအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှု

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သ
- ခိုင်ခံ့သည့်ခိုင်ဆိုင်သော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆော
တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုး
တုဆောင်ရေးနှင့် စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုး
တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွား
ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော
တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုး
လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လွန်းထားထား (ဆေးတက္ကသိုလ်) နှလုံးသားကို ဝတ်ရုံချုပ်ဝတ်ထားတဲ့ ချစ်သူ ၈၉၅.
လွန်းထားထား၊ ဆေးတက္ကသိုလ်၊ - ရန်ကုန်
တံခွန်တိုင်စာပေ ၂၀၁၂
၂၄၃ စာ၊ ၁၂.၀၀ × ၁၈ ၈ စင်တီ
(၁) နှလုံးသားကို ဝတ်ရုံချုပ်ဝတ်ထားတဲ့ ချစ်သူ



ပြည်လုံး
ဝိစဉ်ထောက်စေသည်....

**တံခွန်တိုင် စာအုပ်တိုက်**

အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၃၉၄၆၅၀ / ၀၉ ၇၃၀၆၉၈၂၂ / ၀၉၄၂၁၀၁၉၆၇၈

www.burmeseclassic.com

www.burmeseclassic.com



**အမှတ်တရမှတ်တမ်း**

ကမ္ဘာပေါ်မှာ
သားသမီးအပေါ်
နားလည်နိုင်စွမ်းအရှိဆုံးသော
အဖေနဲ့ အမေ...၊
ဘဝရဲ့အဓိပ္ပာယ်တွေကို
ပိုပြီးလေးနက်လှပ
ပြည့်စုံလာစေခဲ့တဲ့
ဘဝအဖော်မွန် မောင်နဲ့ သမီးလေး
အမှတ်တရ မှတ်တမ်းတင်လျှက်...

လွှန်းထားထား (ဆေးတက္ကသိုလ်)

# နှလုံးသားကို
# ဝတ်ရုံချုပ်ဝတ်ထားတဲ့
# ချစ်သူ

**လွှန်းထားထား**
(ဆေးတက္ကသိုလ်)




www.burmeseclassic.com

www.burmeseclassic.com

# ပြင်းပြင်းရှရှ…ခံစားမှု

## အချစ်လုံးချင်း ဝတ္ထုသစ်





www.burmeseclassic.com

www.burmeseclassic.com

"နောင် ဘယ်တော့မှ
ပြောပြခွင့်မရှိတော့ဘူးဆိုတဲ့ ခံစားမှုမျိုးနဲ့
သူတစ်ပါးကို ချီးကျူးစရာစကားဆိုပါ ...။

နောင်ဘယ်တော့မှ ပြုံးပြခွင့်မရှိတော့ဘူးဆိုတဲ့
ခံစားမှုမျိုးနဲ့ ပြုံးပြသင့်တဲ့သူကို ပြုံးပြပါ ...။

နောင်ဘယ်တော့မှ
ချစ်ခွင့်မရှိတော့ဘူးဆိုတဲ့ မက်မောမှုမျိုးနဲ့
ကိုယ်ချစ်မြတ်နိုးတဲ့သူကို ချစ်ပါ ..."



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



(က)

တက္ကသိုလ်ပရဝုဏ်အတွင်းမှာ လူတွေအားလုံး လှုပ်လှုပ်ရှားရှား တက်ကြွရွှင်လန်းလို့ရယ်။ ဘဝရဲ့ ပျော်စရာအမှတ်တရလေးတွေ အများဆုံး စုဆောင်းမိတဲ့အချိန်ဟာ တက္ကသိုလ်ကျောင်းသား ကျောင်းသူဘဝပါ . . . လို့ ဆိုရင် ဘယ်သူငြင်းနိုင်မလဲ။ မျှော်လင့်ချက်တွေ ပျော်ရွှင်ခြင်းတွေ အိပ်မက်တွေကို ရင်ဘတ်ထဲထည့်လွယ်လို့ ဘဝရဲ့ အနုပျိုအလန်းဆန်းဆုံး အချိန်တွေပေါ့။ ထုံးစံအတိုင်း ကန်တင်းထဲမှာ လူအရင်စု . . ဘဝရေးရာ . . နှလုံးသားရေးရာ . . မိန်းကလေးရေးရာအဖြာဖြာကို တစ်ယောက်တစ်ပေါက် အငြင်းပွားရင်း စကားနိုင်လုရင်း ဟောင်ဖွာဟောင်ဖွာတွေပြောလို့ဝ,မှ ကိုယ်တက်ရမယ့်အတန်းဆီ ရွှေ့တတ်ကြသူတွေပါ . . .။



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ . . . ငါ့မျက်စိထဲတော့ မိန်းကလေးတိုင်းက သူ့နည်းသူ့ဟန်နဲ့ လှနေ လန်းနေတော့ ဘူ့ကို ရွေးကြိုက်ရမှန်းကို မသိတော့ပါဘူး၊ ဒီတစ်ယောက်ကိုရွေးလိုက်မိပြန်ရင်လည်း ဟိုတစ်ယောက်ကို အားနာနေရဦးမယ် အဟီး . . ."

ဂဂ်ါက စပ်ဖြီးဖြီးမျက်နှာပေးနဲ့ ခပ်ကြောကြော တင်စီးစီးလေသံနဲ့ဆိုတာမို့ သူတို့အားလုံးရဲ့ မျက်စောင်းများတွေ ဂဂ်ါဆီ စိုက်ဝင်ကုန်တယ်။

"ဟော့ကောင်ရာ မင်းမျက်နှာလည်း မင်းပြန်ကြည့်ပါဦး၊ စာကလေး မိုးစိုပြီးသားကို မိုးကြိုးပစ် ခါတ်လိုက်ထားတဲ့ရုပ်နဲ့၊ အားမနာလျှာမကျိုး ကောင်မလေးတွေက မင်းရွေးမှာစိုးလို့ကို ပြေးနေကြတာပါ ဟား ဟား"

ကောင်းမြတ်က မဲ့ကာရွဲ့ကာနဲ့ မညှာမတာဝင်ဖဲ့တယ်။ ဂဂ်ါက ကောင်းမြတ်ကို ခြေနဲ့ လှမ်းကန်တယ်။ ဘုန်းမိုးရဲ့ မျက်လုံးတွေက မလှမ်းမကမ်းက အများနဲ့မတူတဲ့ ကောင်မလေးတစ်ယောက်ဆီ အမှတ်မထင် ကျရောက်သွားမိပြီးမှ မျက်လုံးတွေ ချက်ချင်း ပြန်မလွှဲနိုင်ဖြစ်သွားတယ်။ ကောင်မလေးကိုကြည့်ရတာ ထူးဆန်းနေသလိုပဲ . . .။ ဘာထူးမှန်းတော့ မသိ။ မျက်နှာကလေးက ကြည်ကြည်ကလေးနဲ့ ဖြူးရိပ်ကလေး အလိုလိုလွှမ်းနေတယ်။ တစ်ယောက်တည်းထိုင်နေပြီး လူတိုင်းကို မသိမသာကလေး လှမ်းလာစူးစမ်းအကဲခတ်နေတဲ့ ရုပ်ကလေး။ ထူးခြားတာက သူမရဲ့ခေါင်းပေါ်မှာ အခွေအခက် အနွယ်ကလေးတွေပါတဲ့ ပိုးပုဝါအနက်ကလေးနဲ့ တစ်ခေါင်းလုံးလုံအောင် ပတ်ပြီး စည်းနှောင်ထားတာပါ။ သူမရဲ့ ဆံနွယ်တွေကို မမြင်ရ။ အထူးခြားဆုံးက, သူမရဲ့ ခင်မင်နှစ်လိုဖွယ် မျက်နှာပေးကလေးပါ။ ဟန်လုပ်ပြီး ပြုံးနေတာမျိုးလည်းမဟုတ်။ နှလုံးသားရဲ့ ကြည်လင်သန့်စင်လွှမ်းမှုက မျက်နှာပေါ်မှာ လာထင်ဟပ်နေသလိုမျိုး . . .။

"ဘုန်းမိုး . . . မင်း ဘာကြည့်နေတာလဲ၊ ဪ ဟော် ဒီကောင် ဟိုကောင်မလေးကို အကြည့်တွေကျွေးနေတာကိုးကွ၊ သူ့ထက်လန်းတဲ့ဇယားတွေ တစ်ပုံကြီးကွာ၊ မင်းကလည်း၊ ဒါလေးက ရိုးစင်းလိုက်တာ"

"ဟော့ကောင် သုတ၊ ကြည့်တယ်ဆိုတာ အမျိုးမျိုးရှိတယ်ကွ၊ လှလို့ကြည့်တာ၊ ချစ်စရာကောင်းလို့ကြည့်တာ၊ စိတ်ဝင်စားလို့ကြည့်တာ၊ စိတ်ထဲကကို အညှို့ခံလိုက်ရသလို အံ့သြထူးဆန်းမှုနဲ့ကြည့်တာ၊ ကြည့်တိုင်း ကြိုက်လို့လို့







www.burmeseclassic.com

www.burmeseclassic.com



မင်း ဘယ်သူပြောလဲ၊ အဲဒီကောင်မလေးကို သေချာကြည့် မျက်နှာလေးက ကြည်လင်ပြီး ပြုံးရိပ်ကလေးသမ်းနေတာ ဘယ်လောက်စိတ်ချမ်းသာဖို့ကောင်းသလဲ . . သူ့ကို ကြည့်ရတာ"

"ထားလိုက်ပါတော့ကွာ၊ ငါတို့အတွက်တော့ သာမန်ထက်ပိုပြီး စိတ်ဝင်စားဖို့ မကောင်းပါဘူး၊ ကဲ ရွှေစို့ သူငယ်ချင်း၊ ဒီနေ့ ဒီဝိုင်းကို ဘယ်သူရှင်းမှာလဲ၊ ငါ ပြတ်လပ်နေတယ်နော် . . ပိုက်ဆံမပါဘူး"

"ဩော် . . . ကော်ဖီတွေ မုန့်တွေမှာတုန်းကတော့ မင်းကိုယ်မင်း ပြတ်လပ်နေမှန်း သတိမရဘူးလား၊ နှစ်ဖြုံးဖြုံး မြိုပြီးတော့မှ ပိုက်ဆံမပါဘူးတဲ့၊ အရှက်ကိုက မင်းဆီမှာမနေနိုင်တာ . . ငတ်လွန်းလို့"

ဂဂ်ါနဲ့ကောင်းမြတ် အပြန်အလှန်ပြောနေတာကို သူ ခပ်ပြုံးပြုံးနားထောင်ရင်း ပိုက်ဆံရှင်းပေးဖို့ သူ့ဝေါလက် ကို ထုတ်လိုက်မိမှပဲ သူလည်း ပိုက်ဆံအလုံအလောက်ထည့်မလာတာကို သတိထားမိသွားတယ်။

"သေပြီဆရာ၊ ငါလည်း သိပ်အများကြီး မပါဘူးကွ ဟော့ကောင်တွေ လုပ်ကြဦး၊ ပိုက်ဆံတွေ ပါသလောက် ထုတ်ကြကွာ၊ မလောက်ရင်လည်း အကြွေးမှတ်ခိုင်းထားရုံပေါ့"

သူတို့ဝိုင်းမှာ နည်းနည်း အလုပ်များသွားလေရဲ့။ လေးယောက်စလုံး ပါသမျှစုပြီးမှ သူ စားပွဲထိုးကလေးကို လှမ်းခေါ်လိုက်တယ်။ စားပွဲထိုးကလေး ရောက်လာတယ်။

"ညီလေး . . ဒီဝိုင်းဘယ်လောက်ကျလဲ ရှင်းရအောင်"

"အစ်ကိုတို့အတွက် ရှင်းပြီးသွားပြီ အစ်ကို . . ."

"ဟေ . . . ဘယ်သူက ရှင်းသွားတာတုံးကွ၊ အံ့သြစရာကြီးပါလား . . ."

"အေးကွ . . ဒီလိုမှန်းသိ ပိုစားလိုက်ပါတယ် . . ."

"ကာယကံရှင်က မပြောရဘူးတဲ့၊ အမည်မသိ စာဆို တဲ့ . . ."

"ယောကျ်ားလား . . မိန်းမလား၊ အာ . . ယောကျ်ားတော့ မဖြစ်နိုင်ဘူး၊ ဘယ်ငတိကမှ အမိုက်ခံပြီး ငါတို့စားထားသမျှကို ဝင်ရှင်းပေးသွားမှာ မဟုတ်ဘူး၊ မိန်းကလေးထဲကပဲ ဖြစ်မှာ . . ဟုတ်တယ်မှုလား ညီ"

"မပြောတတ်ဘူးဗျ၊ သူက မပြောနဲ့တဲ့ မှာသွားလို့ပါ"

"ဟာကွာ . . . ပဟေဠိဆန်လိုက်တာကွာ"







www.burmeseclassic.com

www.burmeseclassic.com



“ကေန္တတော့ ငါ့ကို တိတ်တခိုးစွဲလန်းနေတဲ့ ကောင်မလေးတစ်ယောက်ယောက် ဖြစ်လိမ့်မယ်”

ဂဂ်ါက ခုထိမလျှော့ . . .။ ဘုန်းမိုးကတော့ တစ်ခုခုကို သံသယဖြစ်သွားတာနဲ့ စောစောက ကောင်မလေးဆီ ဖျတ်ခနဲ လှမ်းကြည့်မိတယ်။ တကယ်ပဲ သူ့ရင်ထဲ လှပ်ကနဲ အေးသွားခဲ့မိတာပါ။ အဲဒီစားပွဲဝိုင်းမှာ ကောင်မလေး ရှိမနေတော့ဘူး။ သူမ များလား ? . .။ သူမဆိုရင် အဲဒါ ဘာသဘောလဲ။ ဘာအဓိပ္ပာယ်လဲ။ သူ ခေါင်းတစ်ချက် ခါရမ်းမိကာ ပြုံးလိုက်မိတယ်။ စိတ်ဝင်စားဖို့တော့ ပိုကောင်းသွားခဲ့ပြီ။

***







“ဘုန်းမိုး . . ဘုန်းမိုး”

ဆိုတဲ့ ခေါ်သံနဲ့အတူ ခြေသံတဖုတ်ဖုတ်ကြားလိုက်ရတာမို့ သူ အနောက်ကိုလှည့်ကြည့်မိတယ်။ သူနဲ့ ခင်မင်ရင်းနှီးနေတဲ့ အိန္ဒြေဆိုတဲ့ ကောင်မလေးပါ။

“ဘာလဲ . . ပြော၊ စွတ်ပြေးမလာနဲ့လေဟာ၊ ငါ ထွက်မပြေးပါဘူး၊ နင့်ပုံစံက ပြူးတူးပြဲတဲနဲ့ ဘာဖြစ်လာတာလဲ”

“မေးစရာရှိလို့ဟ . . .၊ အမလေး မောလိုက်တာ၊ ငါနဲ့ရင်းနှီးသမျှလူတိုင်းကို လိုက်မေးနေတာ၊ နင်တစ်ယောက်ပဲ ကျန်တော့တယ်”

“ဘာမေးမှာလဲ . . မေးလေဟာ၊ နင့်ဟာက အရင်းလဲမပါ အဖျားလည်းမပါနဲ့ ဘာမှန်းမသိဘူး . . .”

“ဒီကိစ္စက လူသိလို့လည်း မကောင်းဘူးဟ၊ တိုးတိုးတိတ်တိတ် မေးရမှာ . . .”





www.burmeseclassic.com

www.burmeseclassic.com



အိန္ဒြေ့မျက်နှာက တကယ်ပဲ အိန္ဒြေမဆောင်နိုင်လောက်အောင်ကို လှုပ်ခတ်ပျာယာနေတော့တာပါ . . .။ သူ မျက်မှောင်ကြုတ်မိရင်း အိန္ဒြေ့ကို ကြည့်မိတယ်။ အရေးမကြီးဘဲနဲ့တော့ အိန္ဒြေတစ်ယောက် ခုလို နာမည်နဲ့ မလိုက်အောင် ဖြစ်နေစရာအကြောင်း မရှိပါ။

"မေးလေဟာ၊ နင်ကလည်း၊ ငါ့ ဘာကြည့်နေတာလဲ၊ သံသယ မျက်ဝန်းကြီးနဲ့ပါလား၊ ငါ ဘာမှ မလုပ်မိဘူးနော်"

"နေပါဦးဟယ်၊ ငါပဲ မေးပါရစေဦး၊ နင်က မေးခွန်းတောင် မလာသေးဘူး၊ ငြင်းထားတာတ အရင်၊ ဟုတ်တော့နေပါပြီ၊ ဒီလိုဟ . . . ငါ့အတွက် တစ်နှစ်လုံးစာ ကျောင်းလခ သွင်းပေးခဲ့တာ နင်များလားလို့"

အိန္ဒြေ့အမေးကြောင့် သူ့မျက်ခုံးတွေ အမြင့်ဆုံးမြင့်တက်သွားပြီး မျက်လုံးအဝိုင်းသား . . ပါးစပ်အဟောင်းသား ဖြစ်သွားရပါတယ်။ အိန္ဒြေ့ကိုကြည့်မိတော့လည်း နောက်နေတဲ့ပုံစံမပေါ် . . အတည်ပေါက်ကြီးပြောနေတာ။

"ဘုရား . . တရား . . သံဃာ . . ကယ်တော်မူပါ၊ ငါက ဘာကိစ္စ နင့်အတွက် တစ်နှစ်စာ ကျောင်းလခကို





သွင်းပေးနိုင်ရမှာတုံး၊ ပေါက်ပေါက်ရှာရှာဟာ၊ ဖြစ်နိုင်ရင် နင်ကတောင် ငါ့အတွက် ကျောင်းလခ ပြန်သွင်းပေးရဦးမှာ၊ တစ်နှစ်စာမပြောနဲ့ တစ်လစာတောင် နင့်အတွက်မပြောနဲ့ ငါကိုယ်တိုင်အတွက်တောင် အနိုင်နိုင်ရယ်"

"ဒါဖြင့်လည်းပြီးရောဟာ၊ ငါလည်း ထင်တော့ထင်မိသား၊ နင့်လို ငမွဲကောင်က ငါ့အတွက် တစ်နှစ်လုံးစာလခ သွင်းပေးဖို့ဆိုတာ မဖြစ်နိုင်ရေးချပါလို့၊ လူစုံ အောင်သေချာအောင်လို့သာ လိုက်မေးရတာ၊ ငါ့နယ် ဘယ်သူများပါလိမ့် သိချင်လိုက်တာဟယ်၊ ကျောင်းသားရေးရာကလည်း ပြောမပြဘူးဟ၊ 'အမည်မသိစာဆို' လို့ပဲ ပြောသွားတယ်"

"အမည်မသိစာဆို!"

ထိုနာမည်ကြောင့် သူ့တစ်ကိုယ်လုံး တောင့်မတ်သွားခဲ့ပါတယ်။ သူ့ကိုယ်တိုင်လည်း ခံခဲ့ရတာ ကြာမှမကြာသေး . . .။

"ငါ သွားတော့မယ်ဟာ"

နှုတ်ဆက်ပြီး လှည့်ထွက်သွားဖို့ပြင်နေတဲ့ အိန္ဒြေ့



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းတားလိုက်ပြီး . . .

"နေဦး . . . အိန္ဒြေ၊ ငါ့ကို နင့်ရဲ့ဖြစ်စဉ်ကို အသေး စိတ်ပြောပြစမ်းပါ၊ ငါ သိချင်လို့"

"ဒီလိုဟာ . . . လွန်ခဲ့တဲ့တစ်ပတ်လောက်က ကျောင်း ကန်တင်းထဲမှာ ငါ့သူငယ်ချင်းတွေနဲ့စကားပြောရင်း ငါ ရင်ဖွင့်လိုက်မိတယ်၊ ငါ တက္ကသိုလ်တက်ချင်လွန်း လို့သာ ရောက်လာခဲ့တာ၊ ငါ့မိဘတွေခမျာ ငါ့ကို ပညာ သင် စေချင်လွန်းလို့သာ အဝေးသင်တောင်မယူခိုင်းဘဲ တက္ကသိုလ်ကျောင်းသူ ဘဝ အတွေ့အကြုံကို ရစေချင် လွန်းလို့ ကျောင်းကို ဇွတ်တက်ခိုင်းခဲ့တာလို့ . . . တစ်လတစ်လ ကျောင်းလခပေးဖို့ကို အလျှဉ်မမီဘူး လို့ပြောလိုက်မိတာ၊ သိပ်မကြာဘူးဟယ် . . . အဲဒီနေ့ ပဲ ငါ့ရဲ့ကျောင်းသားကဒ် ပျောက်သွားတယ်၊ ပိုက်ဆံ အိတ်ထဲထားရင်းကနေ ပျောက်သွားတာနော်၊ ဘယ် လောက်ထူးဆန်းလဲဆိုတာ၊ ငါလည်း ကျောင်းသားကဒ် ပျောက်ကြောင်း ကျောင်းသားရေးရာမှာ သွားသတင်း ပို့ရတာပေါ့၊ အဲဒီမှာ ငါ့ရဲ့ကျောင်းသားကဒ် ပြန်ပေးရင်း ကျောင်းလခ တစ်နှစ်စာသွင်းထားပြီးသားနော်တဲ့၊ ငါဖြင့်







ရှော့(ခ်)ရသွားတာပဲ၊ အံ့ဩလွန်းလို့ ဘယ်သူလာ သွင်းပေးသွားတာလဲဆိုတော့ 'အမည်မသိစာဆို'တဲ့၊ အဲဒီ တစ်ခွန်းပဲထွက်တယ်၊ ကျန်တာ ဘာသဲလွန်စ,မှ မရခဲ့ဘူးဟယ်၊ ယုတ်စွအဆုံး ယောကျ်ားလား၊ မိန်းမ လားတောင် သိခွင့်မရဘူး၊ သူက ပြောမပြပါနဲ့လို့ ပိတ် သွားတယ်တဲ့၊ အဲဒီမှာ ငါ ရှာလည်တော့တာ၊ ဘယ်သူ ဖြစ်နိုင်မလဲဆိုပြီး ရင်းနှီးသမျှ သူငယ်ချင်းတွေကို လိုက်မေးနေရတာဟဲ့၊ နင်မဟုတ်တာ သေချာတယ် နော်"

"ရော် . . . ခက်တော့နေပြီ၊ ဒါဖြင့်လည်း ငါ့ကို အကြွေး ပြန်ဆပ်ဟာ . . . ဓာ"

"အံမယ် . . . တော်ပါပြီ"

" 'အမည်မသိစာဆို' ဆိုသူရဲ့ ရိုက်ချက်ကို ခံရတာ နင်တစ်ယောက်တည်း မဟုတ်ဘူး အိန္ဒြေ၊ ငါတို့လည်း ခံခဲ့ရပြီးပြီ၊ ကန်တင်းထဲမှာ . . ."

သူက အတိုချုပ် ပြန်ပြောပြလိုက်မိတယ်။ အိန္ဒြေ ရဲ့ အံ့ဩစိတ်ဝင်စားမှု ဒီဂရီတွေ တရိပ်ရိပ် မြင့်တက်လို့။

"တခြား ငါတို့မသိနိုင်သေးတဲ့ တခြားကိစ္စတွေ ဒီ ကျောင်း





www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ နေရာအနှံ့အပြားမှာ ရှိချင်ရှိနေနိုင်တယ်၊ အစကတော့ ငါ့အတွက် သာမန်ပဲပဲ၊ ခုတော့ ပိုပြီး စိတ်ဝင်စားစရာဖြစ်လာခဲ့ပြီ၊ ဘယ်သူတွေ ရှိသေး လဲဆိုတာ ငါ စုံစမ်းချင်စိတ်ပေါက်လာတယ်၊ အဲဒီ 'အမည်မသိစာဆို' ဆိုတာ ဘယ်သူများဖြစ်နိုင်မလဲလို့ ငါ ဖော်ထုတ်ချင်လာတယ်၊ ခုတလော ဒီနာမည်ကို တိုက်တိုက်ဆိုင်ဆိုင် ကြားရတာ ဒီရက်အတွင်းကလေးမှာပဲ နှစ်ကြိမ်ရှိပြီဟ"

"အေးဟယ် . . . သူ ဘယ်သူလဲ၊ ဘာဖြစ်လို့ သူများတွေရဲ့ အခက်အခဲတွေကို လျှို့ဝှက်စွာနဲ့ လိုက်ဖြေရှင်းပေးနေခဲ့တာလဲ၊ သူ့ရည်ရွယ်ချက်က ဘာလဲ၊ ငါလည်း သိချင်တယ်၊ ငါလည်း စုံစမ်းပါ့မယ်၊ ငါတို့လိုပဲ စုံစမ်းနေတဲ့သူ အချင်းချင်းလည်း ဆုံနိုင်သေးတာပဲ နော့"

အိန္ဒြေနဲ့လမ်းခွဲပြီးတော့ သူ့ရင်ထဲ တွေးစရာတွေ တပုံတပင် ပါလာခဲ့တယ်။ 'အမည်မသိစာဆို' တဲ့ . . .။

***



"အမည်မသိစာဆို"

ဆိုတဲ့

ဝဲဂယက်တစ်ခုက

သူ့ရင်ထဲကို

စပ်ကြမ်းကြမ်း ဝဲလှည့်ခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

# ၆



www.burmeseclassic.com

www.burmeseclassic.com


(၁)

ခုတလော ကျောင်းထဲမှာ 'အမည်မသိစာဆို' ဆိုသူတစ်ယောက်ရဲ့ သတင်းတွေက တောမီးလိုပဲ ပျံ့နှံ့လို့နေပါတယ်။ တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး လူတိုင်း ဒီအကြောင်းပဲ တဆင့်စကားတွေနဲ့ စည်ကားလွှန်းနေပြီ။ ခက်တာက 'အဲဒီ အမည်မသိစာဆို'ဆိုတဲ့တစ်ယောက်ဟာ မိုးကျရွှေကိုယ်လား မိုးကျနတ်မယ်လား?။ ဘယ်သူဘယ်ဝါမှန်းလည်း မသိ . . .။ ဘယ်လိုပုံပန်းသဏ္ဍာန်ရှိမှန်းလည်း ဘယ်သူမှ မခန့်မှန်းနိုင်။ ဘာအတွက် ဘာရည်ရွယ်ချက်နဲ့ ကျောင်းထဲက လူတော်တော်များများရဲ့ အခက်အခဲတွေ ပြဿနာတွေကို သူက ရှာရှာဖွေဖွေ သိနေခဲ့ပြီး လျှို့ဝှက်တိတ်ဆိတ်စွာ လိုက်ဖြေရှင်းပေးနေမှန်းလည်း မသိ။ သိပ်ဝေးဝေးလိုက်ရှာဖွေစုံစမ်းမေးမြန်းနေစရာ မလိုဘဲ ကန်တင်းတလျှောက် ဆိုင်တကာစုံအောင် လိုက်ထိုင်ထိုင်တိတ်မိရင်ပဲ စကားဝိုင်းတော်တော်များများကို လွှမ်းမိုးထားတဲ့


တံခွန်တိုင်စာ
www.burmeseclassic.com

www.burmeseclassic.com





အကြောင်းအရာဟာ 'အမည်မသိစာဆို'ရဲ့ အကြောင်းတွေချည်းပါ။ ဘုန်းမိုးရဲ့အကျင့်ကိုက တစ်ခုခုကို သိချင်လာပြီဆိုရင် ရေဆုံးရေဖျား လိုက်စုံစမ်းရတာကို အင်မတန် ရူးသွပ်သူပါ။ ဖတ်လိုက်သမျှကလည်း စုံထောက်ဝတ္ထုတွေချည်းဆိုတော့လေ။ ဘုန်းမိုးရဲ့ Idol ဟာ ရှားလော့ဟုမ်းလေ။ ဖြစ်ချင်တော့ ဘုန်းမိုး ကျောင်းကိုလာရင်း ဒီမနက်ခင်းမှာ မမျှော်လင့်ဘဲ accident တစ်ခုနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဘုန်းမိုးက ပြိုင်ဘီးကလေးနဲ့ ကျောင်းတက်လေ့ရှိသူ။ ဖယ်ရီကို တမင်သက်သက်မစီးဘဲ ကျန်းမာရေးအတွက် စက်ဘီးစီးတတ်သူမို့ပါ။ ကျောင်းနားရောက်ခါနီးမှ ကားတစ်စင်းက ရှေ့ကကားကို စွတ်ကျော်တက်ရင်း သူ့ဘက် တည့်တည့် တိုးဝင်လာခဲ့တာ . . .။ သူ သိလိုက်ပြီ . . .၊ သူ့ကို တိုက်တော့မယ်ဆိုတာ။ ချက်ချင်းပဲ စက်ဘီးကိုလွှတ်လိုက်ပြီး သူ သတိကြီးစွာနဲ့ ခုန်ရှောင်ပစ်လိုက်ရပါတယ်။ သူကတော့ ကံကောင်းစွာ လွတ်မြောက်သွားခဲ့ပေမယ့် ကံဆိုးတဲ့သူ့ရဲ့စက်ဘီးကလေးက မလွတ်။ အကြိတ်ခံလိုက်ရပါတယ်။ ကျော်တက်လာတဲ့ကားက နှစ်စင်းအပြိုင်မောင်းနေတဲ့ကားမို့ သူ့စက်ဘီးတက်ကြိတ်သွားတာကို အရေးတောင်မလုပ်။ သူ မဟုတ်တဲ့အတိုင်း တရကြမ်းမောင်းထွက်သွားတော့တာ။ လမ်းမပေါ်မှာ ဒေါသတကြီး လက်သီးလက်မောင်းတန်းပြီး အော်ဟစ်ကျန်ရစ်ခဲ့ပေမယ့် အဲဒီကားရဲ့နောက်မြီးကိုတောင် မမြင်ရတော့။ လူတချို့လည်း ဝိုင်းလာကြပါသေးတယ်။ ကားကြိတ်ခံရတဲ့ဒဏ်နဲ့ တွန့်လိမ်ကြေမွနေတဲ့ စက်ဘီးကလေးကို စုတ်တသပ်သပ်နဲ့ကြည့်ရင်း . . .

"လူ ဘာမှမဖြစ်လို့ တော်သေးတာပေါ့။ အဲဒီ လိုင်းကားသမားတွေ ဒီလိုပဲ အရမ်းကြမ်းတယ်၊ ခရီးသည်လုတင်ဖို့ အမြဲ အပြိုင်အဆိုင် အလုအယက်မောင်းနေကြတာ၊ သူတို့တိုယ်သူတို့ ဂျိမ်း(စ်)ဘွန်း(ဒ်)တွေများ မှတ်နေလား မသိဘူး"

စသဖြင့် မှတ်ချက်ပေးသူက ပေးတယ်။ သူလည်း အသက်မရှိတော့သလို ငြိမ်သက်နေတဲ့ သူ့ပြိုင်ဘီးကလေးကို နှမြောတသစွာနဲ့ ကောက်ထူပြီး မရရအောင်တွန်းရင်း ကျောင်းထဲထိရောက်အောင် ကြိုးစားပြီးတွန်းလာခဲ့တယ်။ နှမြောကြေကွဲမှုနဲ့ သူ့ရင်ဟာ ဆုတ်ဖြဲခံရသလို ကြေမွလို့၊ ဒီစက်ဘီးကလေးရဖို့အတွက် သူ ကျောင်းမတက်ရသေးခင်ကာလတွေတုန်းက ရသမျှအလုပ်တွေလုပ်ပြီး ပိုက်ဆံစုခဲ့ရတာ။ သူ အမြတ်တနိုး တန်ဖိုးထားလွန်းတဲ့အရာကလေးပါ။ မှတော့ ဖျတ်စီးသွား









www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ မြင်လို့ပင်မကောင်း။ ယောက်ျားတစ်ယောက် ဖြစ်နေလို့သာ။ ကလေးတစ်ယောက်လို ရှိုင်ကြီးတငင် သူ ငိုချင်နေတာ။ ဘယ်သူ့ကို ပေါက်ကွဲပစ်ရမယ်မှန်းသည်း မသိ။

စက်ဘီးအကွန့်အလိမ်ကြီးနဲ့ ကျောင်းထဲဝင်လာတဲ့ သူ့ကို ကျောင်းသား ကျောင်းသူတချို့က တအံ့တသြကြည့်သွားကြတယ်။ တချို့ကလည်း ဘာဖြစ်လာတာလဲ? လို့ ဝိုင်းမေးကြတယ်။ သူ့မှာ စိတ်ရှုပ်ရတဲ့အထဲ အများသူငှာကို ဖြေရှင်းပြနေရတာက အလုပ်တစ်ခု။ နောက်ဆုံးတော့ စက်ဘီးကလေးကို သူထားနေကျ နေရာမှာပဲ အမြဲတန်းထောင်ထားခဲ့ပြီး သူငယ်ချင်းတွေနဲ့ စုရပ်ဖြစ်တဲ့ ကဖေးဆိုင်ကလေးဆီ ထွက်လာခဲ့တယ်။ ခါတိုင်းတော့ စက်ဘီးပျောက်မှာစိုးလို့ တိုင်မှာချည်ပြီး သော့နဲ့ခတ်ခဲ့နေကျ။ ဒီနေ့တော့ သူ မချည်တော့ပါဘူး။ ယူချင်ရင်လည်း ယူကြပေတော့ . . . လို့ စိတ်လျှော့လိုက်မိတယ်။ ပြန်ပြင်ဖို့တောင် လွယ်ပါ့မလား မသိပါဘူးလေ။

ကျန်တင်းရောက်တော့ မျက်စိမျက်နှာပျက်လာတဲ့ သူ့ကို သူငယ်ချင်းတွေ ဝိုင်းမေးတာနဲ့ အဖြစ်အပျက် အကြောင်းစုံကို ဒေါသတကြီး ပြောပြမိတယ်။ သူငယ်ချင်းတွေကလည်း စိတ်မကောင်းကြဘူး။ တောက်တခတ်ခတ်နဲ့။





"လူတွေကွာ . . . တစ်ယောက်နဲ့တစ်ယောက် စာနာငဲ့ညှာတတ်တဲ့ စိတ်ဓာတ်ကလေးတွေများ ရှိရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ သူတစ်ပါး နစ်နာပျက်စီးပြီး ကျန်ရစ်ခဲ့တာကို သူတို့ ဘယ်လိုမှ မခံစားရဘူးလား၊ ခုခေတ်မှာ လူတွေရဲ့စိတ်ဓာတ်တွေနဲ့ နှလုံးသားတွေ ဘယ်လောက်ပျက်စီးဖောက်ပြန်ကုန်ပြီလဲ၊ ငါ မတွေးတတ်တော့ဘူး၊ ကိုယ့်ကြောင့် သူများမှာ ဘယ်လောက် ထိခိုက်သွားနိုင်မလဲ ဆိုတာလေးပဲ တွေးကြည့်တတ်ရင် ကိုယ်ချင်းစာတတ်တဲ့စိတ်ကလေးတော့ ပေါ်လာသင့်ပါတယ်ကွာ . . ."

ဟု . . . သူ ခပ်ညည်းညည်းကလေး ပြောမိတယ်။ သူ့ရင်ထဲမှာ စိုက်ဝင်နေတဲ့ နှမြောကြေကွဲစိတ်ကို တော်တော်နဲ့ ဆွဲမထုတ်နိုင်ခဲ့ဘူး။

"အေးကွာ . . . ငါတို့ စိတ်တောင်မကောင်းဘူး၊ မင်းစက်ဘီးက ပြင်လို့ရောရပါဦးမလား၊ နောက်နေ့ ဘယ်လိုလုပ်ကျောင်းလာမတုံးကွ"

"မတတ်နိုင်ဘူးကွာ၊ ဘတ်(စ်)နဲ့ပဲ နှစ်ပါးသွားရတော့မှာပေါ့၊ ရအောင်တော့ ပြင်ရမှာပဲ၊ လူ ဘာမှမဖြစ်တာပဲ



www.burmeseclassic.com

www.burmeseclassic.com





ကံကောင်းတယ်လို့ အကောင်းဘက်က ဖြေတွေးရမှာပဲ"

သူ စိတ်ကိုလျှော့ထားလိုက်ပါတော့တယ်။ သူ ဘာမှ မတတ်နိုင်တဲ့ ပျက်စီးဆုံးရှုံးမှုအတွက် စိတ်ထိခိုက်ကြေကွဲနေရင် သူ ပိုဆုံးရှုံးရုံပဲရှိမှာပေါ့။ သူ့စိတ်ကို ဘယ်အရာနဲ့မှ အထိခိုက်မခံနိုင်ပြန်ပါ။ ဒါပေမယ့်လည်း တစ်နေ့လုံးလုံး သူ ကျောင်းတက်ရတာ စိတ်ပါလက်ပါမရှိတော့။ တက်တက်ကြွကြွ မရှိတော့။ မျက်စိထဲမှာ သူ့ပြိုင်ဘီးကလေးရဲ့ အကောင်း ပကတိ မြင်ကွင်းကလေးကိုပဲ မြင်နေမိတော့တာ။

ဒီလိုနဲ့ ကျောင်းဆင်းချိန်ရောက်တော့ သူ့စက်ဘီးကလေးထားခဲ့တဲ့နေရာဆီ ခေါင်းငိုက်စိုက်နဲ့ လျှောက်လာမိတယ် . . .။ သူ့ငယ်ချင်းတွေလည်း ပါလာတယ်။

"ဟာ . . . ဘုန်းမိုး"

ဆိုတဲ့ ကောင်းမြတ်ရဲ့ အာမေဍိတ်သံ . . . သူ့ရင်တစ်ခုလုံး နွေးအုံ့သွားပြီး လူတစ်ကိုယ်လုံး မြောက်တက် လွင့်စင်သွားသလို ခံစားလိုက်ရတယ်။ အံ့ဩလွန်းလို့ သူ့မျက် လုံးတွေ ပြူးကျယ်ပြီး စကားကို မပြောနိုင်ခဲ့တာပါ။ နှလုံးသား က တဒိန်းဒိန်းဆောင့်ခုန်လာတယ်။ သူ့မျက်လုံးတောင် မယုံနိုင်ခဲ့။ သူ့ရဲ့ ကြေမွတွန့်လိမ်နေတဲ့ စက်ဘီးကလေးနေ



မှာ ပြိုင်ဘီးအသစ်ကလေးတစ်စင်းက သူ့ကို လှမ်းပြီး နှုတ်ခွန်းဆက်နေသလို။ သူ အရင်က ထားလေ့ရှိသလို စက်ဘီးကလေးကို သော့ခတ်ရက်သား။ ဒါပေမယ့် သော့တံကို လာပေးသူက ကျောင်းထဲက ရေသန့်လိုက်ရောင်းနေတဲ့ ကောင်လေးပါ။

"အစ်ကို . . . ဒီမှာ သော့ဗျ"

"ဟာ . . . ဟေ့ကောင်၊ ဒီသော့ မင်းကို ဘယ်သူပေးခဲ့တာလဲ . . . ?၊ အခု သူ ဘယ်မှာလဲ . . . ?"

သူ အလုအယက် အမောတကော မေးလိုက်မိပေမယ့် ဘာအဖြေမှမရနိုင်ဘူးဆိုတာ ကောင်လေးရဲ့ မျက်ခန်းတွေက သက်သေခံလို့ . . .။

"မသိဘူးဗျ . . . 'အမည်မသိစာဆို' တဲ့ . . ."

"ယောက်ျားလား . . မိန်းမလား . . ? ကားနဲ့လား?"

"မသိဘူးဗျ . . .၊ သူက ဘာမှ မပြောရဘူးတဲ့၊ ကျွန်တော်ပြောရင် သူ ပြန်သိတယ်တဲ့၊ သူ စောင့်ကြည့်နေမယ်တဲ့၊ သွားတော့မယ်ဗျ"

ကောင်လေးက တချိုးတည်း သုတ်ခြေတင်လစ်သွားလေရော။ သူနဲ့ သူ့ငယ်ချင်းတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း မျက်လုံးချင်းစကားများစွာပြောမိကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂဂ်ီက ပခုံးတွန့်ပြတယ်။ 'အမည်မသိစာဆို' ဆိုတဲ့ ဝဲဂယက်တစ်ခုက သူ့ရင်ထဲကို ခပ်ကြမ်းကြမ်းဝဲလှည့်ခဲ့ပါပြီ။ သူ့ရဲ့ အဖြစ်အပျက်ကို အစအဆုံး မသိထားဘဲ ဒီစက်ဘီးအသစ်ကလေး ဒီနေရာမှာလာထားဖို့ မဖြစ်နိုင်ပါဘူး။ သူ ဘယ်သူလဲ . . ? ဘာကြောင့်များ သူဟာ အရာရာကို သိမြင်နေနိုင်ရတာလဲ . . ? ပြီးတော့ သူဟာ ဘယ်လောက်ချမ်းသာနေလို့ ဒီလောက်လူတကာအပေါ် ဖြည့်ဆည်းပေးနိုင်စွမ်းရှိနေရတာလဲ ?. အသိချင်ဆုံးက သူ့ရည်ရွယ်ချက်က ဘာလဲ ?။

"အမည်မသိစာဆိုကတော့ ငါ့နှလုံးသားကို လှုပ်လှုပ်ခတ်ခတ်ဖြစ်အောင် လာဆော့ကစားသွားပြီကွာ၊ သူ ဘယ်သူလဲဆိုတာ သိအောင်စုံစမ်းချင်စိတ်ကို ဘာနဲ့မှ တားလို့မရတော့ဘူး၊ မနက်ဖြန်ကစပြီး စစ်ဆင်ရေး စ,မယ်ကွာ၊ မင်းတို့ သဘောတူကြလား? . . ."

"သိမ်တူတာပေါ့ကွာ၊ သူ့ကိုယ်သူ Secret Millionaire လုပ်နေတဲ့ လူတစ်ယောက်ကို သူ ဘာလဲ ဘယ်လဲဆိုတာ သိအောင်လုပ်ချင်သေးတာပေါ့၊ ငါတို့လိုပဲ သိချင်နေတဲ့လူတွေ အများကြီး"

"သူ့စိတ်ဓာတ်လေးက အရမ်း ချစ်စရာ၊ လေးစားစရာ





တော့ ကောင်းတယ်ကွာ၊ ဘယ်သူ ဒါမျိုးလုပ်နိုင်မလဲ၊ ကိုယ်နဲ့ သွေးမတော် သားမစပ် ဘာမှမဆိုင်တဲ့လူတွေရဲ့ ပြဿနာတွေ၊ အခက်အခဲတွေကို လူမသိ သူမသိအောင် လိုက်ပြီး ဖြေရှင်းပေးဖို့ဆိုတာ တော်တော်မလွယ်တဲ့ ကိစ္စကွ"

"အေးလေ . . . တချို့များ တစ်ခုခု ကူညီပေးပြီးရင် ကျေးဇူးအတင်ခံချင်လွန်းလို့ သူ့ဂုဏ်သူဖော်လိုက်ရတာအမော၊ ဒီလိုခေတ်ကြီးထဲမှာ သူ့ဘက်က ဘာကိုမှ မျှော်လင့်မထားဘဲ ကျေးဇူးအတင်ခံရမှာစိုးလို့တောင် လျှို့ဝှက်ထားသေးတာ"

"သူ့မှာ ရည်ရွယ်ချက်တစ်ခုခု အကြောင်းတစ်ခုခုတော့ ရှိနေလိမ့်မယ်၊ အဲဒါကို ငါ သိချင်တယ်"

ဘုန်းမိုးက စက်ဘီးကလေးကို အမြတ်တနိုး ခြောင်းကလေးတွေနဲ့ ထိတို့ပွတ်ဆွဲရင်း ရင်ထဲမှာ ပြော တတ်တဲ့ ကြည်နူးပျော်ရွှင်မှုကလေးကို ခံစားလိုက်ရတယ်။ ယ်တော့ သူ ပျော်သွားခဲ့မိတာ အမှန်ပါပဲ။ ဆုံးရှုံး ခဲ့ပြီလို့ စ်ချတွေးထားခဲ့ပြီးမှ လုံးဝ မျှော်လင့်မထားဘဲ ပြန် တ်သောအခါ ဖြစ်ပေါ်လာတဲ့ ပျော်ရွှင်ကြည်နူးမှုဟာ



www.burmeseclassic.com

www.burmeseclassic.com

တိုင်းတာလို့တောင် မရနိုင် . . .။

"ကဲ . . . ငါ ဘာလုပ်ရမလဲဆိုတာ ဒီတစ်ညလုံး စဉ်းစားမယ်ကွာ၊ မင်းတို့လည်း စဉ်းစားခဲ့ကြ၊ homework ပေါ့"

"ဘုန်းမိုး . . . မင်း တော်တော်ပျော်သွားတယ်မှလား မင်းမျက်နှာက သိသာလိုက်တာကွာ၊ မနက်ကကျတော့ ဖြင့် ရည်းစား လင်နောက်လိုက်သွားတဲ့မျက်နှာနဲ့ လဒ မှိုင် မှိုင်နေတာ တစ်နေ့လုံး၊ ခုကျတော့ ဘာမှကို မဆိုင် ဘူး"

"ဒါကတော့ကွာ . . . မင်းတို့ ကိုယ်ချင်းစာကြည့်လေ ငါ့ရဲ့ ဘီးကလေးကွာ၊ ငါ ဘယ်လောက် မျက်မောသလဲ ဆိုတာ၊ သေပြီးမှ ပြန်ရှင်လာသလိုပဲကွာ၊ ကဲ . . . လစ်ပြီ၊ ဟော့ကောင်တွေ မနက်ဖြန်ဆုံမယ်"

သူ စက်ဘီးပေါ် တက်ပြီး နင်းထွက်လာခဲ့တယ် သူ့ရင်တစ်ခုလုံး လေအဟုန်ကိုခွင်းလို့ ပေါ့ပါးလွတ်လပ်စွာ။ 'အမည်မသိစာဆို' ဆိုတဲ့တစ်ယောက်ကို သူ ဘယ်လောက် ကျေးဇူးတင်နေမိမှန်း စကားလုံးတောင် ရှာဖွေလို့မရနိုင်။

***





ကောင်မလေးရေ...

မင်းအကြည့်တစ်ချက်ကြောင့်သာ

ကြယ်တွေမြေခ ရစတမ်းဆိုရင်

ကောင်းကင်ထက်မှာ

ကြယ်တွေနေစရာတောင် ရှိတော့မှာမဟုတ်ဘူးကွယ့်...



www.burmeseclassic.com

www.burmeseclassic.com

# ဂ



www.burmeseclassic.com

www.burmeseclassic.com


(၇)

သူ့ရဲ့ 'အမည်မသိစာဆို ရှာဖွေခြင်း စစ်ဆင်ရေး' စာမျက်နှာ အဖွင့်က သူ မျှော်လင့်ထားတာထက်တောင်ပိုပြီး အုတ်အုတ်ကျက်ကျက် စည်ကားနေသေးတော့တယ်။ ပထမဆုံး သူလုပ်ခဲ့တာက သူကိုယ်တိုင် လက်ရေးပန်းချီနဲ့ ရေးဆွဲထားတဲ့ လက်ကမ်းကြော်ငြာစာရွက်ကလေးတွေကို ကျောင်းရဲ့ နေရာအနှံ့မှာရော နို့တစ်(စ်)ဘုတ်တွေမှာ ကဲန်တင်းမှာ ကပ်လို့ရသမျှ လိုက်ကပ်ခဲ့တာပါ။ ပိုသမျှကိုလည်း ကြုံသမျှကျောင်းသား ကျောင်းသူတွေရဲ့လက်ထဲ ကမ်းခဲ့ပါသေးတယ်။ ရလာဒ်ကတော့ သူ ချိန်းထားတဲ့နေရာမှာ ချိန်းထားတဲ့အချိန်လည်း ရောက်ရော ရောမလူတန်းကြီးတစ်တန်း တန်းစီတိုးဝှေ့လို့နေ



www.burmeseclassic.com

www.burmeseclassic.com





တော့တာပါ။ အဲဒီလူတွေအားလုံးဟာ 'အမည်မသိစာ... ဘယ်သူလဲဆိုတာ သိချင်လို့ သိဖို့ရောက်လာခဲ့သူတွေချည်း... သူ့ရဲ့ ထက်တမ်းကြော်ငြာကိုလည်း ကြည့်လေ . . .။

" 'အမည်မသိစာဆို' ကို တွေ့ချင်သူ၊ သိချင်သူမှာ နေ့လည်ဆယ့်နှစ်နာရီအတိမှာ ကျောင်းကန်တင်းရှိ ဆုံစည်းရာ' စားသောက်ဆိုင်သို့ လာခဲ့ပါ"

ဆယ့်နှစ်နာရီမထိုးခင် သူ ဆုံစည်းရာကိုရောက် သွားတော့ ဆိုင်ထဲမှာ လူတွေ ကြိတ်ကြိတ်တိုး စည်ကား... နေပြီ။ ဆိုင်ရှင်ကတော့ ဘုမသိ၊ ဘမသိနဲ့ ထိုင်စရာနေရာ မကျန်တော့လောက်အောင် သူ့ဆိုင် လူစည်ကားတာကို ... နပ်ပျော်ရွှင်လို့ . . .။ ရောက်လာခဲ့သမျှလူတွေကလည်း တ... ခုခုတော့ မှာကြတာမို့ လက်မလည်အောင် ရောင်းနေရတယ် လေ။

"ဟာ . . . ဟော့ကောင်၊ ကြည့်လည်းလုပ်ဦး၊ မင်း လူ တွေ မင်းနိုင်ပါ့မလား၊ နည်းနည်းနောနော မဟုတ်ဘူး ကွ"

ဂင်္ဂါက လူအုပ်ကြီးကိုကြည့်ပြီး ခပ်သဲ့သဲ့ပြော တယ်။ သူက ရင်ခုန်စိတ်လှုပ်ရှားနေပေမယ့် မင်သေသေနဲ့ပါ...

...အားပွဲတစ်လုံးမှာနေရာယူလိုက်ပြီး လူအုပ်ကြီးကို ဝေ့ကြည့်အကဲ ခတ်မိတယ်။ အားလုံးရဲ့ မျက်နှာတွေက စိတ်ဝင်တစား။

"ကျေးဇူးပြုပြီး ခဏလေးငြိမ်ပြီး ကျွန်တော်ပြောတာကို နားထောင်ပေးပါခင်ဗျာ၊ လက်ကမ်းစာရွက်တွေကပ်တာ ကျွန်တော်ပါ၊ ကျွန်တော့်နာမည် ဘုန်းမိုးသွန်းပါ၊ ပထမ နှစ် စိတ်ပညာကပါ၊ 'အမည်မသိစာဆို' ဆိုတာ ကျွန် တော်မဟုတ်ပါဘူး၊ ခင်ဗျားတို့လိုပဲ ကျွန်တော်လည်း သူ ဘယ်သူလဲဆိုတာ အရမ်းသိချင်နေတဲ့ လူတစ်ယောက် ပါ၊ ကျွန်တော် သေချာပေါက် ပြောနိုင်တာတစ်ခုကတော့ ဒီလူအုပ်ကြီးထဲမှာ ကျွန်တော်တို့သိချင်နေတဲ့ 'အမည် မသိစာဆို' ဆိုတဲ့ လူတစ်ယောက် ရှိနေနိုင်ပါတယ်၊ ဟုတ် တယ် သူ ရှိနေပါတယ်၊ ရှိနေခဲ့တယ်ဆိုရင် သူသိအောင် အားလုံးရဲ့ကိုယ်စား ကျွန်တော်ပြောချင်ပါတယ်၊ ကျွန် တော်တို့ရဲ့ အခက်အခဲတွေ . . ပြဿနာတွေကို ကျွန် တော်တို့မသိအောင် လျှို့ဝှက်တိတ်ဆိတ်စွာနဲ့ ကူညီဖြေ ရှင်းပေးနေတာကို ကျွန်တော်တို့အားလုံးက ကျေးဇူး အရမ်းတင်နေပါတယ်၊ ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကား ထက်ပိုပြီး လေးနက်ထိရောက်တဲ့ စကားလုံးရှိရင် အဲဒီ





www.burmeseclassic.com

www.burmeseclassic.com



စကားလုံးနဲ့ ကျွန်တော် မှတ်တမ်းတင်ချင်ပါတယ်၊ ဒီထဲမှာ ထိုင်နေကြတဲ့လူတွေထဲက လူတိုင်း 'အမည်မသိစာဆို'ရဲ့ ကူညီပေးမှုကို ခံယူဖူးတဲ့သူတွေချည်းပါ၊ ကိုယ့်အခက်အခဲကို ကူညီဖြေရှင်းပေးတဲ့သူတိုင်းကို ကျေးဇူးတင်စကားပြောခွင့်ပေးတာဟာ ယဉ်ကျေးမှုတစ်ခုပါလို့ ကျွန်တော် နားလည်ထားပါတယ်၊ ဒါကြောင့် ကျွန်တော်ကစပြီး ကျွန်တော့်ရဲ့အခက်အခဲကို 'အမည်မသိစာဆို' ကူညီဖြေရှင်းပေးခဲ့တာလေးကို ပြောပြပါ့မယ်၊ ပြီးရင် ဒီထဲက တစ်ယောက်ချင်းစီ ကိုယ့်ဖြစ်စဉ်ကလေးတွေ ကိုယ်စီပြောပြပေးပါ၊ ဒီအထဲမှာ ရှိနေနိုင်တဲ့ 'အမည်မသိစာဆို'ကို စုပေါင်းဂုဏ်ပြုတဲ့ပွဲကလေးဆို ပိုမှန်ပါလိမ့်မယ်"

သူကစပြီး သူ့ရဲ့ စက်ဘီးပြဿနာ၊ ကန်တင်းထဲက ပြဿနာကိုတော့ ကောင်းမြတ်က ထ,ပြောပါတယ်။ အဲဒီနောက်တော့ တစ်ယောက်ပြီးတစ်ယောက် လက်ဖဝါးကလေးတွေထောင်ပြီး ခွင့်တောင်းကာ သူတို့ရဲ့ ပုံပြင်ကလေးတွေကို တဖွဲ့တနွဲ့ စီကာပတ်ကုံး ပြောပြပါတော့တယ်။ အိန္ဒြေလည်း ပါ,ပါတယ်။ ကြားရသမျှ ပုံပြင်တွေတိုင်းဟာ လူတိုင်းရဲ့ရင်ကို





လှုပ်လှုပ်ခတ်ခတ် ထိခိုက်စေနိုင်စွမ်းလှပါတယ်။ တချို့ဆို အသံကလေးတွေ တုန်လို့၊ မျက်ရည်ကလေးတွေ ရစ်ဝိုင်းလို့။ ကန်တင်းထဲမှာရှိနေသမျှ လူတိုင်းရဲ့မျက်နှာတွေကို အကဲခတ်နေမိရင်း ဘယ်သူဟာ 'အမည်မသိစာဆို' ဖြစ်နိုင်မလဲလို့ သူ စူးစမ်းအကဲခတ်နေမိချိန်မှာပဲ မျက်နှာကလေးတစ်ခုကို ဘုန်းမိုးဖျတ်ခနဲ တွေ့လိုက်ရတာပါ။ အဲဒီတဒင်္ဂလေးမှာပဲ သူ့ရင်ထဲဒုတ်ခနဲ ဆောင့်ခုန်သွားခဲ့တာပါ။ ဟော . . . သူမကို တွေ့ရပြန်ပြီ။ ခေါင်းမှာ ပိုးပုဝါလှလှကလေးနဲ့ ဆံနွယ်တွေကို မမြင်ရအောင် စည်းနှောင်ထားတဲ့ ထူးခြားစွာ ကြည်လင်လင်းလက်ပြီး ပြုံးရိပ်သမ်းနေတဲ့ မျက်နှာကလေးတစ်ခု။ သူမက ပြုံးပြုံးကလေးနဲ့ လူတကာရဲ့မျက်နှာကို လိုက်ကြည့်နေခဲ့ရင်း ပုံပြင်တွေအားလုံးကို စိတ်ပါဝင်စားစွာ လိုက်နားထောင်နေခဲ့တာပါ။ သူမကိုမြင်ရပြီးကတည်းက ဘုန်းမိုးမျက်ဝန်းတွေကို တခြားတစ်နေရာဆီ ရွှေ့လွှဲလို့မရတော့တာပါ။ သူမကို စောင့်ကြည့်ရမယ်၊ တစ်ယောက်ပြီးတစ်ယောက် ထ,ပြီးပြောပြနေသူတွေထဲမှာ အကယ်၍ သူမ မပါခဲ့ဘူးဆိုလျှင် . . .။ သူ့အတွေးကို သူမက ရိပ်မိသွားတဲ့အလား သူ့ဆီ ဖျတ်ခနဲ လှမ်းကြည့်လာပါတယ်။ သူ့ရဲ့ သံသယမျက်ဝန်းတွေနဲ့ ရင်ဆိုင်မိကြချိန်မှာ သူမက



www.burmeseclassic.com

www.burmeseclassic.com





ဘာမှမဖြစ်သလို ကြည်ကြည်ကလေး ဖွတ်ခနဲ ပြုံးမြခဲ့ပါတယ်။ အဲဒီနောက် သူ လုံးဝထင်မထားတဲ့အလုပ်တစ်ခု ကို သူမ လုပ်လိုက်ပါတယ်။ အဲဒါကတော့ လက်ဖဝါးကလေး မြှောက်ထောင်ပြလိုက်ပြီး တစ်ခုခုပြောပြဖို့ သူမ ထ,ရပ်လိုက်တာပါ။ ဘုန်းမိုးရဲ့ မျက်ဝန်းတွေကတော့ သူမဆီကနေ မခွာနိုင်ခဲ့ပါဘူး။

"ကျွန်မရဲ့ပုံပြင်ကတော့ အဲဒီနေ့က မိုးတွေအရမ်းရွာနေခဲ့တယ်၊ လေတွေကလည်း အရမ်းတိုက်တာပဲရှင်ဖြစ်ချင်တော့ ကျွန်မဆောင်းလာတဲ့ထီးရွက်ကလေးလွင့်ပြီး ပါသွားခဲ့တယ်၊ လိုက်ဖမ်းပေမယ့် မမီတော့ တာနဲ့ကျွန်မလည်း မိုးရွာကြီးထဲမှာပဲ အတန်းဘက်ပြေးခဲ့ရပါတယ်၊ စိတ်ထဲမှာတော့ ကျွန်မရဲ့ထီးကလေးဆုံးသွားပြီပေါ့ရှင်၊ နောက်တစ်နေ့မှာ ကျွန်မ ကျောင်းတက်လာထိုင်တော့ ကလေးတစ်ယောက် ကျွန်မကိုထီးအသစ်ကလေးတစ်ချောင်း လာပေးတယ်၊ ကျွန်မရဲ့ထီးလို ပိုးသားအပွင့်ကလေးနဲ့တော့ မဟုတ်ပေမယ့်ချစ်စရာအဆင်လှလှကလေးပါပဲ၊ မနေ့က ကျွန်မရဲ့အဖြစ်ကို သူ မြင်ထားပုံရပါတယ်၊ အဲဒါနဲ့ ကျွန်မ

ကလေးကို ဘယ်သူပေးခိုင်းတာလဲလို့ မေးကြည့်တော့ 'အမည်မသိစာဆို' တဲ့ . . .၊ အဲဒီတစ်ခွန်းကလွဲပြီး ကျွန်တာ ဘာမှ မေးလို့မရပါဘူး"

သူမ စကားပြောဟန်ကလေးကို ဘုန်းမိုး မျက်တောင်မခတ်စတမ်း ငေးကြည့်နေခဲ့မိတာပါ။ အသေအချာအတိအကျပြောရရင် အသက်ရှူဖို့တောင် မေ့နေခဲ့ပါတယ်။ ဘယ်လိုကလေးမှန်းမသိ ယဉ်စစ ချစ်စဖွယ်နဲ့ နန်းဆန်ဆန်မျက်နှာကလေးပါ။ ယဉ်ကျေးချိုသာပြီး အပြစ်ကင်းစင် ကြည်သင်တဲ့မျက်နှာကလေးမှာ သဘောကောင်းစိတ်ထားဖြူတဲ့အသွင်ကလေးက ထင်ရှားနေပါတယ်။ အထူးခြားဆုံးက ပြုံးရိပ်တလေးသမ်းနေတဲ့ ဖူးငုံသွေးကြွယ် နှုတ်ခမ်းအစုံကလေးပါပဲ။

"တဆိတ်လောက် . . . မင်းရဲ့နာမည်နဲ့ အတန်းကလေး ပြောပြပေးလို့ရမလား မသိဘူး"

ဘုန်းမိုးနှုတ်ကနေ မထင်မှတ်ဘဲ ထွက်သွားခဲ့ တဲ့မေးခွန်းကလေးပါ။ သူမက မျက်လုံးဝိုင်းကလေးတစ်ချက် ဝင့်ခနဲ လှမ်းအကြည့်မှာ ဘုန်းမိုးရဲ့ရင်အစုံဟာ လှုပ်ခါရမ်းခံထိတ်ရသလိုပဲ ဝုန်းဒိုင်းကြွသွားတယ်။ ကောင်မလေးရေ . . . မင်းအကြည့်တစ်ချက်ကြောင့်သာ ကြယ်တွေ မြေခ,ရစတမ်း





www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ကောင်းကင်ထက်မှာ ကြယ်တွေနေစရာတောင် ရှိတော့မှာ မဟုတ်ဘူးကွယ့်။

"ကျွန်မက 'နဂိုယဉ်' ပါ၊ မြန်မာစာ ပထမနှစ်ကပါ"

သူမက တခြားသူတွေလို တွန့်တွန့်တိုတိုမရှိပါဘဲ ရိုးရိုးသားသားပဲ အဖြေပေးပါတယ်။

"ဟော့ကောင် ဘုန်းမိုး၊ မင်းက ဘာထ,ကြောင်တာလဲ ကွ၊ လိုင်းတွေပူးကုန်ပြီနော်၊ မင်း ဘာကြောင့်မေးလဲဆို တာ ငါ သဘောပေါက်တယ် သယ်ရင်း၊ ဒီလူအုပ်ကြီး က သူတို့သိချင်တဲ့ 'အမည်မသိစာဆို' အကြောင်း သိ ချင်လို့ သဲလွန်စ,ရလိုရငြား ရောက်လာကြတာနော်၊ အဲဒါကို မင်း ဘယ်လိုဖြေရှင်းပေးမှာတုံး၊ အရေးထဲ ဝင်ပြီး ကြောင်ချင်နေသေးတယ်"

ဂင်္ဂါက သူ့ကို တံတောင်နဲ့တွက်ပြီး ခပ်တိုးတိုး သတိပေးပါတယ်။ တခြား ကျောင်းသူကျောင်းသားတွေက သူတို့ရဲ့ 'အမည်မသိစာဆို' ပုံပြင်တွေကို တစ်ယောက်ပြီးတစ်ယောက် ဆက်ရွတ်လို့ကောင်းဆဲပါပဲ . . .။ တကယ်လည်း အားလုံးက စိတ်ဝင်စားဖို့ကောင်းလှပါတယ်။ ကန်တင်းထဲမှာ သူငယ်ချင်းတွေကို မုန့်ကျွေးပြီး celebrate လုပ်နေပြီး





အမှတ်မထင် မွေးနေ့လက်ဆောင် လာပေးခံရတာမျိုး။ ဘယ်သူကပေးခိုင်းတာလဲဆိုတော့ 'အမည်မသိစာဆို' တဲ့။ ဖိနပ်ပြတ်သွားတဲ့ ကျောင်းသူတစ်ယောက်ဆီ ညနေကျောင်းဆင်းခါနီးမှာ ဖိနပ်လာပေးခံရတာမျိုး။ တချို့ပုံပြင်တွေက ခပ်ဆင်ဆင်။ ဥပမာ . . . ကျောင်းလခ စိုက်ပေးခံရတာ၊ ကန်တင်းမှာ စားသောက်ပြီးချိန်မှာ ရှင်းပေးသွားခဲ့တာ၊ ပိုက်ဆံအိတ်ပျောက်သွားတဲ့သူ နောက်တစ်နေ့မှာ ပိုက်ဆံအိတ်အသစ်ကလေး ပြန်ပေးခံရတာ . . . စသဖြင့် စုံလင်လှပါတယ်။ အားလုံးပြောပြလို့ ဆုံးသွားချိန်မှာ ဘုန်းမိုးက စကားပြောဖို့ ထ,ရပ်လိုက်ပါတယ်။

"အားလုံးရဲ့ ဖြစ်စဉ်ကလေးတွေကို နားထောင်ပြီးတဲ့အချိန်မှာ ကျွန်တော် ကောက်ချက်ဆွဲမိတာ တစ်ခုကတော့ အဲဒီ 'အမည်မသိစာဆို' ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ကျောင်းသားကျောင်းသူတွေရဲ့ အခက်အခဲတွေကို လျှို့ဝှက်တိတ်ဆိတ်စွာနဲ့ ကူညီဖြေရှင်းပေးနေတယ်ဆိုတာ ထင်ရှားပါတယ်၊ ကျွန်တော်သိချင်တာက သူ ဘာဖြစ်လို့ အဲဒီလို လုပ်နေရတာလဲ ? . . သူ့ရည်ရွယ်ချက်က ဘာလဲ ? . . အခုလို လူတိုင်းက သိချင်လာအောင်



www.burmeseclassic.com

www.burmeseclassic.com





စိတ်ဝင်စားလာအောင် Hero လုပ်ချင်နေတဲ့ သဘောလား ?.. ပုံစံတစ်မျိုးနဲ့ ပေါ်ပြူလာဖြစ်စေချင်တဲ့ ပရိယာယ်လား ?.. ဒါမှမဟုတ် လူသိမခံနိုင်လောက်တဲ့ ချွတ်ယွင်းချက်တစ်ခု ရှိနေလို့များလား ?.. ကဲ ခင်ဗျားတို့ရော ဘယ်လိုထင်လဲ ?.. ခင်ဗျားတို့ရဲ့ ထင်မြင်ချက်တွေ ဝေဖန်သုံးသပ်မှုတွေကို ကြိုဆိုပါတယ် ... ပြောပြကြပါဦး"

တကယ်တော့ သူက ပွဲကို မဆူ ဆူအောင် လှုပ်နှိုးလိုက်တဲ့သဘောပါ။ ဒီလူအုပ်ထဲမှာ 'အမည်မသိစာဆို' ဆိုသူ ရှိကိုရှိနေရမယ်လို့ သူ ယုံကြည်ထားတယ်လေ။ ပြီးတော့ သူ့ရဲ့မျက်ဝန်းတွေ 'နဂိုယဥ်' ဆိုတဲ့ ကောင်မလေးဆီ ငါးစက္ကန့်တစ်ခါလောက် ရောက်ရှိသွားမိတတ်တာကိုလည်း သူ မထိန်းချုပ်နိုင်ခဲ့ဘူး ...။

"သေချာတာကတော့ သူ စိတ်ကောင်းစေတနာကောင်းရှိတာ .. ရက်ရောတတ်တာကိုတော့ အသိအမှတ်ပြုရမှာပဲ"

"ပိုက်ဆံတွေ ဆိပ်ပေါ်နေလို့လည်း ဖြစ်မယ်၊ ဒါမျိုးတော်ရုံလူ မလုပ်နိုင်ဘူးလေ"

"သူ တစ်ယောက်တည်း ဟုတ်ပုံမရဘူး၊ လျှို့ဝှက်ဖွဲ့ထားတဲ့ အဖွဲ့ကလေးတစ်ခုများ ဖြစ်နေမလား ?.. ဘာလို့လဲဆိုတော့ နေရာအနှံ့ကပြဿနာတွေကို သူ ဘယ်လိုလုပ်သိနိုင်မလဲ ?.. သိပြီးရင် ဖြေရှင်းပေးရတာရှိဦးမယ်၊ ဥပမာ မနက်က ပျက်စီးသွားခဲ့တဲ့ အရာတစ်ခုကို ညနေမှာ ပြန်လျော်ပေးနိုင်ဖို့အတွက် ကျောင်းပြင်ထွက်ပြီး ပစ္စည်းပြန်ဝယ်ရဦးမှာကိုး ..."

စသဖြင့် ... တစ်ယောက်တစ်ပေါက် ထင်မြင်ချက်တွေ ဝိုင်းပေးနေကြတာမို့ ဆိုင်ကလေးတစ်ခုလုံး လှုပ်ခါနေသလို ကြွက်စီကြွက်စီ ရှိနေပါတော့တယ်။ အဲဒီခဏမှာ 'နဂိုယဥ်' ကလည်း လက်ဖဝါးကလေးမြောက်တက်လာပြီး ထ, ဆိုပါတယ်။ သွယ်လျလျနဲ့ ကန့်ကလျ သူမရဲ့ဟန်ကလေးက ရိုးရိုးရှင်းရှင်းကလေးနဲ့ကို မဟာဆန်နေတော့တာပါ။

"သူကြည့်ရတာ လူတွေကို စိတ်ချမ်းသာပျော်ရွှင်စေချင်တယ်ထင်ပါတယ်၊ လူတိုင်း ဆုံးရှုံးသွားတဲ့အရာကလေးတွေကို တစ်နည်းနည်းနဲ့ ပြန်ရလိုက်တဲ့အခါတိုင်းမှာ အနည်းနဲ့အများတော့ စိတ်ချမ်းသာပျော်ရွှင်ကြမှာပါလေ"





www.burmeseclassic.com

www.burmeseclassic.com





"ဟုတ်ပါတယ် . . . ဒါပေမယ့် သူ့ကိုယ်သူ ဘာဖြစ် လျှို့ဝှက်ထားရတာလဲ ? . . သူ့ကို သိခွင့်ရ ပိုမကောင်းဘူးလား ? . . သူများတွေရဲ့ အဲ့ဩ ရှင်မှုကို သူက ကွယ်ရာကနေ ချောင်းပြီး အရသာ ကြည့်နေတာဟာ တရားမျှတရဲ့လား၊ သူ့ကို လူတိုင်း သိချင်နေကြပြီဆိုရင် သူ ဘာလုပ်ပေးမှာလဲ ? ကျွန်တေ အထင်မမှားဘူးဆိုရင် ဒီလူအုပ်ထဲမှာကို 'သူ' ရှိ ပါတယ်၊ ကျေးဇူးပြုပြီး ရှေ့ထွက်ပြလိုက်ရင် ကျွန်တေ တို့အားလုံး အရမ်းအံ့ဩဝမ်းသာ့ရှင်သွားကြမှာပဲ၊ ဘယ် လဲ ? . . လုပ်မပေးနိုင်ဘူးလားဟင် 'အမည် မသိစာ ရေ . . ."

သူ့စကားကြောင့် လူတွေအချင်းချင်း ဟို ဖြစ်နိုးနိုး၊ ဒီလူဖြစ်နိုးနိုးနဲ့ တစ်ယောက်ကိုတစ်ယောက် သံသ မျက်ဝန်းတွေနဲ့ ကြည့်ကြပါတယ်။ ဘုန်းမိုးလည်း နဂိုယဉ်ဆို မဟာဆန်ဆန် နှင်းဆီပွင့်ကလေးဆီ ဖျတ်ခနဲလှမ်းကြည့် ပါတယ်။ တိုက်ဆိုင်တာပဲလား မသိ။ သူမကလည်း ဘုန်းမိုး လှမ်းအကြည့်မို့ မျက်ဝန်းချင်း ခလုတ်တိုက်မိသွားကြ ရော။ အံ့ဩစရာ . . . သူမက ဘုန်းမိုးကို ဖျတ်ခနဲ နှစ်

ကြည်လင်ဖွယ်အပြုံးကလေး ချက်ချင်းပြုံးပြလိုက်တာမို့ သူ့ ရင်ထဲ နတ်ရထားတစ်စင်း ဝုန်းဒိုင်းကြဲ ခုန်ပေါက်ဒုန်းစိုင်း သွားခဲ့ပါတယ်။

"ဒီလိုလုပ်မယ်ဗျာ . . . ပဟေဠိတိုင်းမှာတော့ အဖြေ ဆိုတာရှိတတ်စမြဲပါ၊ ကျွန်တော်တို့ အခုလောလော ဆယ်မှာ အကြမ်းဖျင်း အဖြေတစ်ခု ထုတ်ကြည့်ရ အောင်၊ ဒီလူအုပ်ထဲက ကိုယ် 'အမည်မသိစာဆို' လို့ ထင်တဲ့ သံသယရှိတဲ့ လူရဲ့နာမည်ကို စာရွက်ကလေး တွေမှာ ချရေးလိုက်ပြီး ဒီစားပွဲပေါ်က ကြွပ်ကြွပ်အိတ် ထဲကို လာထည့်ပေးသွားကြပါ၊ နာမည်မသိရင် အဲဒီလူ ကို သွားမေးလို့ရပါတယ်။ ကျွန်တော် ဒီညမှာ နာမည် တွေကို ရွေးထုတ်ပြီး သံသယဖြစ်ဖွယ်အရှိဆုံး . . မဲအများ ဆုံးလူရဲ့နာမည်ကို မနက်ဖြန်မနက်ကျရင် ဒီဆိုင်ရှေ့မှာ ကပ်ထားပေးပါ့မယ်၊ အဲဒါဆို ကျေနပ် မလား"

"တကယ်လို့ အဲဒီလူမဟုတ်ခဲ့ရင်ရော ? . . . တကယ့် အစစ်က နစ်နာတာပေါ့"

တစ်ယောက်က ထ,မေးတဲ့မေးခွန်းပါ။





P
တိခ်နးကာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ် နစ်နာနိုင်မှာလဲဗျာ၊ သူကိုယ်တိုင်က တောင် လူသိမခံချင်လို့ ပုန်းကွယ်ထားခဲ့တဲ့ဥစ္စာ၊ သူ နာမည် မထွက်ဘဲ တခြားတစ်ယောက်နာမည် ထွက် လာရင် သူက ပိုတောင် ကျေနပ်သဘောကျနေမှာ"

အဲဒီနောက်မှာတော့ ဆိုင်ကလေးထဲမှာ လူတွေ အလုပ်ရှုပ်ကုန်ပါတော့တယ်။ စာရွက်တွေ တဖြိုဖြိုဆွဲဆုတ်သံ ဘောလ်ပဲန်ငှားသံ၊ ပြီးတော့ တကုပ်ကုပ်ချရေးပြီး စာရွက် ခေါက်ကလေးတွေ သူစားပွဲပေါ်က ကြွပ်ကြွပ်အိတ်ထဲ လာထည့် သူတွေနဲ့ ရှုပ်ယှက်ခတ်သွားပါတော့တယ်။ သူကိုယ်တိုင်လည်း နာမည်ကလေးတစ်ခုကို ပိုင်းစက်နေအောင် ချရေးလိုက်ပြီး အိတ်ထဲထည့်လိုက်မိပါတယ်။ ဘာကြောင့်မှန်းမသိဘဲ သူရင် တစ်ခုလုံး နွေးအုံနေခဲ့တယ်။

***



ကံခန်ကိုင်စာပေ

ချစ်သူ...လို့

အမည်မတပ်ရဲသေးပါဘူး ကောင်မလေးရယ်...

လွမ်းမိုးသူ

စွဲလန်းသူ

ညှို့ငင်သူရယ်လို့

စကြာလောက် ခေါ်ခွင့်ပြုပါနော်...



www.burmeseclassic.com

www.burmeseclassic.com

# ယ



www.burmeseclassic.com

www.burmeseclassic.com



(ဃ)

တကယ်တမ်းစဉ်းစားလိုက်ရင် ထိုအဖြစ်က လျှို့ဝှက်သည်းဖို ဆန်လွန်းပါတယ်။ ဘုန်းမိုးအတွက်လည်း ပိုပြီး သံသယကြီးမား ရောဖြစ်လာသလို ပွဲကလည်း ပိုပြီး လှလာတယ်။ အဲဒီညနေမှာပဲ 'အမည်မသိစာဆို' လို့ သံသယရှိတဲ့သူကို မဲပေးထားတဲ့ အိတ်ကြီး 'အလစ်သုတ်ခံလိုက်ရတာပါ။ ဘယ်လောက် အံ့သြဖို့ကောင်းတဲ့အဖြစ်လဲ။ သူ အိမ်သာကို ခဏဝင်တယ်။ အိတ်ကြီးကို အပြင်ဆက်ဆေးတဲ့ဘေစင်နားမှာ ခဏချထားခဲ့တယ်။ ပျောက်မှာစိုးရိမ်ရမယ့်အထုပ်မျိုးမှ မဟုတ်တာလေ။ ကိစ္စဝိစ္စပြီးတော့ သူ အပြင်ပြန်ထွက်လာတော့ ထူးထူးဆန်းဆန်း အိတ်ကြီးမရှိတော့ဘူး။ တစ်ယောက်ယောက် ခိုးယူသွားခဲ့ပြီ . . .။ ဂုဂီနဲ့ ကောင်းမြတ်တို့ကလည်း ကိုယ်စီကိုယ်ငှ အိမ်သာခန်းတွေထဲ ဝင်နေကြတာဆိုတော့ ဘယ်သူလာဆွဲသွားမှန်း သူတို့လည်း မသိလိုက်ကြဘူး။

"အဲဒါ ဘာအဓိပ္ပာယ်လဲကွ၊ 'အမည်မသိစာဆို' က သူ့နာမည်အများဆုံးဖြစ်နေခဲ့ရင် မနက်ဖြန် ကဲန်တင်းမှာ





www.burmeseclassic.com

www.burmeseclassic.com



သူ့နှာမည်းစာကပ်ခံရမှာစိုးလို့ ငါတို့နောက်ကနေ ရှဲဒိုးလိုက်လာပြီး အလစ်မှာ ဝင်ခိုးသွားတာ ဖြစ်နိုင်တယ်"

"နေပါဦး . . . မင်းတို့ ဘယ်သူ့ကို သံသယအရှိဆုံးလဲ"

"မင်းကောင်မလေးပေါ့ . . ."

ကောင်းမြတ်ရဲ့အဖြေက သူ့နှလုံးသားကို ဝိုင်တစ်ခွက် လောင်းချပေးလိုက်သလိုပဲ။ ချက်ချင်း ရီဝေနွေးမြသွားတယ်။ အင်း ဒီကောင် ကြီးပွားတိုးတက်ဦးမယ်။

"ငါ့စိတ်ထဲမှာလည်း သူပဲလို့ ဆဋ္ဌမအာရုံလိုလိုနဲ့ အသိတစ်ခုရနေတယ်။ သူ့ကို နောက်ယောင်ခံလိုက်ကြည့်မယ်ကွာ၊ ဒါဆို အဖြေတစ်ခုတော့ ထွက်မှာပဲ၊ ဒီနေ့လည်း သူ့နှာမည်းနဲ့ အတန်းကို ငါက ပေါ်တင်ကြီးမေးလိုက်တာဆိုတော့ သူ့နှာမည်းကို လူတိုင်းက သိသွားခဲ့ပြီ။ ငါတို့လိုမျိုး ခပ်ဆင်ဆင်သံသယမျိုး တခြားလူတွေဆီမှာလည်း ရှိနေနိုင်တာပဲ ဟုတ်တယ်မှုတ်လား ? . . သူ့မျက်နှာလေးကိုက တခြားလူတွေကို သမန်ကာလျှံကာမျိုးနဲ့ သာမန်ဆန်မနေဘဲ တစ်မျိုးလေးထူးဆန်းနေတယ်လေ၊ ငါပြောတာ ပေါက်ရဲ့လား ? . . အဲဒီအချက်ကို သူကိုယ်တိုင်မလုံ့ဘဲ ဒီမဲ့အိတ်ကြီးကို လာခိုးသွားတာဖြစ်မှာပေါ့။





လှုပ်ရှားနေတာ သူတစ်ယောက်ထည်းတော့ ဟုတ်ပုံမရဘူး၊ တခြားလူခွဲတွေ သူ့မှာရှိနေလိမ့်မယ်၊ ငါသိချင်တာက သူ ဘယ်သူလဲ ? . . ဘာလဲဆိုတာကို သိချင်တာ"

"အိုကေလေ . . . မင်းသိချင်တယ်ဆိုရင် နောက်နေ့ကစပြီး သူ မသိအောင် သူ့ကိုပြန်ပြီး ရှဲဒိုးလိုက်တာပေါ့၊ ငါတို့ သူ့ကို သံသယရှိနေတယ်ဆိုတာ သူ မသိစေဘဲ ပါးပါးလေးလိုက်တာ ပိုကောင်းမယ်၊ သိပ်သိသာသွားရင် သူ့ကို ဖမ်းမိမှာမဟုတ်ဘူး၊ ငါတို့ထက် သူက ပိုပါးနပ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ကျောင်းလုံးကလူတွေကိုတောင် သူ သေသေသပ်သပ်၊ ပိပိရိရိကနဲ့လေး ကစားနိုင်တာကွာ"

"သူ့ရည်ရွယ်ချက်ကလေးက အရမ်းကောင်းပါတယ် ကွာ၊ ဘာဖြစ်လို့ လူသိမခံချင်ရတာလဲဆိုတာ တွေးမရ ဘူး"

ထင်မြင်ချက်တွေ တစ်ယောက်တစ်ခွန်းနဲ့ ...တ်ဆုံးတော့ ဘုန်းမိုးအိမ်ပြန်ခဲ့ပါတယ်။ ရင်ထဲမှာ ပဟေဠိ...လေးက တွယ်ချိတ်နဲ့ ချိတ်လိုက်သလိုပဲ ကပ်ငြိပါလာခဲ့တယ်။ ...ယဉ်' . . . အဲဒီနှာမည်းကလေးကို ခပ်ဖွဖွကလေး ရေရွတ်...တ်ရင်တောင် သူ့ရင်တစ်ခုလုံး ပန်းတွေအားလုံး တဖျတ်



www.burmeseclassic.com

www.burmeseclassic.com



ဖျတ် ပွင့်သွားကြသလို မွှေးပျံ့လင်းအံ့သွားတော့တာ။ ကောင်မလေးရေ . . . ငါတို့တော့ ယဉ်ယဉ်လေးနဲ့ ပြုစားမယ်မကြွလိုက်ပါနဲ့ . . . ငါ့ရင်က အခုကတည်းက တဖြုတ်ဖြုတ် ပဲ့ကြွေနှင့်ခဲ့ပြီကွယ် . . .။

***





ပထမနှစ်မြန်မာစာအတန်းဘက်မှာ ဘုန်းမိုးတို့ မသိမသာ မယောင်မလည်နဲ့ သွားစောင့်ကြည့်မိကြတယ်။ တွေ့ရပါပြီ သူ့ရဲ့ ပန်းခင်းကလေး။ နားမှာ hand free (blue tooth) လိုဟာမျိုးလေးတပ်ဆင်ထားပြီး တစ်ယောက်တည်း စကားတွေပြောရင်း လျှောက်လာနေတာပါ။ ထုံးစံအတိုင်း ခေါင်းမှာ ပိုး scarf လှလှကလေးစည်းနှောင်လို့ . . .။ သူတို့က ပုန်းလျှိုးကွယ်လျှိုးစောင့်ကြည့်နေခဲ့ကြတာမို့ သူမရဲ့ အပြုအမူ လှုပ်ရှားမှုကလေးတွေကို အသေးစိတ်ကစပြီး မြင်နေရတာပါ။ သူမ ဘယ်သူ့နဲ့ ဖုန်းပြောနေတာပါလိမ့် . . .။ တစ်ယောက်ယောက်ကို စိတ်ညစ်ညွှန်ကြားနေတာလည်း ဖြစ်နိုင်တာပဲ။ အသံကလေးက တိုးတိုးဖွဖွကလေးမို့ ဘုန်းမိုးတို့ မကြားနိုင်ပါ။ သူမက သူငယ်ချင်းကောင်မလေးတချို့နဲ့ တရင်းတနှီး ဟယ်ပွဲဖွဲ့စကားဆိုနေခဲ့တယ်။ သူမတို့အတန်းရဲ့နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ထောင့်ကျကျခုံတန်းတွေဆီမှာ သူတို့ ခပ်တည်တည်ပဲ ဝ
ထိုင်နေလိုက်ကြတယ်။ ပြီးတော့ သူမကို စိမ်ပြေနပြေပဲ စော
ကြည့်နေမိပါတယ်။ ပြီးဆုံးသွားမှာသိပ်စိုးမိတဲ့ ရုပ်ရှင်တ
ကားလို စာအုပ်တစ်အုပ်လို သီချင်းတစ်ပုဒ်လို မြတ်မြတ်နိုး
နိုးနဲ့ကို ခံစားနေခဲ့မိတာပါ။ ကိုယ့်ကိုယ်ကိုယ်လည်း အံ့သြ
တယ်။ ဘုန်းမိုးဆိုတာ ဘယ်သူ့ကိုမှ လွယ်လင့်တကူ ကျဆုံ
တတ်ခဲ့သူမှ မဟုတ်တာလေ။ သူမ,လေးနဲ့ကျမှ သူကိုယ်တို
တောင် နားမလည် လိုက်မမီတော့။

"ဟေ့ကောင် . . . မင်း အကြည့်တွေကိုလဲ တဆိတ်
ရှုတ်သိမ်းစမ်းပါဦး၊ မျက်တောင်ကလေး ဘာလေး
ခတ်ပါဦး၊ မင်းတော့ မလွယ်ဘူး ဘုန်းမိုး၊ အသည်
အသန်ကြီးပါလား"

"အေးလေ . . . ပြောတော့ 'အမည်မသိစာဆို'ကို ဖော်
ထုတ်ဖို့ စုံစမ်းနေတာတဲ့၊ ငါ မသိဘူးများ မှတ်နေလား
မင်းက မင်းနှလုံးသားကို အစာဝဝကျွေးနေတာများ"

"ရှီ . . . ရှီ . . . မင်းတို့ စကားအရမ်းများတယ်ကွာ
မနှောင့်ယှက်စမ်းနဲ့၊ အာရုံနောက်တယ် . . ."

သူ့ကို ဒီကောင်တွေဝိုင်းပြီး မျက်စောင်းခဲ့ကြမှန်







လှည့်ကြည့်စရာမလိုဘဲ သေချာနေပါတယ်။ အတန်းတစ်ချိန်
ပြီးသွားချိန်မှာ သူမတို့အုပ်စုလစ်ထွက်လာခဲ့တာမို့ သူတို့လည်း
ခိုးကြောင်ခိုးဝှက်လိုက်ရပါတယ်။ ဒီတစ်ခါတော့ ကန်တင်း
ဘက်ကို ဦးတည်သွားကြတာမို့ သူတို့လည်း ဝမ်းသာအားရ
လိုက်ခဲ့ကြတယ်။ သူမဆီမှာ သံသယဖြစ်စရာ အကောင်းဆုံး
က မကြာခဏ ဖုန်းပြောခြင်းပါ။ ဖုန်းကိုကိုင်ပြီး ပြောစရာ
မလိုပေမယ့် သူမ ဖုန်းပြောမှန်း သေချာတာက သူငယ်ချင်း
တွေနဲ့ ခပ်လှမ်းလှမ်းကိုသွားပြီးမှ ခေါင်းကလေးငုံ့ကာ ပုန်း
လျှိုးကွယ်လျှိုးနဲ့ တစ်ယောက်တည်း ပြောနေတတ်တာမျိုးပါ။
သူမ ဘာတွေပြောနေတာလဲ?။ ခက်တာက ဘုန်းမိုးက နှုတ်
ခမ်းလှုပ်ရှားမှုကိုကြည့်ပြီး သူမ ဘာစကားတွေပြောနေသလဲ
ဆိုတာကို ခန့်မှန်းလို့ရတဲ့ lip reading လည်း မတတ်ပြန်တော့
ခက်နေပြီ . . .။

လက်ဖက်ရည်ဆိုင်မှာ သူမတို့ထိုင်ကြတော့
ဘုန်းမိုးတို့လည်း သူမတို့မမြင်သာအောင် တတ်နိုင်သမျှ
အကာအ ကွယ်ယူပြီး ထိုင်ကြပါတယ်။ သူမတို့ကတော့
မိန်းကလေးတွေ ပီပီ စကားက ခပ်များများရယ်။ တခိခိနဲ့
ရယ်လိုက်ကြသေးတာ . . .။





www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းမိုး၊ မနက်က မင်း 'ဆုံစည်းရာ'မှာ ဘယ်သူ့နာမည် သွားကပ်ထားတာလဲ ?"

"ဘယ်သူ့နာမည်မှ မကပ်ပါဘူး၊ သံသယအရှိဆုံးလူကို စုံစမ်းဆဲ လို့ပဲ ရေးထားလိုက်တာ၊ ကာယကံရှင်က သူ့နာမည်ကို ရေးထားမိရင် ကြိုက်ချင်မှကြိုက်မှာကိုး၊ သူ ဘာကြောင့် လူသိမခံချင်ရသလဲဆိုတာကို ငါ သိချင်သေးတာ၊ သူ့သဘောဆန္ဒမပါဘဲ ငါ ဘာမှ ပိုင်စိုးပိုင်နင်း ဖွင့်မလုပ်ချင်ပါဘူး"

"အေးလေ . . . တကယ်တော့လည်း သူ လုပ်နေသမျှ ဟာ ကောင်းတာတွေချည်းပါကွာ၊ လူတကာရဲ့ လိုအပ်ချက်တွေကို တိတ်တဆိတ် စုံစမ်းရှာဖွေပြီး ကူညီဖြည့်ဆည်းပေးနေတာပါ၊ သူ့ကို လူမသိစေချင်လို့ လျှို့ဝှက်ထားတဲ့ကိစ္စကို ဖွင့်ဖော်ထုတ်စရာအကြောင်းလည်း မရှိလှပါဘူး . . . ၊ သူ့သဘောပဲဟာ"

"ဟော . . . သူတို့ ရွှေပြီကွ၊ လိုက်ဦးမှာလား ဘုန်းမိုး"

"ဘယ်နေလိမ့်မလဲကွာ . . ."

သူတို့ တကောက်ကောက် လိုက်ခဲ့ကြပြန်တယ်။ ဒီပုံအတိုင်းဆို ဘယ်လိုမှ လက်ဆုပ်လက်ကိုင် အမိအရ







မိနိုင်မှာမဟုတ်တာ သေချာတယ်။ ဘာလို့လည်းဆိုတော့ သူမက ဖုန်းနဲ့ပဲ စီစဉ်ညွှန်ကြားနေတာ ဖြစ်နိုင်တယ်လေ။ သူမကိုယ်တိုင် လှုပ်ရှားချင်မှ လှုပ်ရှားမှာကိုး . . .။

"ဟော . . . မိန်းကလေးအိမ်သာထဲဝင်သွားတာကွ၊ လိုက်ဦးမလား . . ."

"မင်းကြီးတော်ကြီး လိုက်ခိုင်းပါလားကွ . . ."

သူတို့ ပေါ့ပေါ့ပါးပါး ရယ်မိကြတယ်။ မိန်းကလေးတစ်ယောက်ရဲ့နောက်ကို အရိပ်တကြည့်ကြည့်နဲ့လိုက်ပြီး စောင့်ကြည့်ရတာဟာ အလွန် သိမ်မွေ့နက်နဲတဲ့ ခံစားမှုတစ်ခုကိုပေးမှန်း ဘုန်းမိုးဘဝမှာ ပထမဆုံးသိခဲ့ရတာပါ။ တစ်နေ့လုံးပါပဲ။ ကိုယ့်ကို သူ မမြင်စေရဘဲ သူနဲ့ မလှမ်းမကမ်းမှာ ဘုန်းမိုးရှိနေခဲ့ရုံနဲ့ နွေးနွေးပျပျ ခံစားချက်ကလေးနဲ့ စိတ်ချမ်းသာစရာကောင်းနေခဲ့ပါတယ်။ ချစ်သူ . . . လို့ အမည်တပ်ရဲသေးပါဘူး ကောင်မလေးရေ . . .။ လွမ်းမိုးသူ စွဲလန်းသူ သို့ ငဲ့သူရယ်လို့ ခဏခေါ်ခွင့်ပြုပါနော် . . .။

***



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်တိတိ သူမနောက်ကို မသိမသာရှဲဒီး လိုက်မိရုံနဲ့ . . . "အမည်မသိစာဆို" ဟာ သူမပါပဲလို့ စွပ်စွဲလောက်စရာ ခိုင်လုံတဲ့အချက်အလက်တွေ မတွေ့ခဲ့ပေမယ့် သူ့နှလုံးသားရဲ့ အခန်းနေရာ တော်တော်များများကို့တော့ သူမက နေရာယူလွှမ်းမိုးလိုက်ပါပြီ။ မနက်မိုးလင်းကျောင်းရောက်တာနဲ့ သူ့ရဲ့စိတ်က ကစ်ခုခုကို ရှာနေခဲ့ပြီ။ သူမရဲ့ မျက်နှာကလေးကို မြင်တွေ့ချင်တဲ့ ဆာလောင်မှုဆိုပါတော့။ အဲဒီတော့ သူ့ရဲ့ခြေလှမ်းတွေဟာ အလိုလိုနေရင်းပဲ မြန်မာစာတန်းဘက် ရောက်ခဲ့ရတယ်ပေါ့။ သူမရဲ့ မျက်နှာကလေးကို မြင်ပြီးမှပဲ သူ့အတွက် တစ်နေ့တာစာ ပြီးပြည့်စုံသွားသလို ခံစားမှုမျိုးနဲ့ ကိုယ့်အတန်းတွေဘက်ပြန်လာ . . .။ နေ့လည်ဆို သူမ ထိုင်လေ့ရှိတဲ့ ကန်တင်းက စားသောက်ဆိုင်ကလေးတွေမှာ ရွေးထိုင်မိတတ်ပြီ။ သူမက တစ်ဆိုင်တည်း အတည်တကျ ထိုင်ခြင်းမဟုတ်ဘဲ ဆိုင်တကာအနှံ့ လိုက်ထိုင်တတ်သူဆိုတော့လည်း သူမကိုတွေ့ရဖို့ တော်တော်တော့ ရှာရသားပါ။







ဒါပေမယ့် သူမကို တွေ့လိုက်ရတဲ့အခါတိုင်း သူ အရမ်းပျော်သွားတတ်ပါတယ်။ တကယ်တော့လည်း သူမကိုရှာရတာ သိပ်ခက်ပါ။ ခေါင်းမှာ scarf လှလှဆန်းဆန်းကလေးတွေ စည်းနှောင်ထားတတ်သူဆိုလို့ သူမတစ်ယောက်တည်းရှိတာကိုး။ များသောအားဖြင့်တော့ သူ့ကို သူမ မမြင်အောင် သူ သတိထားပါတယ်။ သူမနဲ့ မျက်ဝန်းချင်းဆုံချင်လှပေမယ့် သူမနောက်ကို သူ တကောက်ကောက်လိုက်နေမှန်း သူမ သိသွားမှာကိုလည်း စိုးရွံ့မိပြန်ရော။

ဒါပေမယ့် သူ့ကို အမြဲ အံ့ဩစေခဲ့သူ သူမက မနက်ခင်းတစ်ခုမှာ သူ့ကို တအံ့တဩ နိုးထ,စေခဲ့ပြန်ပါတယ်။

"သားရေ . . . ဖုန်း"

ဆိုပြီး မေမေ သူ့လက်ထဲ ဖုန်းလာထည့်ပေးချိန်ဟာ သူ အိပ်လို့ကောင်းတုန်းအချိန်။

"အာဗျာ . . . သား အိပ်လို့ကောင်းတုန်းရှိသေးတာ မေမေကလဲ၊ ဟိုကောင်တွေလား . . သား မနိုးသေးဘူးလို့ပြောလိုက်ပါ မေမေရာ"

သူ အိပ်မှုန်စုံမွှားအသံကြီးနဲ့ လှမ်းအော်လိုက်မိသေးတယ်။ မေမေက ဖုန်းခွက်ကို လက်နဲ့အုပ်ပြီး သူ့ကို မျက်





www.burmeseclassic.com

www.burmeseclassic.com



လုံးပြူးကလေးနဲ့ကြည့်ပြီး တိုးတိုးလေးလှမ်းပြောတယ်။

"ဟဲ့ . . . မိန်းကလေးသံလေး သားရဲ့"

တဲ့ . . .။ သူ့ အိပ်ချင်စိတ်တွေ ဘယ်ဆီလွင့်ပျံသွားမှန်းမသိ။ သူ ဝုန်းခနဲခုန်ထလိုက်ပြီး မေမေ့ဆီက ဖုန်းကို ကမန်းကတန်း လှမ်းဆွဲမိချိန်မှာ သူ့နှလုံးသားက ဒုန်းစိုင်းနေခဲ့ပြီ။

"ဟယ်လို . . ."

"သံသယတွေ တနင့်တပိုးနဲ့ မမောသေးဘူးလား ဦးစံရှားရယ်၊ အိပ်လို့ကောင်းနေတုန်း နှိုးလိုက်မိရင် ဆောရီးပါရှင်"

အသံကလေးက မနက်ခင်းကလေးမှာ သာယာနာပျော်ဘွယ်အတိနဲ့ပါ။ ဘာကြောင့်မှန်းမသိဘဲ သူ့မျက်နှာတစ်ခုလုံး အားပါးတရ ပြုံးနေခဲ့တယ်။

"ဘယ်သူလဲဟင် ? . . . ကျွန်တော့်ဖုန်းနံပါတ်ကို ဘယ်လိုရတာလဲ ? . . ."

"မျက်လုံးတွေကို ရှင်ရှင်ဖွင့်ထားပါ၊ နားတွေကို ကားကားစွင့်ထားပါ၊ နှလုံးသားကို ကျယ်ကျယ်ဖွင့်ထားပါ၊ ပျော်ရွှင်ခြင်းတွေ နေရာအနှံ့ကနေ တိုးဝင်လာပါလိမ့်







မယ်ရှင် . . ."

သူမ အသံလေးက မြူးဖျခိုးရွှင်လို့ပါ။

"ကောင်းလိုက်တဲ့ အဆိုလေးပါလား၊ ဘယ်သူပြောတာလဲဟင် ?"

"ကျွန်မပြောတာပေါ့ရှင်၊ နောက်ကနေ စုံထောက်ကြီးတစ်ယောက်လို တကောက်ကောက်လိုက်နေတာ ပင်ပန်းပါတယ်ရှင်၊ ရပ်တန်းက ရပ်လိုက်ပါတော့နော်"

"ရပ်တန်းကနေ ရပ်စေချင်ရင် ဒီအတိုင်းတော့ ဘယ်ရမလဲဗျာ၊ အပေးအယူလေးတော့ လုပ်ဖို့လိုတာပေါ့"

"ဟောဗျော် . . . ရှင်က ဘာလိုချင်လို့လဲ . . ?"

"ကျွန်တော့်ဆီက အလစ်သုတ်သွားခဲ့တဲ့ 'အမည်မသိစာဆို'ရဲ့ မဲအိတ်ကြီး . . . "

သူမဘက်က တလွင့်လွင့်ရယ်သံကလေးကို ဆည်းလည်းသံလွင်လွင်ကလေးလို ကြားရပါတယ်။

"ဟင် . . . ကျွန်မကို အတိအလင်းကြီး စွပ်စွဲနေတာပါလား ? . . . ကျွန်မ ယူတယ်လို့ဆိုရအောင် ဘယ်မှာလဲ သက်သေ"

"ခင်ဗျားကို ကျွန်တော် ရိပ်ခနဲ တွေ့လိုက်ရတယ်လေ"





www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကတည်းက လွဲပြီးရှင်၊ ဘယ်လိုဖြစ်နိုင်မှာလဲ ?.. ကျွန်မက ယောကျ်ားအိမ်သာထဲ ဝင်စရာလားရှင့်"

"ဟား ဟား ... တွေ့လား၊ ဓာတ်ချက်တည်းနဲ့ကို ပေါ် တာ၊ ကျွန်တော် အဲဒီအိတ်ကိုပျောက်တာ ယောကျ်ားအိမ် သာထဲမှာလို့ ခင်ဗျား ဘယ်လိုလုပ်သိတုံး ... ကဲ?"

သူမဘက်က ဖျတ်ခနဲအသံတိတ်သွားပြီးမှ တသိ သိမ့်ရယ်ပါတော့တယ် ...။

"အိုး ... ဟုတ်သားပဲ၊ ရှင် သိပ်လည်တာပဲ၊ ကျွန် အငိုက်မိသွားတယ်"

"နဂိုယဉ် ..."

သူ အမြတ်တနိုးအသံလေးနဲ့ ခပ်ဆဆခေါ်လိုက် မိတာပါ ...။

"ရှင် ..."

တဲ့ ...။ သူမကလည်း ရုတ်တရက် အမှတ် ထူးလိုက်သံကလေးပါ။ အဲဒီအချိန်ကလေးလောက် သာယာ ပျော်ဖွယ်ကောင်းတဲ့ ခံစားမှုမျိုး သူ့ဘဝမှာ တစ်ကြိမ်မျှ မ ခဲ့ဖူးသေးပါ ...။

"ခင်ဗျားကို ကျွန်တော် လေးစားစွာ ဦးညွှတ်ပါတယ်







မိန်းကလေးတစ်ယောက်ဆီမှာ ဒီလောက် အကြင်နာ ကြီးမားတဲ့ နူးညံ့သိမ်မွေ့လွန်းတဲ့ ကိုယ်ချင်းစာနာစိတ် ကလေး မျှဝေစိတ်ကလေးရှိနေတာကကို တော်တော် အံ့ဩဖို့ လေးစားဖို့ကောင်းပါတယ်၊ လူတွေကို သိခွင့် မပေးဘဲ လျှို့ဝှက်ထားတာကတော့ ခင်ဗျားရဲ့ ကိုယ်ပိုင် လွတ်လပ်ခွင့်ပါ၊ ကျွန်တော်ကလည်း ဖွတ်အတင်းဖော် ထုတ်ဖို့ စိတ်ကူးမရှိပါဘူး၊ ဒါပေမယ့် အံ့ဩဖို့ကောင်း တယ်ဗျ ... သိလား၊ အဲဒါကို ဆဋ္ဌမအာရုံလို့များ ခေါ်မလားမသိဘူး၊ ကျွန်တော် ခင်ဗျားကို ပထမဆုံး စစတွေ့တဲ့နေ့ကတည်းက စိတ်ထဲမှာ သံသယရှိခဲ့တာ၊ အဲဒီနေ့က ကျွန်တော်တို့ဝိုင်းရဲ့ စားပြီးနားမလည်ပြဿ နာကို ခင်ဗျားကူပြီးဖြေရှင်းပေးသွားခဲ့တယ်လေ"

သူမက ခပ်ဖွဖွကလေးသာ ရယ်မောလို့နေခဲ့ပါ တယ်။

"ကျွန်မ ရှင့်ကို တစ်ခုတောင်းဆိုချင်ပါတယ်"

"ပြော ... နဂိုယဉ်"

"ကျွန်မကို ရှင် သိသွားတယ်ဆိုတာကို တခြား ဘယ်သူ့ ကိုမှ မပြောပြပါနဲ့နော်၊ ဆက်ပြီး လျှို့ဝှက်ထားပေးပါ၊





www.burmeseclassic.com

www.burmeseclassic.com


ရှင် ရိပ်မိနေတယ်ဆိုတာ ကျွန်မလည်း ရိပ်မိနေခဲ့ပါတယ်၊ ရှင့်ကို ကျွန်မ လှမ်းပြီး နှုတ်ပိတ်တဲ့သဘောပါ။ အဲဒီလျှို့ဝှက်ချက်ကို ကျေးဇူးပြုပြီး တည်ပေးပါ ကိုဘုန်းမိုးသွန်း၊ တည်ပေးမယ်လို့လည်း ယုံကြည်ပါတယ်"

"စိတ်ချပါဗျာ . . . ကျွန်တော့်သူငယ်ချင်းတွေတောင် မသိစေရပါဘူး"

"အိုး . . . ကျေးဇူးပါရှင်၊ ကျွန်မကို ဘယ်သူမှ မသိစေချင်လို့ပါ၊ ကျွန်မ တိတ်တိတ်ကလေးပဲ သူတို့ကို အုံသြပျော်ရွှင်စေချင်တာ"

"ကျွန်တော် တစ်ခု ပြန်တောင်းချင်တယ်ဗျာ"

"ဘာများလဲဟင် . . . ?"

"ကျွန်တော် ခင်ဗျားရဲ့ သူငယ်ချင်းဖြစ်ချင်တယ်၊ လူ တိုင်း သူတို့ အရမ်း impress ဖြစ်မိတဲ့ သူတို့ရဲ့ Inspiration တွေနဲ့ ခင်မင်ရင်းနှီးချင်ကြတယ်လေ"

"သြော် . . . ဘာများလဲလို့၊ ခင်လို့ရပါတယ်ရှင်၊ ကျွန်မ လည်း သူငယ်ချင်းတွေ အများကြီးရှိတာကို ပျော်ပါတယ်"



"ဒါဆို ဒီနေ့ ကျွန်တော် ကျောင်းရောက်ရင် ခင်ဗျားနဲ့ စကားလာပြောမယ်"

"အိုကေပါရှင် . . . "

သူမ ဖုန်းချသွားခဲ့ပြီ။ သူ အိပ်ရာထဲကနေ ဝုန်းခနဲခုန်ထွက်။ အတက်ကြွဆုံးခြေလှမ်းတွေနဲ့ ရေချိုးခန်းဝင်၊ ဘဝုန်းဝုန်းရေချိုး၊ အဝတ်အစားလဲပြီး စက်ဘီးကလေးနဲ့ ကျောင်းကို ရွှေ့လျားခဲ့တော့တာပါ။ ဘာကြောင့်မှန်း မသိဘူး။ သူ့ရင်တွေ မတရားခုန်နေတယ် . . .။

***


www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင်လည်းပျော်ရွှင်အောင်နေတယ်

လူတိုင်းကိုလည်း

ပျော်ရွှင်မှုတွေကိုလက်ဆောင်ပေးတယ်

အဲဒီ…

ဘဝပျော်ရွှင်မှုရဲ့

လျှို့ဝှက်ချက်ပဲ…



www.burmeseclassic.com

www.burmeseclassic.com

# င



www.burmeseclassic.com

www.burmeseclassic.com



(၄)

သူ့ဘဝမှာ ဒါဟာ ပထမဆုံးအကြိမ်ပါပဲ။ သူငယ်ချင်းတွေနဲ့ ဆုံရပ်ဖြစ်တဲ့ ကော်ဖီဆိုင်ကို အရင်မသွားဘဲ သူမရဲ့ အတန်းရှိရာဘက် ဦးဦးဖျားဖျား ရောက်သွားခဲ့မိတာ။ သူမက အတန်းရှေ့က အုတ်ခုံကလေးမှာ တစ်ယောက်တည်းထိုင်နေခဲ့ပါတယ်။ သူ့ကိုယ်သူ အထင်ကြီးစွာ တင်တင်စီးစီးကလေး ပြောရမယ်ဆိုရင်တော့ သူမကြည့်ရတာ သူ့ကို စောင့်နေခဲ့သလိုပါ။ ကျောင်းတက်ဖို့စောသေးတာမို့ ကော်ရစ်ဒါမှာ လူရှင်းလို့နေပါတယ်။ အားလုံး သူ့အိုပ်စုတလေးတွေနဲ့သူ . . သူ့အာရုံဝင်စားမှုကလေးတွေနဲ့သူမို့ သူနဲ့ သူမရဲ့ ဆုံတွေ့မှုကိုလည်း ဘယ်သူကမှ အထူးတလည် အာရုံစိုက်မနေခဲ့ကြပါ။

"ဟော . . . ရှင်က အရင်ဆုံးရောက်လာတယ်၊ ကျွန်မက သူငယ်ချင်းတွေကို စောင့်နေတာ"

သူမက ထုံးစံအတိုင်း အနက်ခံပေါ်မှာ ဝါခွေပန်းပွင့်ကလေးတွေပါတဲ့ Scarf ကလေး လှလှပပ စည်းနှောင်





www.burmeseclassic.com

www.burmeseclassic.com



လို့ . . . ။ အနီးကပ်ကြည့်မှ ကြည်လင်ဝင်းပစိုပြေတဲ့ အသား ဝင်းဝင်းမွတ်မွတ်ကလေးမှာ နက်မှောင်ရှန်းစိုတဲ့ မျက်ဝန်းက လေးရယ်၊ ချွန်မြသွယ်တန်းနေတဲ့ နှာတံကလေးရယ်၊ ဖူးပြည့် လှပတဲ့ နှုတ်ခမ်းကလေးရယ်က သူမရဲ့အလှကို ပံ့ပိုးပေးထား မှန်း သေချာသတိထားမိပါတယ် . . . ။

"ကျွန်တော် အံ့သြနေတာ၊ ခင်ဗျားတစ်ယောက်တည်းနဲ့ တစ်ကျောင်းလုံးမှာ ဖြစ်ပျက်နေတဲ့ လှုပ်ရှားမှုတွေနဲ့ လိုအပ်ချက်တွေရယ်၊ အဲဒါတွေကို ဖြည့်ဆည်းပေး ရယ်ကို ဘယ်လိုများ စီမံခန့်ခွဲနေသလဲလို့"

သူမက ခပ်ပြုံးပြုံးမျက်နှာကလေးနဲ့ သူ့လက် ကို Mobile ဖုန်းကလေးတစ်လုံးနဲ့ blue tooth ကလေး ထည့်ပေးလိုက်တယ်။ ရုတ်တရက် သူ နားမလည်ဘူး။

"ဒီကျောင်းထဲမှာ မေဂျာအန့် နေရာအနှံ့မှာ ကျွန်မ အဖွဲ့ဝင်တွေရှိတယ်လေ ဘုန်းမိုးသွန်းရဲ့၊ သူတို့က နှ လုံတယ်၊ မှင်သေတယ်၊ ယုံကြည်စိတ်ချရတယ်၊ ရှင်း မျိုးပေါ့လေ၊ ရှင်လည်း ကျွန်မရဲ့အဖွဲ့ဝင်တစ်ယော ဖြစ်ပြီနော်၊ သစ္စာရှိပေးပါနော်၊ နောက်ဆုံး စိတ်မ စားတော့လို့ နှုတ်ထွက်သည့်တိုင် နှုတ်လုံလုံနဲ့ ထွက်သ





ပေးပါ၊ ကျွန်မ စိတ်မဆိုးပါဘူး၊ သူတို့အားလုံးကိုလည်း ဒီအတိုင်းပဲ ကျွန်မ ပြောထားပါတယ်၊ ကျွန်မတို့ တစ် ယောက်နဲ့တစ်ယောက် အမြဲတွေ့နေစရာမလိုဘူး၊ ဖုန်း နဲ့ပဲ လှုပ်ရှားကြတယ်၊ message ပို့ကြတယ်၊ ကျောင်းရဲ့ အပြင်ဘက်မှာ ပစ္စည်းဝယ်ပေးရတဲ့သူကိုတော့ ကျွန်မ လခပေးပြီး ငှားထားတာပါ၊ သူသုံးဖို့ ကားကအစပေါ့ လေ၊ အကြမ်းဖျင်းပြောရရင် တစ်စုံတစ်ယောက် တစ် နေရာရာမှာ အခက်အခဲ တစ်စုံတစ်ရာတွေ့ပြီဆိုပါစို့၊ အဲဒါကို သိတဲ့လူက ကျွန်မဆီ လှမ်းဆက်သွယ်တယ်၊ အချက်အလက်တွေ ပြောပြတယ်၊ ကျွန်မက ကျွန်မရဲ့ လူကို လိုအပ်တာ လှမ်းဝယ်ခိုင်းရတယ်၊ လာပို့ခိုင်းရ တယ်၊ ကာယကံရှင်ဆီရောက်အောင်တော့ အခြေ အနေအရ ကြည့်ပြီး လှုပ်ရှားရတာပေါ့လေ"

"အား . . . ခင်ဗျားရဲ့ စီမံကိန်းကြီးက မလွယ်ဘူးနော်၊ ပိုက်ဆံလည်း တော်တော်ကုန်မှာပဲ"

သူက လိုက်လှဲအံ့သြစွာပြောမိတယ်။ သူမရဲ့ ...တ်နှာကလေးက တကယ့်ကို ထက်သန်တက်ကြွနေခဲ့တာပါ။ ...ဘန်အရ သာမန်ဆန်ဆန်မျိုး မဟုတ်ဘူး။ တကယ့်ကို စိတ်



www.burmeseclassic.com

www.burmeseclassic.com



ရောကိုယ်ရော နှစ်နှစ်ကာကာ စိတ်ဝင်တစား . . .။

"လူတွေက စိတ်ချမ်းသာပျော်ရွှင်မှုဆိုတာကို ပိုက်ဆံနဲ့ ပေးဝယ်လို့မရဘူးလို့ ပြောတတ်ကြတယ် သီလား၊ ကျွန်မ အတွက်တော့ ဒီစကားက မမှန်ဘူးရှင်၊ ပိုက်ဆံဆိုတာ အသုံးချတတ်ရင် စိတ်ချမ်းသာပျော်ရွှင်မှုကိုရနိုင်သားပဲ၊ ရရှိလိုက်မှ ပျော်စရာကောင်းတာမဟုတ်ဘူးလေ၊ ကိုယ့်မှာရှိနေတာထဲကနေ လိုအပ်နေတဲ့သူဆီ မျှဝေပေးလိုက်ရတာကမှ ပိုပြီးပျော်စရာကောင်းတာ၊ ရှင် မယုံရင် စမ်းကြည့်ပါ၊ လှုပ်ရှားကြည့်လိုက်၊ ရှင့်အနီးနားတဝိုက်မှာ အခက်အခဲနဲ့ကြုံတွေ့နေတဲ့သူ၊ တကယ်လိုအပ်နေတဲ့သူတွေ့ရင် ကျွန်မနဲ့ဆက်သွယ်ပါ၊ သူ့ကို ဖြည့်ဆည်းပေးကြည့်လိုက်ပါ၊ သူ့ရဲ့ အံ့သြပျော်ရွှင်မှုထက် အဆပေါင်းများစွာပိုတဲ့ ကြည်နူးပီတိကို ရှင် ရလိမ့်မယ် ပြီးတော့ အဲဒီ ပျော်ရွှင်မှုပီတိချမ်းသာဟာ ဘယ်တော့မှ ပျောက်ပျက်မသွားတော့ဘူး၊ ပြန်တွေးလိုက်တိုင်း အဲဒီချမ်းသာသုခကို ပြန်ခံစားရတယ်၊ သေသေချာချာ သတိထားကြည့်ရင် ရှင့်မျက်နှာမှာရော ရှင့်စိတ်ထဲမှာ ပါ လှိုက်လှိုက်လှဲလှဲ ပြုံးနေမိလိမ့်မယ်၊ ကျွန်မတော့ အဲဒီ




ပျော်ရွှင်မှုကို နေ့တိုင်း ခံစားရတယ်၊ ရှင့်ကို တစ်ခု ပြောပြမယ်၊ ကျွန်မငယ်ငယ်က ကျွန်မသိပ်ချစ်တဲ့ ကျွန်မရဲ့မေမေ့ကို 'အသိချင်ဆုံး မေးခွန်းတစ်ခု မေး ကြည့်ခဲ့ဖူးတယ် သီလား . . ."

"အင်း . . . ပြောပြပါဦး"

သူမ ပြောပြနေပုံက စိတ်ပါလက်ပါ လှိုက်လှိုက်လှဲ ရှိလှတာမို့ သူလည်း စိတ်ဝင်တစား နားထောင်မိပါတယ်။

"မေမေလို့ . . သမီးရဲ့ဘဝမှာ အရေးအကြီးဆုံးအရာက ဘာလဲဟင်လို့၊ အဲဒီတော့ မေမေက ကျွန်မကို အားပါးတရ တင်းကျပ်နေအောင် ပွေ့ဖက်ပြီး ပြုံးပြုံးက လေးနဲ့ လေးလေးနက်နက် ဖြေခဲ့တာကို ကျွန်မ ခုချိန်ထိ မှတ်မိနေခဲ့တယ်၊ သမီးရဲ့ဘဝမှာ အရေးအကြီးဆုံး အရာက 'ပျော်ရွှင်မှု' (happiness) ပေါ့ သမီးရယ်တဲ့၊ လူ့ဘဝဆိုတာ အချိန်တိုတိုကလေးတဲ့၊ အဲဒီအချိန် ကလေးထဲမှာ နေ့တိုင်းနေ့တိုင်း သမီးကိုယ်တိုင်လည်း ပျော်ရွှင်အောင်နေရမယ်၊ သမီးရဲ့ အနီးအနားပတ်ဝန်း ကျင်ကလူတွေကိုလည်း ပျော်ရွှင်မှု တတ်နိုင်သလောက် ပေးရမယ်တဲ့၊ တကယ်တော့ အဲဒါဟာ ဘဝနေနည်း



www.burmeseclassic.com

www.burmeseclassic.com





တစ်ခုပဲဆိုတာ ကျွန်မ တစ်နေ့တစ်ခြား ပိုပိုသဘော ပေါက်လာခဲ့တယ်၊ နေ့တိုင်း ကျွန်မကိုယ်တိုင်လည်း ပျော်ရွှင်အောင်နေတယ်၊ လူတိုင်းကိုလည်း ပျော်ရွှင်မှုတွေပဲ လက်ဆောင်ပေးတယ်၊ အဲဒါ ကျွန်မဘဝရဲ့ ပျော်ရွှင်မှုရဲ့ လျှို့ဝှက်ချက်ပဲ . . . သိလား"

ခန့်မှန်းကြည့်ပါ။ ဘုန်းမိုးစိတ်ထဲ သူမအပေါ် ဘယ်လောက်ပြုံဆင်းယိုင်ညွတ်သွားခဲ့မလဲဆိုတာ။ ဘုန်းမိုး မျက်တောင်ပင် မခတ်မိတော့။ သူမကိုသာ တအံ့တဩ ငေး စိုက်ကြည့်နေမိတော့တာ။ ဒီလို အတွေးအခေါ်မျိုးရှိတဲ့ မိန်းကလေးမျိုး သူ့ဘဝမှာ မကြုံဆုံဖူးခဲ့ပါလား။

"ခင်ဗျားမေမေက တော်လိုက်တာဗျာ၊ ကျွန်တော် တွေ့ ခွင့်ရချင်လိုက်တာ"

"အင်း . . . ရှင် တွေ့ချင်ရင်တော့ နတ်ပြည်ကို လိုက်ရမှာ ဘုန်းမိုးသွန်းရဲ့၊ မေမေရော ဖေဖေပါ အဲဒီမှာ ကျွန်မကို အမြဲတမ်း စောင့်ကြည့်အားပေးနှစ်သိမ့်နေကြတာလေ"

သူ ရုတ်တရက် နားမလည်လိုက်။ သူမ ပြောပုံကလေးက ပြုံးပြုံးကလေး။ နတ်ပြည်မှာဆိုတော့ ဒီလူ့ပြည်မှာ မရှိတော့တာကို ယဉ်ယဉ်ကျေးကျေးကလေး ပြောလိုက်တာလို့ သူ နားလည်လိုက်ရပါတယ်။ ဒါပေမယ့် သူမရဲ့ မျက်နှာကလေးပေါ်မှာ ပူဆွေးသောက ဆွေးမြည့်နာကျင်မှုရယ်လို့ တွေ့ရပါ။ ပြုံးပြုံးရွှင်ရွှင်ကလေး . . .။

"ဖေဖေနဲ့မေမေ ရှိကတည်းက အရမ်း ရက်ရောခဲ့ကြ တာ ဘုန်းမိုးရဲ့၊ အလှူအတန်းရက်ရောတယ်၊ အပေး အကမ်း ရက်ရောတယ်၊ ကျွန်မကိုလည်း သူများဆီက နေ ယူဖို့ထက် သူတစ်ပါးကို ပေးတတ်ဖို့ သွန်သင်ပုံသွင်း ပေးခဲ့ကြတာပါ၊ သိပ်ကျေးဇူးတင်ဖို့ကောင်းတယ်၊ လှူ လိုက်လို့ ပေးလိုက်လို့ ကိုယ့်ဆီမှာလည်း ဘယ်တော့မှ လျော့သွားတယ်ရယ်လို့ မရှိပါဘူး၊ ဖေရော . . မေရော နှစ်ဘက်စလုံးက ချမ်းသာကြတာကိုး၊ အဲ . . . ကျွန်မ ကြွားပြောတာ မဟုတ်ဘူးနော်၊ ကျွန်မရဲ့ ဘဝကလေး ကို ရှင် သိထားအောင် ပြောပြထားတာပါ၊ လူ့ဘဝက တိုတိုကလေးပဲဆိုတာ ဖေဖေနဲ့မေမေက သက်သေပြခဲ့ တာ၊ ကျွန်မ ရှစ်တန်းဖြေမယ့်နှစ်မှာပဲ ဖေနဲ့ မေ ဘန် ကောက်မှာ ဆေးသွားစစ်ရင်း Phuket ကို အလည်ခဏ ဝင်ရင်း Tsunami ထဲ ပါသွားခဲ့တာလေ၊ ပြန်ရောက်လာ







တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com





လိမ့်မယ်လို့ ကျွန်မ မျှော်လင့်ထားခဲ့တာ ဒီနေ့အထိပါပဲ
နောက်တော့ ကျွန်မ အိပ်မက်မက်တယ်၊ မေမေ့ကို
မက်တာပါ၊ မေရောဖေရော နတ်သား နတ်သမီးတွေလို
ပြုံးပြောင်ဝင်းလက်ပြီး အရောင်အဝါတွေ တောက်ပနေ
တာပဲ၊ မေမေက သူ အမြဲစောင့်ကြည့်နေတယ်တဲ့၊ တစ်
ယောက်တည်း ကျန်ရစ်ခဲ့ပေမယ့် အားမငယ်ဖို့ ပျော်ပျော်
နေဖို့ လူတွေကို ပျော်ရွှင်ခြင်းတွေ ဆက်ပေးနေဖို့ ပြော
နေတာ၊ တကယ်ပဲ ကျွန်မအနား မေမေရောက်လာပြီး
ပြောပြနေခဲ့သလိုပဲ သိလား၊ လောကအလယ်မှာ ကျွန်မ
တစ်ယောက်တည်း အမွေတွေ တပုံတပင်နဲ့လေ ကျန်ရစ်
ခဲ့တာ၊ ဒီငွေတွေကို ကျွန်မ မသုံးတတ်ရင် ကျွန်မ
ဒုက္ခရောက်မှာ၊ ဒါကြောင့် ပျော်ရွှင်ခြင်းတွေကို ငွေနဲ့
လဲလှယ်ယူနေတာပါ ဝယ်ယူနေတာပါ၊ ဒါပေမယ့် ကျွန်မ
ကို လူသိမခံချင်ဘူး၊ ကျွန်မ ပျော်ပျော်ကလေးပဲ နေသွား
ချင်တယ် ဒါကြောင့်ပါ၊ တခြားအကြောင်း ကြီးကြီးမား
မား ဘာမှမရှိပါဘူး”

သူမဆီက ဒီလောက် ပြည့်ပြည့်စုံစုံ အတွင်းကျ
ကျ သိခွင့်ရလိမ့်မယ်လို့တောင် သူ ထင်မထားခဲ့ပါ။ ‘အမည်
မသိစာဆို’ ဆိုပြီး လျှို့ဝှက်ခြင်းကြီးစွာ ပုန်းလျှိုးနေခဲ့သော ထို
မိန်းကလေးက သိခွင့်ပေးခဲ့ပြန်တော့လည်း သူမရဲ့ဘဝ တစိတ်
တဒေသကိုပါ ဖွင့်ဟပြောပြခဲ့တာပါ။ ရိုးသားဖြူစင်တဲ့ မာယာ
ကင်းတဲ့ သူမရဲ့ ပကတိ အဖြူထည်မျက်နှာကလေးကို သူ အနီး
ကပ်မြင်ခွင့်ရနေခဲ့ပါတယ်။ အဲဒီအချိန်တလျှောက်လုံးမှာ သူ့
ကိုယ်သူ သတိထားမိနေခဲ့တာက သူမအပေါ် ထူးဆန်းလှိုက်လှဲ
တဲ့ စိတ်ခံစားမှုတစ်မျိုးနဲ့ တွယ်ငြိနှောင်ဖွဲ့နေမိတာကိုပါ။ လေး
စားမှုရယ်၊ အထင်ကြီးမှုရယ်၊ မြတ်နိုးမှုရယ်၊ အဲဒါတွေက ရေတံ
ခွန်ဆီကနေ အရှိန်အဟုန်ပြင်းပြင်း စီးဆင်းလာတဲ့ရေအလျင်
လို သူ့ရင်ထဲတိုင် တိုက်ရိုက်စီးဆင်းဝင်ရောက်လို့နေတာပါ။ သူမ
ပြောပြခဲ့တဲ့ စကားလုံးတိုင်းဟာ သူ့ရင်ထဲသို့ နက်ရှိုင်းစွာ စီး
ဝင်နေရာယူခဲ့ပြီ . . .။ သူမနဲ့ ပိုပြီး နီးကပ်သွားသလိုလည်း
ခံစားရပါတယ်။

***



www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်ကို

Surprise လေးတွေ

တစ်ခုစီ ပို့ပေးမယ်

ဆယ့်ငါးရက်ဆိုတော့

Surprise

ဆယ့်ငါးခုပေါ့နော်



www.burmeseclassic.com

www.burmeseclassic.com

# ၁



www.burmeseclassic.com

www.burmeseclassic.com


(၈)

ပြောရရင် သူ့ဘဝဟာ သူကိုယ်တိုင်တောင် သတိထားလိုက်မိဘဲ ညင်ညင်သာသာကလေး ပြောင်းလဲသွားခဲ့သလိုပါ။ သူ လုံးဝမျှော်လင့်မထားခဲ့တဲ့ အဖြစ်တစ်ခုလေ။ သူကိုယ်တိုင် 'အမည်မသိစာဆို'ရဲ့ လျှို့ဝှက်အဖွဲ့ဝင်တစ်ယောက် ဖြစ်လာခဲ့တာကို သူနဲ့ အနီးကပ်ဆုံးမှာ ရှိနေကြတဲ့ သူငယ်ချင်းတွေတောင် မရိပ်မိခဲ့ပါဘူး။ 'အမည်မသိစာဆို' ထုတ်ရေးကိစ္စကိုလည်း ဝေ့လည်ကြောင်ပတ်နဲ့ သူ မသိချင်ယောင် ဆောင်နေခဲ့တော့တယ်။ သူငယ်ချင်းတွေကလည်း ဒီတော့ serious မဟုတ်လှပါဘူး။ နဂိုယဉ်အပေါ်လည်း လောက်ကြီး သံသယကြီးလှတာ မဟုတ်ဘူးရယ်။ ဒါပေမယ့် သူနဲ့ သူ့အကြားမှာတော့ လျှို့ဝှက်အဆက်အသွယ် အမြဲရှိလာခဲ့တယ်ဆိုပါစို့။

ကျောင်းထဲမှာ ကျောင်းသားကျောင်းသူ တစ်


P
တံခွန်တိုင်စာပေ
www.burmeseclassic.com

www.burmeseclassic.com


ယောက် အခက်အခဲတစ်ခုခုနဲ့ ကြုံတွေ့နေခိုက် သူ မြင်လိုက်ရရင် သူမဆီ message ပို့တဲ့အခါမျိုး၊ အခွင့်အရေးရရင် ဖုန်းနဲ့ လှမ်းပြောတာမျိုး၊ ဒါမှမဟုတ် သူမဘက်ကနေ သူ့ကို လှမ်းခိုင်းတာမျိုး၊ ဥပမာ .. ဘယ်မေဂျာ ဘယ်အတန်းက ဘယ်သူဆီကို ပစ္စည်းလေးတစ်ခု သွားပို့ခိုင်းတာမျိုး၊ ကာယကံရှင်မသိအောင်၊ ထိုသူနဲ့ အနီးစပ်ဆုံးမှာ၊ ထိုသူ့လက်ထဲရောက်အောင် သူ့ဖြတ်ထိုးဉာဏ်သုံးပြီး ပို့ရတာမျိုး ... စသဖြင့် ရှိတတ်ပါတယ်။ သူကပဲ စိတ်ဝင်တစားရှိမိလို့လား မသိ၊ အဲဒီ 'အမည်မသိစာဆို' အလုပ်ဟာ အရမ်း စိတ်လှုပ်ရှားပျော်ရွှင်ဖွယ်ကောင်းတဲ့ နူးညံ့သိမ်မွေ့တဲ့ ကစားနည်းကလေးနဲ့တူ တယ်။ ပြီးတော့ နေ့တိုင်းလိုလို သူ ခါတိုင်းနဲ့မတူဘဲ သိသိ သာသာ ပျော်ရွှင်နေခဲ့တယ်။ ပြီးတော့ သူ့ကိုယ်သူ သံသယဖြစ်စရာမလိုတော့လောက်အောင် တစ်ခုခုကို သေချာစွာ သိလာခဲ့တယ်။ အဲ့ဒါက သူ နဂိုယဉ်ကို ချစ်တယ်။ ချစ်တယ်ဆိုတာထက် ပိုလေးနက်ပါတယ်။ တစ်သက်စာဆိုတာထက် ပိုပါတယ်။ ဘာကြောင့်မှန်းပြောမပြတတ်ပေမယ့် သူမနားမှာ သူ အမြဲရှိနေချင်မိတယ်။ တစ်နေ့တစ်နေ့ သူမကို မြင်ခွင့်မရသေးရင် သူ့ဘဝ ဒါမှမဟုတ် သူ့ရဲ့နေ့ရက်တစ်ရက်ဟာ မပြီးပြည့်စုံ



သေးသလို တစ်ခုခု လိုအပ်နေသေးသလို ခံစားရတာ အသေချာ။ ပြီးတော့ အရမ်းဆန်းကြယ်တဲ့ သူ့ရင်ထဲက လှိုက်လှိုက်တဲ့ တောင့်တနေမိတဲ့ ဆန္ဒကလေးတစ်ခု ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ သူမရဲ့ ဆံနွယ်ကလေးတွေကို မြင်ချင်နေတဲ့ ဆန္ဒတစ်ခုပါ။ သူမရဲ့ ဆံနွယ်ကလေးတွေဟာ ရှည်ရှည်ဖြောင့်ဖြောင့်စင်းစင်းကလေးတွေလား .. ဒါမှမဟုတ် အခွေအဆံနွယ်ကလေးတွေလား .. အနက်မှောင်ကလေးလား .. ဖျော့ဖျော့ကလေးတွေလား သူ သိချင်မိတယ်။ စတိုင်လ်ခုလို ဖက်ရှင်တစ်ခုလို ခေါင်းမှာ Scarf ဒီဇိုင်းအဆင်မျိုးစုံစည်းထားပုံကလေးဟာ တစ်မျိုးလှပေမယ့် သူကတော့ ရဲ့မျက်နှာကလေးကို ဆံနွယ်ကလေးတွေနဲ့ ဘောင်ခတ်တော့ မြင်ချင်တာအမှန်ပဲ ...။

"ငါ သူ့ကို ဖွင့်ပြောလိုက်တော့မယ်ကွာ ..."

သူငယ်ချင်းတွေဆုံတဲ့တစ်ရက်မှာ သူ ဆိုင်းမပါဆင့်ဘဲ ပြုန်းခနဲ ရင်ဖွင့်လိုက်မိတယ်။ သူငယ်ချင်းတွေက ဘာရက် ဘယ်သူမှန်းမသိဘူး။ တအံ့တသြအကြည့်တွေနဲ့ ကြည့်ကြတယ်။

"ဘာလဲကွ ... မင်းဟာက အရင်းမပါ အဖျားမပါ


www.burmeseclassic.com

www.burmeseclassic.com





တုံးတိကြီး"

"အေးလေ . . . ဘယ်သူ့ကိုဘာဖွင့်ပြောမှာလဲ ? မင်းက ဘယ်သူ့ကို ကြွေနေတာလဲ၊ ငါတို့လဲ မသိပါလား"

"မင်းတို့မသိပေမယ့် ငါ့ရင်ထဲမှာ 'သူ' အမြဲရှိနေတာ ကိုး ဒါကြောင့် ရုတ်တရက် ပြောလိုက်မိတာ၊ နဂိုယဉ်ကို ငါ ချစ်နေတယ်"

"ဟေ . . . နဂိုယဉ်၊ ဟိုမဒီလေး ခေါင်းမှာ Scar ကလေးတွေပတ်တတ်တဲ့ Hip Hop လိုလို ဘာလိုလို မင်းတောင် 'အမည်မသိစာဆို' လားလို့ သံသယဖြစ် လိုက်သေးတဲ့ တစ်ယောက်လား၊ အံ့သြစရာကြီး . . . ဘယ်လိုကနေ ဘယ်လို ရောဂါရသွားခဲ့တာလဲ၊ မင်း အဝေးကြီးဟာကို"

"ဘယ်က ဝေးရမှာလဲကွာ၊ နီးလွန်းလို့မှ ရင်ထဲတောင် တော်တော်နက်နေပြီဟာကို၊ မင်းတို့ မသိပါဘူးကွာ မသိရင်လည်း မသိသလိုသာ နေလိုက်တော့၊ ငါက မင်း တို့ကို ကြိုအသိပေးထားတာ၊ တော်ကြာ ငါက ဒိုင်လို့ လေးလှုပ်ရှားနေတယ်ဖြစ်မှာစိုးလို့"

"ဟား . . . ငါ သိပြီ၊ ခုတလော ဒီကောင် လှစ်ခနဲ လှစ်ခနဲ ပျောက်ပျောက်သွားတာ အဲဒီကောင်မလေး ဆီ ဖယားသွားဆွဲနေတာကိုး၊ နေပါဦး ဘုန်းမိုးရာ၊ မင်းက ဘယ်လိုကနေဘယ်လို အဲဒီကောင်မလေးကိုမှ မြားဦးသွားစိုက်ရတာလဲ၊ သူ့ထက်လန်းတာတွေ ကျောင်းထဲမှာ တစ်ပုံတစ်ပင်ကြီးကွာ"

"ဟေ့ကောင် . . . လန်းတိုင်းချစ်ရမှာလားကွ၊ မင်းက လည်း မမိုက်လိုက်တာ၊ အချစ်ဆိုတာ မျိုးစေ့ကလေး ကြဲမိရုံနဲ့ မျှော်လင့်မထားတဲ့အချိန်မှာ ကိုယ်တောင် ပြန် မမှတ်မိနိုင်လောက်အောင် ဖားဖားဝေဝေ အပင်ကြီး အဖြစ် ရှင်သန်လာတတ်တာ"

"ဟား . . . ဒိုင်ကတော့ လန်းတယ်ကွာ၊ လန်ထွက်နေ တာပဲ၊ မင်းတို့နှစ်ယောက် လိုက်တော့ လိုက်တယ်ကွ၊ မိုက်တယ် . . ."

သူငယ်ချင်းတွေက အားပေးချီးမြှောက်ဖို့ အဆင် သင့်ဆိုတဲ့ မျက်နှာပေးကိုယ်စီနဲ့ . . .။ သူ ရဲရင့်ဖို့ပဲ လိုတော့ တာပါ။

***





www.burmeseclassic.com

www.burmeseclassic.com


အဲဒီနေ့က ဘဝမှာ မှတ်မှတ်ထင်ထင် နှင့်နှင့်သည်းသည်း ရှိခဲ့ရတဲ့ နေ့ကလေးတစ်နေ့ဖြစ်ခဲ့ပါတယ်။ သူ သေတဲ့အထိ မမေ့နိုင်တော့မယ့် နေ့ကလေးဆိုပါတော့။ သူမ ရဲ့ အကြည့် .. အပြုံး .. ပြောသမျှစကားလုံးတိုင်းကို မချွင်းမချန် အသေးစိတ် မှတ်မိနေခဲ့တာပါ။ ရင်ထဲမှာ ဗီဒီယို နဲ့ မှတ်တမ်းတင်ထားခဲ့သလိုမျိုး စွဲထင်ကျန်ရစ်နေခဲ့တာ။

"နဂိုယဉ် .. ကျောင်းထဲမှာပဲဖြစ်ဖြစ်၊ လူရှင်းပြီး အေး အေးဆေးဆေးရှိတဲ့ နေရာကလေးတစ်ခုမှာ ကျွန်တော် နဲ့ နှစ်ယောက်တည်း ခဏလေးဖြစ်ဖြစ် ထိုင်ရဲပါ့မလား?"

သူက မေးလိုက်တော့ နဂိုယဉ်က မျက်ဝန်းနက် ကလေးတွေနဲ့ သူ့ကို ဖျတ်ခနဲ လှမ်းကြည့်ပြီး နှုတ်ခမ်းကလေး စေ့ပြီး ပြုံးပြတယ်။

"ရော် ... ဘာဖြစ်လို့ မထိုင်ရဲရမလဲ ?၊ ရှေ့ကနေ ကြွတော်မူ၊ ကျွန်မ လိုက်ခဲ့ပါမယ်"

တဲ့ ...။ သူ့ရင်ထဲ နွေးနွေးကလေး လှိုက်ခုန် သွားခဲ့မိတယ်။ အဲဒီနေရာကလေးကို သူ ကြိုတင်ပြီး ရှာဖွေ ထားခဲ့ပြီးသားပါ။ ကျောင်းသားအသွားအလာရှင်းတဲ့ ကျောင်း နောက်ဖက်က ခုံတန်းလျားကလေးတစ်ခုပါ။ နေရာကလေး က သာယာဆန်တယ်။ ရိုမန့်တစ်လည်းဖြစ်တယ်။ တစ်ခါတစ်ရံ ချစ်သူစုံတွဲကလေးတွေ ထိုင်လေ့ရှိတတ်တယ်။ အဲဒီနေရာက လေးကိုမြင်မိတိုင်း သူ့ရင်ထဲ ပူနွေးခုန်လှုပ်သွားတတ်ပြီး သူမ ကို ပထမဆုံးချစ်တဲ့အကြောင်း ဖွင့်ပြောရင် ဒီနေရာကလေးကို ခေါ်လာခဲ့မယ်လို့ သူ တွေးမိတတ်တာ မကြာခဏပါ။ အခု တော့ သူ့စိတ်ကူးက တကယ်ဖြစ်လာခဲ့ပါပြီ။ အဲဒီ ထိုင်ခုံ ကလေးကိုရောက်တော့ သူမရဲ့မျက်နှာကလေးက တစ်မျိုးလေး ရယ်။

"ဟယ် ... ကြည့်စမ်း၊ ဒီနေရာကလေး ကိုယ့်ကျောင်း ထဲမှာ ရှိနေခဲ့မှန်းတောင် ကျွန်မ မသိခဲ့ပါလား၊ ဘုန်းမိုး က ပတ်ဝန်းကျင်လေ့လာမှုအားကောင်းသားပဲ၊ ငြိမ်း ချမ်းလိုက်တာနော်၊ နောက်ဆို အမြဲလာထိုင်ရမယ်"

"ကျွန်တော်နဲ့ လာထိုင်ရအောင်လေ ..."

သူ ခပ်တိုးတိုး ညင်ညင်သာသာကလေး ပြော

BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com





မိတယ်။ သူမက သူ့ကိုကြည့်ပြီး ပြုံးရုံသာပြုံးနေခဲ့တယ်။ သူ သူမရဲ့မျက်နှာကလေးကို မျက်တောင်မခတ်မိဘဲ တရှိုက်မက်မက် မက်မောတွယ်တာစွာ ငေးစိုက်ကြည့်နေခဲ့မိတယ်။ သူတို့ နှစ်ယောက်ကြားမှာ ထူးဆန်းတဲ့တိတ်ဆိတ်နက်ရှိုင်းမှုကလေး တစ်မျိုး တိုးတိတ်သိမ်မွေ့စွာ ရောက်ရှိလို့လာခဲ့တာကို သူရော သူမပါ နှစ်ယောက်စလုံး သတိထားမိကြတယ်။ သူ့ရင်တွေ အရမ်းခုန်လာခဲ့ပါပြီ . . .။

"နဂိုယဉ် . . . ကျွန်တော့်ကို နဂိုယဉ့်ရဲ့ချစ်သူဖြစ်ခွင့် ပေးပါလားဟင် ? . . ကျွန်တော် နဂိုယဉ့်ကို အရမ်း ချစ်တယ်၊ အဲဒါကို ဘာနဲ့မှ တားလို့ ထိန်းချုပ်လို့ မရတော့ဘူး"

သူမက ခုံတန်းကလေးမှာ ခြေကလေး ချိတ်ပြီး ထိုင်နေခဲ့တာပါ။ ခေါင်းကလေးက ခပ်ငုံ့ငုံ့ အနေအထား။ သူက သူမရဲ့ဘေးမှာမထိုင်ဘဲ သူမရဲ့မျက်နှာကလေးကို မြင်သာအောင် သူမရဲ့ ရှေ့တည့်တည့်မှာ ဆောင့်ကြောင့်ကလေး ထိုင်ပြီး သူမရဲ့မျက်နှာကလေးကို မော့ကြည့်နေခဲ့တာပါ။ သူမရဲ့မျက်နှာကလေးဆီမှာ သိပ်ထူးဆန်းတဲ့ ခံစားမှုတွေ ရိပ်ရိပ်ဖြတ်ပြေးနေသလိုပဲ။ သူမက လျှို့ဝှက်တိတ်ဆိတ်နေ



တံခွန်တိုင်စာပေ

မို့သူ စောင့်ကြည့်နေမိတယ်။

"နဂိုယဉ် . . . ကျွန်တော့်ကို ကြည့်ပေးပါဦး၊ စကား တစ်ခွန်းခွန်းပြောပါဦးနော်"

သူမက သက်ပြင်းကလေးတစ်ချက်ရှိုက်ပြီး သူ့ကိုကြည့်တယ်။ အမြဲတမ်း ပြုံးရိပ်ကလေးသမ်းနေတတ်တဲ့ မျက်နှာကလေးက အခုတော့ မျက်ရည်ကြည်တချို့စွန်းသီဝေ့ဝဲနဲ့ နွမ်းလျနေသလိုပါ။ သူ့ရင်ထဲ ထိတ်သွားမိတယ်။

"ဘာဖြစ်လို့လဲ နဂိုယဉ် . . . ကျွန်တော့်ကို စိတ်ဆိုး လို့လား"

"ဟင့်အင်း . . . စိတ်မဆိုးပါဘူး၊ ချစ်တာဟာ စိတ်ဆိုးစရာလားရှင်၊ ကျွန်မက လူတွေကို ပျော်စေချင်တဲ့ လူပါ။ ဘယ်သူ့ကိုမှ ကျွန်မကြောင့် မငိုစေချင်ဘူး၊ စိတ်မဆင်းရဲစေချင်ဘူး၊ ကျွန်မကိုချစ်လို့ ရှင် စိတ်ချမ်းသာမယ် ပျော်မယ်ဆိုရင် ချစ်ပါ ဘုန်းမိုး၊ ချစ်လို့ရပါတယ်၊ တစ်ခုပဲ ကတိပေးပါ"

"ဘာကတိလဲဟင် . . ."

သူ အလောတကြီး မေးမိတယ်။ သူမရဲ့ မျက်ဝန်းတွေ သိပ်လေးနက်သွားသလိုပဲ။



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့မှ မငိုပါဘူးလို့ . . ."

သူမအသံကလေးက အက်ဖွာသွားသလိုပဲ။ ဘာ လို့ငိုရမှာလဲ။ ကိုယ်သိပ်ချစ်မိတဲ့ မိန်းကလေးတစ်ယောက်ကို ချစ်မိတာဟာ ငိုစရာလား။ သူ နားမလည်နိုင်ပါ။ တစ်ခါတစ် ရံမှာ သူမရဲ့ စကားလုံးတချို့ကို သူ တကယ်လိုက်မမှီနိုင်ခဲ့။

"မငိုပါဘူး၊ ဘာဖြစ်လို့ ငိုရမှာလဲ၊ ကျွန်တော် ယောကျ်ား ပါ၊ မငိုတတ်ပါဘူး၊ ကျွန်တော် ကတိပေးပါတယ်"

"ဟုတ်ပြီ . . . အဲဒီကတိကို တည်နိုင်မယ်ဆိုရင် မနက် ဖြန်ကစပြီး ဆယ့်ငါးရက်တိတိစောင့်ပါ ဘုန်းမိုး၊ တစ် ရက်ကို Surprise ကလေးတွေ တစ်ခုစီ ကျွန်မ ပို့ပေး မယ်၊ ဆယ့်ငါးရက်ဆိုတော့ Surprise ဆယ့်ငါးခုပေါ့ နော်၊ အဲဒီအထဲမှာ ကျွန်မရဲ့အဖြေရှိတယ်၊ ရှင် ရှာ အောင်ရှာပေတော့ . . . အိုကေနော်"

သူ နည်းနည်းတော့ စိတ်လှုပ်ရှားသွားမိတယ်။ ဒီ ပဟေဠိမကလေးကတော့ မလွယ်ပါဘူး။

"အိုကေပါ နဂိုယဉ် . . ."

"ကဲ . . . ကျွန်မသွားတော့မယ်နော် . . . တာ့တာ ဘုန်းမိုး မလိုက်ခဲ့နဲ့တော့နော်၊ မနက်ဖြန်ကို ရင်ခုန်စွာနဲ့







စောင့်ပါ"

သူမက သူ့ရှေ့ကနေ တစ်လှမ်းချင်း ထ,လျှောက် သွားခဲ့ပါပြီ။ သူမ အရိပ်ကလေး သူ့မြင်ကွင်းထဲကနေ ပျောက် ကွယ်သွားတဲ့အထိ သူ ငေးငေးကလေးကျန်ရစ်ခဲ့တယ်။ သူမကို သူ ဘယ်လိုချစ်မိမှန်းကိုမသိ။

***





www.burmeseclassic.com

www.burmeseclassic.com

ရက်စွဲ . . .

(၁)





## Surprise ■ I

ဒီနေ့တစ်နေ့လုံး သူ့အာရုံတစ်ခုလုံးကို လွှမ်းမိုးနေခဲ့တာက သူမဆီကနေ ရောက်လာမယ့် ပထမဆုံး Surprise တလေးပါ။ မနက် အိပ်ရာကနိုးကတည်းက သတိအနေအထားနဲ့ နိုးလာခဲ့တာ။ တစ်ခုခုကို မျှော်လင့်ရင်ခုန်စွာ စောင့်စားရတဲ့ အဖြစ်ဟာ စိတ်လှုပ်ရှားဖို့တော့ အကောင်းသားရယ်။ ကျောင်းတက်တော့လည်း သူ့စိတ်တွေ ဂဏှာမငြိမ်နိုင်ဘူး။ သူငယ်ချင်းတွေကတောင် ရိပ်မိတယ် . . .။

"ဘုန်းမိုး . . .၊ မင်း တစ်ခုခုကို ရှာနေတာလား? ဘာဖြစ်နေတာလဲ ? မျက်လုံးတွေက ကျီးကန်းတောင်းမှောက်နဲ့"



တံခွန်တိုင်စာပေ
www.burmeseclassic.com

www.burmeseclassic.com



တဲ့။ သူမျက်လုံးတွေက ပတ်ဝန်းကျင်က လှုပ်ရှား
မှုတိုင်းကို သတိကြီးစွာ စောင့်ကြည့်နေခဲ့မိတာကိုး။ သူမဆီ
သွားတွေ့တော့လည်း သူမက ပုံမှန်ပဲ။ ခါတိုင်းလိုပဲ ပြောစရာ
ရှိတာပြော၊ ရယ်မောစရာရှိတာ ရယ်မောနဲ့ Surprise ဆိုတာကို
စကားထဲတောင် ထည့်မပြောပါဘူး၊ ခါတိုင်းလို 'အမည်မသိ
စာဆို' ကိစ္စတွေ message ပို့စရာရှိတာ ပို့၊ ဖုန်းနဲ့လှမ်းခိုင်းစရာရှိ
တာခိုင်း၊ ဘာမှ ထူးခြားမှုမပြဘူး။ သူမှာ မေးချင်တာက လျှာကို
ယားနေတာပါ။ သူမက ဘာမှ မသိသလိုလုပ်နေတာကိုလည်း
အသည်းယားမိတယ်။

အဲဒီနေ့က တစ်နေ့လုံး ဘာမှ မထူးခြားခဲ့ဘဲ အိမ်
ပြန်ရောက်မှ သူ့လွယ်အိတ်ထဲမှာ စာအုပ်ကလေးတစ်အုပ်
ရောက်နေခဲ့တာကို သတိထားလိုက်မိတာ။ စာအုပ်က အသစ်
လည်းမဟုတ်ဘူး။ တော်တော် ဟောင်းနွမ်းနေပါပြီ။ **စာရေး
ဆရာသုမောင်ရဲ့ ဝတ္ထုစာအုပ်ဟောင်းကလေးပါ။ "အချစ်" တဲ့။**
သူ စာအုပ်ကို ချက်ချင်းကောက်ဖတ်လိုက်မိတယ်။ ဝတ္ထုအဓိ
လမ်းကလည်း သူနဲ့သူမနဲ့ ဘာမှမဆိုင်ဘူး။ ဘာအဓိပ္ပာယ်လဲ
ဘာကိုဆိုလိုချင်တာပါလိမ့်။ သူ နားမလည်ပါ။ ရက်ပေါင်း
ဆယ့်ငါးရက်လုံးလုံး ရလာမယ့် ပဟေဠိဆီကနေ သူမရဲ့အဖြေ

ကို ရှာရမှာဆိုတော့ ခေါင်းစားမှာတော့ အသေအချာပါ။
ပထမဆုံးရောက်လာတဲ့ Surprise က 'အချစ်'ဆိုတော့ အဖြေ
အနေက မဆိုးလောက်ဘူးထင်တာပါပဲလေ။ ဒုတိယနေ့
ရောက်လာမယ့် Surprise ကို သူ မျှော်လင့်တကြီး သိချင်လာခဲ့
မိပြီ။ Surprise ကလေးတွေ များလာတဲ့အချိန်မှာတော့ သူ
ပဟေဠိကို အဖြေ ညှိနိုင်ကောင်းပါရဲ့လေ . . .။

***





www.burmeseclassic.com

www.burmeseclassic.com

# ရက်စွဲ . . .

# (၂)

## Surprise ■ II





ဒုတိယနေ့ကလည်း ပထမနေ့တုန်းကလိုပဲ သူ့ကို မျှော်လင့်စိတ်လှုပ်ရှားမှုတွေနဲ့ ဆွဲဆောင်ဖြားယောင်းခဲ့တာပါပဲ။ တစ်နေ့လုံးလုံး ဒီလိုဘဲ ဘာမှမထူးခြားခဲ့ဘဲ တမျှော်မျှော်နဲ့ ရှိနေခဲ့ပြီးမှ ညကိုးနာရီလောက်မှာ သူ့ဖုန်းဆီ **message တစ်စု** ဝင်လာခဲ့တာပါ။ သူ ကမန်းကတန်း ဖွင့်ကြည့်မိတော့ မျက်လုံးတွေ ဝိုင်းစက်သွားတယ်။ ထုံးစံအတိုင်း ဒီ message ကို သူ နားမလည်ပြန်ပါ။ လုပ်ပုံကိုလည်းကြည့်လေ။ သူမပို့တဲ့ message က နှစ်လုံးတည်း။

**"ဆိုတာ ..."**

တဲ့ . . .။ 'ဆိုတာ' ဆိုတာ ဘာပါလိမ့်လို့ သူ တစ်ညလုံး ခေါင်းတွေပူနေအောင် တွေးနေမိတယ်။ တော်တော်နဲ့ အဖြေမထွက်။ စဉ်းစားလို့မရလေ ပိုပြီးတော့ ခေါင်းပူလေ အိပ်မရလေပါ။ ရော် . . . ဒီကောင်မလေး တော်တော်ဒုက္ခပေးပါလားလို့ မချင့်မရဲ တွေးလိုက်မိသေးတယ်။ ကုတင်ပေါ်မှာ ပက်လက်ကြီးအိပ်ရင်း မျက်နှာကျက်ဆီ မျက်လုံးတွေ စိုက်တန့်ထားရင်း Surprises နှစ်ခုကို အဖြေညှိနေမိတာ ည ဆယ့်တစ်နာရီလောက်မှာ သူ့အာရုံထဲ လင်းခနဲ တစ်ချက်လက်သွားတယ်။ သုမောင်ရဲ့ 'အချစ်' ဝတ္ထုထဲက 'အချစ်'ကိုပဲ သီး



www.burmeseclassic.com

www.burmeseclassic.com



သန့်ဆွဲယူလိုက်ပြီး ဖုန်း message ထဲက 'ဆိုတာ' နဲ့ တွဲဆက်လိုက်မယ်ဆိုရင် "အချစ်ဆိုတာ" ဆိုတဲ့ စကားစုကလေးတစ်ခုအဖြစ် ပေါ်လာတယ်လေ။ သူမ အဲဒီလို စကားလုံးတွေနဲ့ သူမပြောချင်တဲ့ အဖြေကို ပုံဖော်ချင်တာများလားလို့ ဖျတ် ခနဲ တွေးမိသွားလို့ပါ။ တတိယနေ့မှာ ရောက်လာမယ့် Surprise ကလေးကို သိခွင့်ရရင် ပိုပြီးပုံပေါ်လာမယ် ထင်ပါရဲ့။ သူမနက်ဖြန်ကို စိတ်လှုပ်ရှားရင်ခုန်စွာနဲ့ မျှော်လင့်မိပြန်ပြီ။ အဲဒါဟာ မိန်းကလေးတစ်ယောက်ရဲ့ သိပ်လှတဲ့ မာယာတစ်ခုလား ? ညှို့ငင်မှုတစ်ခုလား . . . ၊ မနက်ဖြန်တိုင်းကို ရင်ခုန်စွာ မျှော်လင့်စောင့်စားတတ်လာအောင် သူမက သင်ပြပေးခဲ့တာပါ။

***





အပြုံးတစ်ခု ဖန်တီးဖို့ဆိုတာ

တကယ်တော့

ဆယ်စက္ကန့်လောက်ပဲ ကြာတာပါ..

ကိုယ့်ပတ်ဝန်းကျင်က လူတွေကို

တစ်ယောက်ကို

ဆယ်စက္ကန့်လောက်ကလေးတော့

အချိန်ပေးသင့်တယ်...။



www.burmeseclassic.com

www.burmeseclassic.com

ဆ



www.burmeseclassic.com

www.burmeseclassic.com

ရက်စွဲ . . .

(၃)





## Surprise ■ III

ဒီနေ့ တတိယနေ့ . . .။ သူ အစောကြီး ကျောင်းသွားဖို့ ဝီရိယကြီးလွန်းနေလို့ မေမေကတောင် မယုံနိုင်သလို မျက်လုံးပြူးကြီးနဲ့ သူ့ကို လှမ်းကြည့်နေတယ်။ သူ မေမေ့ကို ပြုံးပြလိုက်မိတယ်။ နံနက်ခင်းစာ ပဲပြုတ်နံပြားနဲ့ ကော်ဖီကို တမန်းကတန်းသွတ်ပြီး ပြိုင်ဘီးကလေးနဲ့ သူ ကျောင်းကို ထွက်ခဲ့တယ်။ ထုံးစံအတိုင်း ကျောင်းရောက်တာနဲ့ သူငယ်ချင်းတွေဆီ အရင်မသွားသေးဘဲ သူမ ရှိနေမယ့်နေရာကလေးဆီ အရင်ရောက်အောင် သွားမိတယ်။ သူမကို ကြည့်ကြည့်လင်လင် ပျော်ပျော်ရွှင်ရွှင်ကလေး တွေ့ရတယ်။





www.burmeseclassic.com

www.burmeseclassic.com





"နဂိုယဥ်ကိုတွေ့လိုက်ရင် ပြုံးရွှင်နေတာပဲနော်၊ တကယ် စိတ်ချမ်းသာဖို့ကောင်းတယ်၊ အဲဒီအပြုံးက ကျွန်တော် အပါအဝင် ဘေးပတ်ဝန်းကျင်ကလူတွေကိုပါ ကူးစက် သွားတတ်တယ်"

"ဟုတ်လား ? ကျေးဇူးပါရှင်၊ အပြုံးတစ်ခု ဖန်တီးဖို့ ဆိုတာ တကယ်တော့ ဆယ်စက္ကန့်လောက်ပဲ ကြာတာ ပါ ဘုန်းမိုးရယ်၊ ကိုယ့်ပတ်ဝန်းကျင်ကလူတွေကို တစ် ယောက်ကို ဆယ်စက္ကန့်လောက်ကလေးတော့ အချိန် ပေးသင့်တယ်လို့ ကျွန်မထင်တယ်လေ၊ အဲဒီ ဆယ် စက္ကန့်စာအပြုံးကလေးက လူမှုဆက်ဆံရေးကို ကျယ်ပြန့် သွားစေလောက်အောင် တန်ဖိုးရှိတယ်လေ၊ လူတစ် ယောက်ကို ပြုံးပြလိုက်ရတာ သူနဲ့ မိတ်ဆွေအဖြစ် ခင် မင်မသွားတောင် ရန်သူတွေ မဟုတ်ကြပါဘူးလို့ အသိ ပေးလိုက်သလိုပဲလေ .. ဟုတ်တယ်မှုလား၊ ဘယ် လောက်ပဲ မျက်နှာထားတင်းတဲ့၊ ဆိုးတဲ့ လူတစ်ယောက် ပဲဖြစ်ပါစေ ကိုယ့်ကို အငြိုးထားရန်လုပ်နေတဲ့သူပဲ ဖြစ် ပါစေ၊ ကိုယ့်ရဲ့အပြုံးက သူ့ရဲ့စိတ်ကို အနည်းနဲ့အများ





တော့ နူးညံ့ပျော့ပျောင်းသွားစေနိုင်တာပဲ ဘုန်းမိုးရဲ့၊ ကျွန်မကတော့ အပြုံးရဲ့ စွမ်းအင်ကို ယုံကြည်တယ်၊ ဒါကြောင့် ဘယ်သူ့ကိုမဆို ကိုယ်က အရင်စ,ပြီး ပြုံးပြ လိုက်တာပဲ၊ သူတို့ ပြန်ပြုံးပြမလားရယ်လို့လည်း မျှော် လင့်မထားဘူး၊ ပြန်မပြုံးပြလို့လည်း စိတ်မဆိုးဘူး၊ ကိုယ် က ပြုံးပြချင်လို့ကို ပြုံးပြလိုက်ပြီးသား၊ တစ်ဘက်က တုန့်ပြန်မှုကို ဘာမှ မျှော်လင့်မထားဘူး"

"တော်တော်စိတ်ကောင်းရှိတဲ့ ကလေးမပါလား၊ ဒါ ကြောင့် နဂိုယဥ်မျက်နှာကလေးက အပြုံးရိပ်ကလေး အမြဲသမ်းနေတာ"

သူကတော့ သူမရဲ့ စိတ်နေစိတ်ထားကလေး တွေ ပိုသိခွင့်ရလေ သူမကို ပိုပြီး အမြတ်တနိုး တန်ဖိုးထား မိတော့မလေပါ . . .။

သူမနဲ့ စကားတွေပြောပြီးမှ သူငယ်ချင်းတွေဆီ သွား အတန်းတက် ဒီနေ့တစ်နေ့လုံး ဘာမှကို မထူးခြားသေး။ ထုံးစံအတိုင်း အိမ်ပြန်ရောက်မှပဲ မေမေက သူ့ကို စက္ကူလိပ် ဖြူဖြူကလေးတစ်ခု လှမ်းပေးတယ်။





www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးတစ်ယောက် ကားနဲ့လာပြီး ပေးသွား တာ သားရဲ့"

လို့ ဆိုပါတယ်။ သူ အငိုလာတကြီးနဲ့ စက္ကူလိပ်ကလေးကို ဖြည်လိုက်မိတော့ **ခဲပန်းချီနဲ့ ရေးခြစ်ထားတဲ့ ပန်းချီကားလေးတစ်ခု။** အဲ့ဒီစရာကောင်းတာက **ခေါင်းဖြူဖြူ မုတ်ဆိတ်ဖြူဖြူ တောင်ဝှေးလေးနဲ့ ခါးကုန်းကုန်း အဘိုးအို တစ်ယောက်**ပုံဖြစ်နေတာမို့ သူ ဘယ်လိုမှ ဆက်စပ်တွေးကြည့်လို့မရပြန်ဘူး။ ဒီအဘိုးကြီးနဲ့က ဘာအဓိပ္ပာယ်လဲ။ ဘာကို ယူရမှာပါလိမ့် . . . အုံးစားပြန်ပြီ။ Surprises သုံးခုကို စားပွဲပေါ် ချပြီး သုံးခုကို ဆက်စပ်ကြည့်ဖို့ အဖြေရှာမိတယ်။ တကယ်တော့ သူငယ်ချင်းတွေကိုပါ စိုင်းပြီး အုံးစားခိုင်းချင်ပေမယ့် တစ်ယောက်တစ်ပေါက်နဲ့ဆိုရင် အဖြေနဲ့ဝေးသွားနိုင်တာမို့ သူတစ်ယောက်တည်း ကြိတ်မှိတ်ပြီး ဉာဏ်သုံးနေရတာပါ။

နောက်ဆုံးတော့ သူ အဲဒီသုံးခုကို စာရွက်ဖြူတစ်ခုပေါ်မှာ ချရေးကြည့်လိုက်မိတယ် . . .။ ဟောဒီလို . . .။

"အချစ် . . ဆိုတာ . . အဘိုးကြီး"







ပြီးတော့ သူ ခေါင်းတရမ်းရမ်းနဲ့ ရယ်မိပါတော့တယ်။ စတုတ္ထနေ့ကို ဆက်မျှော်နေအောင် လက်စသတ်တော့ သူမက အခန်းဆက်အဖြေထုတ်နေခဲ့တာကိုး။ ဘာပဲဖြစ်ဖြစ် အနတ်ဖြန့်ကို သူ အသည်းအသန် မျှော်လင့်နေမိပြန်ပြီလေ။

***



www.burmeseclassic.com

www.burmeseclassic.com

ရက်စွဲ . . .

(၄)





## Surprise ■ IV

ဒီနေ့တော့ မနက်အစောကြီးပဲ သူ့ဖုန်းထဲ message တစ်ခုဝင်လာခဲ့တယ်။ "တဲ့" တစ်လုံးတည်း . . .။ ယင်ယင်တုန်းက အင်္ဂလိပ်စကားလုံးတွေ ဆက်စပ်ကြည့်တဲ့ အစားနည်းကလေးကို သူ သတိတရရှိသွားတာနဲ့ အဲဒီနည်း အတိုင်းပဲ ဆက်ကြည့်လိုက်ပါတယ်။

"အချစ် . . ဆိုတာ . . အဘိုးကြီး . . တဲ့ . ."

ဆိုလိုချင်တာကို သူ သဘောမပေါက်နိုင်သေး ပေမယ့် မနက်ဖြန်ရောက်လာမယ့် Surprise ကလေးကို မျှော် လျှင့်ပါပြီ။ လေးစားပါတယ် ကောင်မလေးရေ . . .။

***





www.burmeseclassic.com

www.burmeseclassic.com

ရက်စွဲ . . .

(၅)





## Surprise ■ V

သူ့ဆီကို ပါကင်လှလှနဲ့ စည်းနှောင်ထုပ်ပိုးထား တဲ့ **လက်ဆောင်ထုပ်ကလေးတစ်ခု** ရောက်လာပါတယ်။ ဖွင့် ကြည့်တော့ အထဲမှာ ဘာမှမရှိပါ။ အဲဒီတော့ သူတွေးကြည့်ရ သလောက် 'လက်ဆောင်' ဆိုတာကိုပဲ ဆွဲယူလိုက်မိတယ်။ ဆက်ကြည့်လိုက်မိတော့ . . .

"အချစ်ဆိုတာ အဘိုးကြီးတဲ့လက်ဆောင်"

လို့ အဓိပ္ပာယ်ပေါ်လာတာမို့ သူ လျှောက်နေတဲ့ လမ်း မမှားလောက်ဘူးလို့ ယူဆမိပါတယ်။ 'အဘိုးကြီး' ဆို တာ တန်ဖိုးကြီးတဲ့တဲ့ အဓိပ္ပာယ်လို့ ယူဆရမယ်ထင်ပါရဲ့။ သူ့ အဓိပ္ပာယ်နဲ့သူတော့ ဟုတ်တော့နေပါပြီလေ။

***



တံခွန်တိုင်စာပေ
www.burmeseclassic.com

www.burmeseclassic.com



ရက်စွဲ . . .

(၆)



## Surprise ■ VI

ဒီနေ့တော့ ဖုန်း message ကလေးပါ။ "တစ်ခုပါ" တဲ့။ သူ ဆက်စပ်အမိပ္ပာယ်ဖော်နေတာ မမှားလောက်ဘူးဆိုရင် ဟောဒီစာတန်းကလေး ပေါ်လာပါပြီ။

"အချစ်ဆိုတာ တန်ဖိုးကြီးတဲ့ လက်ဆောင် တစ်ခုပါ. . ."

***



www.burmeseclassic.com

www.burmeseclassic.com

ရက်စွဲ . . .

(၇)



## Surprise ■ VII

စာရေးဆရာမ လမင်းမိုမိုရဲ့ နာမည်ကြီးခဲ့တဲ့ စာအုပ်ကလေးပါ။ **'မောင်' ဆိုတဲ့ ဝတ္ထုစာအုပ်ကလေး။** ဒါပေမယ့် မောင်ရဲ့အောက်မှာ မှင်အနက်ကလေးနဲ့ ထပ်ဖြည့်ထားတဲ့ အောက်ကမြစ်အစက်ကလေးကြောင့် သူက 'မောင့်'လို့ ခွဲယူထားလိုက်ပါတယ် . . .။

***



www.burmeseclassic.com

www.burmeseclassic.com



ရက်စွဲ . . .

(၈)



## Surprise ■ VIII

'အတွက်' လို့ တစ်လုံးသာရေးထားတဲ့ ကဒ်ဖြူဖြူလေး တစ်ကဒ်။

***



တံခွန်တိုင်စာပေ
www.burmeseclassic.com

www.burmeseclassic.com

ရက်စွဲ . . .

(၉)



# Surprise ■ IX

ရက်စွဲ (၅)တုန်းကနဲ့ တစ်ပုံစံတည်း။ **ဝါကင် လှလှထုပ်ပိုးထားခဲ့တဲ့ လက်ဆောင်ထုပ်ကလေးတစ်ထုပ်။** '**လက်ဆောင်**'ဆိုတဲ့ စကားလုံးကိုပဲ သူ ပြန်ယူခဲ့ပါတယ်။ ရက်စွဲ ၇, ၈, ၉ ကို ဆက်တွဲလိုက်ရင် '**မောင့်အတွက်လက်ဆောင်**' ပေါ့။

***



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ရက်စွဲ . . .

(၁၀)



## Surprise ■ X

ဝါကင်လိပ်ကြီးတစ်လိပ်။ ပါကင်ပေပါချည်း
တ်သက်မှု သူ အဓိပ္ပာယ်မဖော်တတ်ခဲ့ပါ။

***





www.burmeseclassic.com

www.burmeseclassic.com

## ရက်စွဲ . . .

## (၁၁)





## Surprise ■ XI

ပန်းနုရောင် •ရာမ ဖဲပွင့်ကြီးတစ်ပွင့် . . . ။

***





www.burmeseclassic.com

www.burmeseclassic.com

ရက်စွဲ . . .

(၁၂)





Surprise ■ XII

ဖဲကြိုး အဖွေ့တစ်ဖွေ့။ ပန်းရောင်ကလေးပါ။

***



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ရက်စွဲ . . .

(၁၃)





## Surprise ■ XIII

**ဆယ်လိုတိပ်(ပ်)ခွေတစ်ခွေ။**

သူ ဘယ်လိုမှ အဓိပ္ပာယ်ဖော်လို့ မရသေးပါ။ ပစ္စည်းတွေကို စုလိုက်ရင်တော့ တစ်ခုခုကို လက်ဆောင်အ ... ထုပ်ပိုးဖို့ ပြင်ဆင်ရမယ့်သဘောလို့ သူ ထင်ပါတယ်။ ဘာ ... ထုပ်ရမှာလဲ ?။ မနက်ဖြန် သူထုပ်ပိုးရမယ့် ပစ္စည်းတစ်ခုခု ... ရောက်လာနိုင်မလား . . . ဆိုပြီး မနက်ဖြန်ကို အရူးအမူး ... မိပြန်ပါပြီ။



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရက်စွဲ . . .

(၁၄)



## Surprise ■ XIV

**ပန်းချီကားချပ်ကလေးတစ်ခု။** ခုံတန်းလျားက
းတစ်ခုနဲ့ ဖားဖားဝေဝေ သစ်ပင်ကြီးတစ်ပင်။ အဲဒီနေရာ
လေးကို သူ ကောင်းစွာမှတ်မိပါတယ်။ **သူမတို့ 'ချစ်တယ်'**
**မြတ်မြတ်နိုးနိုးနဲ့ ရင်ဖွင့်ခဲ့တဲ့နေရာကလေး။** သူရင်တွေ
နှုန်မြန်သထက် မြန်လာခဲ့ပါပြီ။

***



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ရက်စွဲ . . .

(၁၅)





# Surprise ■ XV

ဒီနေ့ သူ့ရဲ့စိတ်ကို တစ်ခုခုက လှုံ့ဆော်နေခဲ့သလို ...။ ဒါကြောင့် သူ အဲဒီနေရာကလေးဆီ ဒီနေ့ သွားကြည့်ဖို့ ဆုံးဖြတ်လိုက်ချိန်မှာ သူ့ဖုန်းထဲကို **message တစ်ခု** ဝင်လာခဲ့တယ်။

**'၁၀, ၁၁, ၁၂, ၁၃' ယူခဲ့ဖို့ မမေ့နဲ့နော်"**

တဲ့ . . .။ သူ စဉ်းစားဖို့ သိပ်မခက်ပါဘူး။ အဲဒီ ...ပါတ်တွေဟာ Surprises ရက်စွဲတွေကလွဲပြီး ဘာဖြစ်နိုင်ဦးမှာ ...။ ၁၀, ၁၁, ၁၂, ၁၃ ဆိုတာ ပါကင်လိပ်ကြီးရယ်၊ ပန်းနုရောင် ...ဖွင့်ကြီးရယ်၊ ဖဲကြိုးခွေရယ်၊ ဆယ်လိုတိပ်(ပ်)ရယ်ပေါ့။ ဒီနေ့ဟာ ...သူ စောင့်ခိုင်းခဲ့တဲ့ ဆယ့်ငါးရက်နေ့မြောက်လည်း ဖြစ်တယ် ...။ အဲဒါတွေအားလုံးကို အိတ်တစ်အိတ်ထဲမှာ တစ်စု တစ်စည်းတည်း ထည့်ယူလာခဲ့ပြီး သူ ကျောင်းထဲက အဲဒီနေရာလေးကို ရောက်လာခဲ့ပါတယ် . . .။

***



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"အချစ်ဆိုတာ...
တန်ဖိုးကြီးတဲ့ လက်ဆောင်တစ်ခုပါ
မောင့်အတွက် လက်ဆောင်
ကျွန်မပါ"



www.burmeseclassic.com

www.burmeseclassic.com

# ၉



www.burmeseclassic.com

www.burmeseclassic.com



(၉)

မျှော်တော့ မျှော်လင့်ထားခဲ့ပေမယ့် ခုလို သူမကို ဒီခုံတန်းက လေးပေါ်မှာ စင်းစင်းကလေးတွေ့ရလိမ့်မယ်လို့ သူ မထင်ခဲ့ပါ။ သူမက အဖြူရောင် လွလွကလေးနဲ့ သန့်စင်ချင်တိုင်းသန့်စင် လို့၊ အပြုံးကလေးက ရှင်းသန့်တောက်ပလို့ . . .။

"နဂိုယဉ်"

သူ တိုးတိတ်စွာ ခေါ်မိတယ်။ သူမက မျက်လုံး ကလေးတွေကို စင်းစင်းချမှိတ်လိုက်ပြီး . . .

"ကျွန်မရဲ့ကိုယ်ပေါ်မှာ ပါကင်ပေပါကလေးတွေ ကပ် ပေးပါနော်"

တဲ့ . . .။ သူမပြောတဲ့အတိုင်းပဲ ပါကင်ပေပါ ...နဲ့ သူမကို တတ်နိုင်သလောက် ကပ်ပေးမိတယ်။ သူမက ...ယ်လိုတိပ်(ပ်)ကလေးတွေ ကူဖြတ်ပေးရင်း မတ်တပ်ရပ် ...တ်သားကလေး။ ပြီးတော့ ဖဲကြိုးစည်းပေးရတယ်။ ဖဲပွင့်



တံခွန်တိုင်စာပေ
www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုတော့ သူမရဲ့ရင်ဘတ်မှာ ချိတ်နဲ့တွယ်ပေးရတယ်။ မျက်နှာကလေးကလွဲပြီး သူမတစ်ကိုယ်လုံး ပါကင်ပေပါနဲ့ ထုပ်ပိုးထားတဲ့ လက်ဆောင်တစ်ခုအသွင်သဏ္ဍာန်ကလေးပေါ်လာတော့တယ်။

"ကျွန်မပါ . . ."

ဆိုတဲ့ အသံကလေးနဲ့ သူမက သူ့ရှေ့ကိုလာရပ်တယ်။ ခုအချိန်မှာ သူ့အတွက် အလှပဆုံးလက်ဆောင်တစ်ခု အနက်နဲဆုံးအဖြေတစ်ခု သူ ရခဲ့ပါပြီ။ သူမရဲ့ Surprises ကလေးတွေကို စုစည်းလိုက်ရင် . . .

**"အချစ်ဆိုတာ တန်ဖိုးကြီးတဲ့ လက်ဆောင်တစ်ခုပါ၊ မောင့်အတွက် လက်ဆောင် 'ကျွန်မပါ' "**

တဲ့ . . .။ သူ သူမရဲ့လက်ကလေးကို အမြတ်တနိုး လှမ်းဆွဲယူလိုက်မိတယ်။ အဲဒီလက်ကလေးကို သူ့ရင်ဘတ်ဆီမှာ ကပ်ထားမိတယ်။

"ကျွန်တော့်အတွက် သိပ်အဖိုးတန်တဲ့ ဘာနဲ့မှ နှိုင်းလို့မရတဲ့ ဒီလက်ဆောင်အတွက် ကျေးဇူးပါ နဂိုယဉ်ရယ်၊ ကျွန်တော်တစ်သက်လုံး မက်မက်မောမော တန်ဖိုးထားပါ့မယ်၊ အမြတ်တနိုး စောင့်ရှောက်ပါ့မယ် သစ္စာရှိရှိ





ထိန်းသိမ်းပါ့မယ်၊ ကတိပေးပါတယ်"

အနီးအနားတဝိုက်မှာ ဘယ်သူမှရှိမနေလို့ တော်ပါသေးတယ်။ သူမကိုယ်သူမ လက်ဆောင်အဖြစ်ပေးခဲ့တဲ့ အဲဒီ ခိတ်ကူးကလေးကိုလည်း ရင်နဲ့အမျှ ကျေနပ်ပီတိဖြစ်ရပါ တယ်။ ဒီလိုနဲ့ သူမဟာ သူ့ရဲ့ချစ်သူကလေးအဖြစ် လူသိရှင်ကြား ဖြစ်လာခဲ့တော့တာပါ . . .။

***



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ရဲ့ဘဝမှာ ကိုယ်ယုံကြည်တဲ့ အလုပ်ကို လုပ်ခွင့်ရနေတဲ့အခါ ပျော်ရွှင်ကျေနပ်နှစ်သက်နေ မိသလို ကိုယ်သိပ်မြတ်နိုးသူတစ်ယောက်ကို ချစ်ခွင့်ရနေရခြင်း ဟာလည်း အချိန်တိုင်းကို ကြည်နူးပျော်ရွှင်စွာ မက်မောနေ စေပါတယ်။ 'ချစ်သူ' ဆိုတဲ့ စာလုံးကလေးကိုက ရိုးရှင်း သလောက် အင်အားရှိလွန်းပါတယ်။ လူတစ်ယောက်ရဲ့စိတ်ကို ဖမ်းစားလွှမ်းမိုးနိုင်စွမ်းရှိလွန်းပါတယ်။ အရင်တုန်းကတော့ တစ်ယောက်တည်းပဲ။ ခုတော့ ဆုပ်တွဲစရာ လက်ကလေးတစ် ဖက် ရှိခဲ့ပြီမို့ အင်မတန်နွေးထွေးပါတယ်။ တစ်နေ့တစ်နေ ကျောင်းမှာ အတူတူတွေ့ကြတဲ့အခါ စကားတွေ သိပ်အများ ကြီး မပြောဖြစ်ပေမယ့် လက်ကလေးချင်းတော့ တွဲထားမိတတ် ပါတယ်။ သူမနဲ့ နီးကပ်လာမှ သူမရဲ့စိတ်နှလုံး ဖြူစင်သိမ်မွေ့ လွန်းတာရယ်၊ သူများဆီကနေ ရယူဖို့ထက် ပေးကမ်းဖို့ကိုသာ ပိုပြီး ဆန္ဒရှိတတ်လွန်းတာရယ်၊ လူတိုင်းကို ပျော်ရွှင်စေချင်






လွန်းတာရယ် . . . အဲဒီစိတ်ထားကလေးတွေကို ပိုပိုသိခွင့် ရလာခဲ့တာပါ။ အဲဒီတော့ ပိုပိုချစ်လာမိပါတယ်။ တစ်ရက်တော့ သူ သိပ်သိချင်နေတဲ့ မေးခွန်းတစ်ခု သူမကို မေးကြည့် လိုက်မိတယ်။

"ယဉ့်ခေါင်းမှာ ပုဝါလေးတွေ အမြဲစည်းထားတတ်တယ် နော်၊ ဘာဖြစ်လို့လဲဟင်၊ ကိုယ်က ယဉ့်ကို ဆံနွယ်က လေးတွေနဲ့ မြင်ချင်တာ၊ တစ်ခါမှ မတွေ့ဖူးလို့ . . ."

သူမက ပြုံးစိစိကလေး လုပ်နေတယ်။ ပြီးတော့ ချစ်စနိုး ကျီစယ်ရိပ်သမ်းတဲ့ မျက်နှာကလေးနဲ့ . . .

"ယဉ်က ကတုံးကြီးနဲ့ဆို ချစ်ဦးမှာလား . . ."

တဲ့ . . .။

"ဟာကွာ . . . ကတုံးဆိုလည်း ချစ်မှာပေါ့ ယဉ်ရဲ့၊ ယဉ့်ကို ချစ်တာ စိတ်နှလုံးလေးကို ချစ်တာပါ၊ နဂိုယဉ် ဆိုတဲ့ ခပ်ထူးထူးဆန်းဆန်းကောင်မလေးကို ချစ်တာ၊ အပေါ်ယံအလှတွေနဲ့ တကယ်မဆိုင်ပါဘူးကွာ၊ ဆံပင် တွေမပါလည်း ချစ်မှာပဲ၊ သွားတွေမပါလည်း ချစ်တာပဲ၊ ကိုယ့်အတွက် ကြင်နာတတ်တဲ့နှလုံးသားကလေးရှိတာ နဲ့တင် လုံလောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com





သူမက . . .

"ပိုတယ်ကွာ"

လို့ . . . ညည်းရင်း သဘောတကျ ရယ်မော လို့ . . . ။ နောက်တစ်ရက်မှာ ပုဝါကလေးမပါဘဲ ဆံပင်နက်နက်စင်းစင်းအိအိကလေး ဖားဖားဝေဝေချပြီး ကျောင်းကို ရောက်လာတော့ သူတောင် ရုတ်တရက် မမှတ်မိ။

"ဟယ် ! မောင် ဘာကြည့်နေတာတုံး၊ ကျွန်မတောင် ရှက်လာပြီ"

"ဟား . . . တကယ်ဝန်ခံရရင် ယဉ့်ကို ကိုယ် မမှတ်မိဘူး၊ အရမ်းလှတယ်ကွာ၊ နေ့တိုင်း ဆံပင်ကလေးတွေ ဒီအတိုင်း ချထားပါလား ယဉ်ရာ၊ လှလိုက်တာ၊ ဘာဖြစ်လို့ ဒီလောက်လှတဲ့ ဆံပင်တွေကို ပုဝါတွေနဲ့ ဖုံးကွယ် စည်းနှောင်ထားရတာလဲ ကောင်မလေးရာ"

"တချို့လျှို့ဝှက်ချက်တွေက လူတွေကို ပျော်ရွှင်အံ့သြစေတယ်၊ တချို့လျှို့ဝှက်ချက်တွေကတော့ လူတွေကို ထိခိုက်နာကျင်စေနိုင်တယ် မောင်ရဲ့၊ ကျွန်မက ပျော်ရွှင်အံ့သြစရာ လျှို့ဝှက်ချက်တွေကိုပဲ ကြိုက်တယ်၊ အဲ့ဒါကြောင့်ပါ"

တဲ့ . . . ။ ဘာကြောင့်မှန်း မသိဘူး။ သူမရဲ့ အဖြေကို သူ သိပ်နားမလည်သလိုပါ။ သူမရဲ့ ဆံပင်လှလှတွေနဲ့ ပျော်ရွှင်အံ့သြစရာ လျှို့ဝှက်ချက်က ဘာဆိုင်လို့ပါလိမ့်။ ဘယ်လိုအပ်စပ်မှုရှိလို့ပါလိမ့်။ သူ တကယ် နားမလည်ပါ။ ဒါပေမယ့် သူမကို ထပ်မမေးမိခဲ့။ တစ်နေ့လုံး သူမရဲ့ ဆံနွယ်လှလှကလေးတွေကိုပဲ ကြည့်ကောင်းကောင်းနဲ့ ငေးနေခဲ့မိတာပါ။

နောက်တစ်နေ့မှာတော့ သူမက ထုံးစံအတိုင်း ဆံနွယ်တွေကို မမြင်ရလေအောင် ပုဝါလှလှတွေနဲ့ ပြန်လည်စည်းနှောင်ခဲ့ပါပြီ။ သူကလည်း ထပ်ပြီး မတောင်းဆိုတော့ပါဘူးလေ။ ဘဝမှာ တစ်ခါမြင်ခွင့်ရတယ်ဆိုရင်ပဲ ကျေနပ်ပါတယ်။

***









www.burmeseclassic.com

www.burmeseclassic.com





'အမည်မသိစာဆို' ဆိုတဲ့ လျှို့ဝှက်ကစားပွဲကလေးကို ကျောင်း
ထဲမှာ နေ့တိုင်းလိုလို ကစားနေဆဲပါပဲ။ ချစ်သူတွေဖြစ်လာ တော
တချို့ကိစ္စတော်တော်များများကို သူမက သူနဲ့ တိုင်ပင်
ညှိနှိုင်းလေ့ရှိတတ်ပါတယ်။ ပြီးတော့ နဂိုယဉ်ဟာ မယုံနို
လောက်အောင်ကို ချစ်သူကို ချစ်ပြနိုင်သူလည်း ဖြစ်ပါတယ်
အသေးအမွှားကလေးတွေ အသေးစိတ်ကလေးတွေကအ
ဂရုတစိုက်ရှိလွန်းတတ်တာက အံ့သြစရာပါ။ ချစ်သူတွေ စဖြ
တဲ့ နေ့ကစပြီး သူ့စိတ်ထဲမှာ ပြုံပြင်စရာ၊ အနှောင့်အယှ
အဖုအထစ်ကလေးရယ်လို့တောင် မရှိစေခဲ့ရ။ ချစ်သူဘ
စိတ်ကောက်ခြင်းလည်းမရှိ၊ ရန်ဖြစ်ရတာ သဘောထားကွဲ
စရာ ပဋိပက္ခလည်း မရှိ၊ သူမဘက်က အစဉ်သဖြင့် နားလည်
မှု အပြည့်နဲ့ အလိုက်တသိ ဂရုတစိုက်ရှိလွန်းလှတာမို့ အ
ပြေလွန်းလှတာပါ။





"ယဉ်ရယ် . . . ယဉ်က ကိုယ့်အတွက်ပဲ အလိုက်သိနေတော့တာပဲ၊ တစ်ခါတစ်လေများ ယဉ့်အတွက် တောင်းဆိုပါဦးလား၊ ကိုယ့်ကို စိတ်လေးဘာလေးများ ကောက်ဖို့ကြိုးစားပါလား၊ ရန်တွေဘာတွေ ဖြစ်ရအောင် စိန်ခေါ်ပါလား"

လို့ သူကတောင် ပြောယူရတဲ့အထိ။ အဲဒီအခါကျတော့လည်း သူမက ပြုံးနေပြန်တယ်။

"မောင်ကလည်း၊ နေ့တိုင်းနေ့တိုင်း အသက်တစ်ရက်ရှင်သန်ခွင့်ရနေတယ်ဆိုရင်ပဲ ကျေးဇူးတင်စရာ ပျော်စရာကောင်းလှပြီ၊ ဒီလောက်တန်ဖိုးရှိတဲ့တစ်ရက်ကို ဘာဖြစ်လို့များ စိတ်ကောက်ကာတွေ၊ ရန်ဖြစ်တာတွေနဲ့ အချိန်ဖြုန်းရမှာလဲ၊ အတွေးနဲ့တောင် နှမြောစရာကောင်းလှပြီ၊ ပြီးတော့ လူတစ်ယောက်ကို တကယ်ချစ်မိပြီဆိုရင် သူ နာကျင်အောင် ဘယ်တော့မှမလုပ်သင့်ပါဘူး၊ သူ့ကို ပျော်အောင်ပဲလုပ်ပေးချင်တယ်၊ ကျွန်မကို ချစ်ရတဲ့အတွက် မောင် သက်ပြင်းတစ်ချက်တောင် ယောင်ပြီး မချမိစေရဘူး၊ အမြဲပျော်နေစေရမယ် သိလား"





www.burmeseclassic.com

www.burmeseclassic.com



တဲ့ . . . ။ အဲဒီစကားလေးတစ်ခွန်းနဲ့တင် သူ နှစ်သိမ့်ကျေနပ်ရောင့်ရဲသွားခဲ့မိတာပါ။ သူမကိုလည်း ဘယ်လိုချစ်မိမှန်းမသိဘူး။ ဒီလောက် သိတတ်လွန်းတဲ့ချစ်သူကို ရခဲ့တာလောက် လောကကြီးကို ကျေးဇူးတင်မိတာ မရှိတော့ပါ။

***







အဲဒီနေ့က ကျောင်းကို သူ အစောကြီးရောက်တယ်။ သူမနဲ့ ဆုံနေကျနေရာကလေးမှာ သူမကို ထိုင်စောင့်တယ်။ ရောက်နေကျအချိန်ထက် နောက်ကျပြီး သူမရောက်လာသေးတာနဲ့ သူမဆီ message ကလေးပို့မိတယ်။ စာပြန်လာခဲ့ဘူး။ စိတ်ပူလာတာနဲ့ ဖုန်းခေါ်ကြည့်တော့ ဖုန်းမကိုင်ဘူး။ သူ့ရင်တွေ ပူလာတယ်။ ဘာဖြစ်လို့ပါလိမ့်။ တစ်ခါမှ အခုလို မဖြစ်ဖူးတာမို့ သူ နေမထိထိုင်မသာနဲ့ သူမရဲ့ သူငယ်ချင်းတွေကို လိုက်ရှာတယ်။ အတန်းထဲမှာ တွေ့ပါတယ် . . . ။

"နဂိုယဉ်နဲ့ အဆက်အသွယ် ရကြလားလို့ဗျာ၊ ကျောင်းလည်း မလာဘူး၊ message ပို့တော့လည်း မပြန်ဘူး၊ ဖုန်းဆက်တော့လည်း ဖုန်းမဖြေဘူး၊ တစ်ခါမှ ခုလို မဖြစ်ဖူးဘူးဗျ၊ ဘာဖြစ်နေမှန်း မသိဘူး"

"အဲဒါ ပုံမှန်ပဲရှင့်၊ နဂိုယဉ်က တစ်လတစ်ခါလောက် ကျောင်းပျက်နေကျ၊ တစ်ခါပျက်ရင် တစ်ပတ်ဆယ်ရက်





www.burmeseclassic.com

www.burmeseclassic.com



ကြာတယ်၊ မေးရင်လည်း ခရီးပဲထွက်သွားသလိုလို၊ နေပဲမကောင်းသလိုလိုနဲ့ ဝေ့လည်ကြောင်ပတ်ဖြေတတ်တယ်၊ အဖြေမှန် ဘယ်တော့မှ မပေးဘူး၊ ကျွန်မတို့လည်း သူမသိစေချင်တဲ့ကိစ္စမို့ သိပ်ပြီး ဆက်မမေးမိပါဘူး”

“သူ့အိမ်လိပ်စာရော ခင်ဗျားတို့မှာရှိလားဟင်၊ ကျွန်တော် လိုက်သွားမလို့”

“ဟောတော် . . . ရှင်က သူ့ချစ်သူလေ၊ ကျွန်မတို့ထက် ရှင်က ပိုသိရမှာပေါ့ရှင်၊ ကျွန်မတို့က သူငယ်ချင်းလေ၊ သူနဲ့ခင်ပေမယ့် သူ့ကိုယ်ရေးရာဇဝင်ကို သူပေးသိသလောက်ပဲ သိရတာရှင့်၊ နဂိုယဉ်တ သိပ်ခင်စရာကောင်းတာမှန်ပေမယ့် သူက အနေအထိုင် သိပ်သိုသိပ်လျှို့ဝှက်တာရှင့်၊ သူ့အိမ်လိပ်စာ ကျွန်မတို့ကို ပြောပြမထားဘူးရှယ်”

အဲဒီတော့မှ သူ မျက်ခုံးပင့်ရပြီ . . .။ သူမသူငယ်ချင်းတွေက အမှန်အတိုင်း ရိုးသားပွင့်လင်းစွာ အဖြေပေးခဲ့တာပါ။ လိမ်နေတာမဟုတ်မှန်း သူ သိပါတယ်။ သူ ဘာဆက်လုပ်ရမလဲ။ ရုတ်တရက်ကြီး ကိုယ့်ချစ်သူ ပြုန်းခနဲ ပျောက်သွားတဲ့ကိစ္စ။ ဘယ်မှာ လိုက်ရှာရမှန်းလည်း မသိတော့



တံခွန်တိုင်စာပေ



ဘူး။ သူမလိပ်စာကို ကျောင်းသားရေးရာမှာလည်း သွားစုံစမ်းလို့မရ။ သူ့ရင်တွေ ဆူပွက်နေခဲ့ပြီ . . .။ ငြိမ်လွန်းတော့လည်း လှိုင်းဝေ့ဝေ့ကလေးတောင် မထင်ခဲ့သလောက်၊ ရုတ်တရက် ကြီး မုန်တိုင်းထန်သလို ဝုန်းဒိုင်းကြဲမွှေနှောက်ခဲ့တော့တာပါ။

သူမကို လုံးဝဆက်သွယ်လို့မရခဲ့တာ တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်၊ ငါးရက်၊ ခြောက်ရက်၊ တစ်ပတ်တိတိ ရှိခဲ့ပြီ။ သူ ဘယ်လိုမှနေလို့မရတော့လောက်အောင် အရူးတပိုင်းဖြစ်နေပြီ။ ကျောင်းထဲမှာ ‘အမည်မသိစာဆို’ ဆိုတဲ့ လျှို့ဝှက်ကစားပွဲကလေးတောင် ထူးထူးခြားခြား တိတ်ဆိတ်လို့။ ဘာယက်ရှင်ဖြစ်တဲ့သူမကိုမှ ဆက်သွယ်လို့မရတာလေ။ ဖုန်း messages တွေလည်း သူ့ဘက်က ပို့ခဲ့တာများ ဖုန်းနဲ့မဆံ့တော့လို့ လျှံထွက်ကုန်မလားတောင်ထင်ရတယ်။ ဖုန်း missed calls တွေဆိုတာလည်း အဲဒီအတိုင်းပါပဲ။ မတွေ့ရတာကြာမှ သူမကို ဘယ်လောက်တွေ့ချင်နေမိမှန်း ကိုယ်တိုင် ဖွတ်ဖွတ်လူး ခံစားရမှ သိခွင့်ရတော့တယ်။ ဆုံးရှုံးရတော့မှာလားလို့ တွေးလိုက်မိတော့မှပဲ သူမကို ဘယ်လောက် မက်မောတွယ်တာစွဲလန်းနေခဲ့မိမှန်း သိခွင့်ရလိုက်တယ်။ သူမ ထားသွားခဲ့ပြီလားလို့ ကြောင့်ကြစိုးရိမ်လိုက်မိမှပဲ သူမကို သူ ဘယ်လောက် ချစ်



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးနေမိမှန်း သိခဲ့ရပါတယ်။ အရိုးသားဆုံး ဝန်ခံရရင်

မျက်ရည်ကျမိတဲ့အထိ သူမကို လွမ်းတာပါ။ နင့်နေအောင်

တမ်းတမိတာပါ။

***



တံခွန်တိုင်စာပေ

သူမ မရှိတဲ့

လောကကြီးက

လိုးဝကို မလှပပါဘူး



www.burmeseclassic.com

www.burmeseclassic.com

# ၁၂



www.burmeseclassic.com

www.burmeseclassic.com


(၈)

သေသေချာချာ မှတ်ထားခဲ့သူမို့ ဆယ်ရက်တိတိ ပြည့်တဲ့နေ့ကို ရောက်ခဲ့ပြီ။ သူ ရှုးတော့မယ်။ သူ့နှလုံးသားတွေ ...ားနိုင်လောက်အောင် အထိမခံနိုင်လောက်အောင် ကွဲ ...တုန်တော့မယ်။ သည်းသည်းထန်ထန် မျှော်လင့်နေမိသ ...တ် မျှော်လင့်ချက်တွေ ကင်းမဲ့သလောက်နီးပါး ဖြစ်ခဲ့ပြီ။ ...င်တစ်ခုလုံး လေးလံနေတယ်။ ဒီလိုနဲ့ပဲ သူမ ပျောက်ကွယ် ...တော့မှာလား။ သူ့ကို အိပ်မက်တွေပေးပြီး ထားသွားခဲ့ပြီ ... သူ့ကို ပင့်သက်လေးတရှိုက်တောင် ယောင်ယမ်းပြီး ...ချင်ခဲ့တဲ့ ချစ်သူက ပင့်သက်များစွာနဲ့အတူ ထားပစ်ခဲ့ပြီ ... သူမအကြောင်းတွေချည်း ထပ်တလဲလဲတွေးနေမိရင်း ... စကားတစ်ခွန်းကို ဖျတ်ခနဲ သွားသတိရလိုက်မိတော့ ...ယ်ခန္ဓာက ဆတ်ခနဲ မတ်သွားခဲ့တယ်။ မှတ်မှတ်ရရ သူမကို ...ယ်လို့ ဖွင့်ပြောခဲ့တဲ့နေ့တုန်းကပါ။





www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကိုချစ်လို့ ရှင် စိတ်ချမ်းသာမယ်၊ ပျော်မယ်ဆို ရင် ချစ်ပါ ဘုန်းမိုး၊ ချစ်လို့ရပါတယ်၊ တစ်ခုပဲ ကတိ ပေးပါ"

"ဘာကတိလဲဟင် . . ."

လို့ သူ ပြန်မေးတော့ . . .

"ဘယ်တော့မှ မငိုပါဘူးလို့ . . ."

လို့ သူမ ပြောခဲ့တာ။ တစ်ချိန်ချိန်မှာ သူ့ကို ငို ကြွေးစေလောက်တဲ့ လျှို့ဝှက်ချက်တစ်ခုခု သူမမှာ ရှိနေခဲ့လိမ့် မယ်လို့ သူ ဘာလို့ မတွေးခဲ့မိတာလဲ။

နောက်တစ်ခု သံသယဝင်စရာက သူမ ဆံနွယ် ကလေးတွေကို မြင်ခွင့်ရခဲ့တဲ့နေ့ကပါ။

"တချို့လျှို့ဝှက်ချက်တွေက လူတွေကို ပျော်ရွှင်အံ့ဩ စေတယ်၊ တချို့လျှို့ဝှက်ချက်တွေကတော့ လူတွေကို ထိခိုက်နာကျင်စေတယ် မောင်ရဲ့၊ ကျွန်မက ပျော်ရွှင် အံ့ဩစရာ လျှို့ဝှက်ချက်တွေကိုပဲ ကြိုက်တယ် . . ."

တဲ့ . . .။ အဲဒီကတည်းက သူမ ဘာအဓိပ္ပာယ် နဲ့ပြောခဲ့မှန်း သူ လိုက်မမီခဲ့။ ခုလို ပျောက်ဆုံးသွားချိန်ကျမှ ဟိုတစ်စ ဒီတစ်စ သံသယဖြစ်စရာ ကွင်းဆက်ကလေးတွေကို





လိုက်ရှာဖွေ ဆက်စပ်ကြည့်နေခဲ့မိတာပါ။ သေချာပါတယ်။ သူမဆီမှာ သူ့ကို မသိစေချင်တဲ့ လျှို့ဝှက်ချက်တစ်ခုတော့ ရှိ နေခဲ့ပါပြီ။ ထွက်ပေါက်ရယ်လို့ လုံးဝရှာမတွေ့လောက်အောင် သိပ်မွန်းကြပ်ဆို့နင့်လာတဲ့အခါ သူမနဲ့ဆုံနေကျ နေရာကလေး မှာပဲ သူ အလွမ်းပြေ သွားသွားထိုင်မိတတ်လာတယ်။ ဒါပေ မယ့်လည်း အဲဒီနေရာကလေးရောက်သွားတိုင်း အလွမ်းတွေ တမ်းတမှုတွေက သူ့ရင်တစ်ခုလုံးဆီ နေရာလပ်မကျန်အောင် အနှံ့အပြား တိုးဝင်လာခဲ့တော့တာပါ။ သူမ မရှိတဲ့ လောက ကြီးက လုံးဝကို မလှပပါဘူး။ ဘာမှ လုပ်ချင်ကိုင်ချင်စိတ် မရှိလောက်အောင်ကို စိတ်လေနေမိတာ။

အဲဒီခဏမှာပဲ သူ့ မျက်လုံးအစုံကို ညင်သာနူးညံ့ လွန်းတဲ့ လက်ကလေးတစ်စုံက ဖြုန်းခနဲ ထိတွေ့ပိတ်ပစ်လိုက် တယ်။ သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး မျှော်လင့်တကြီး မေး လိုက်မိတယ်။

"ယဉ် . . ယဉ်လားဟင်၊ ဟာကွာ . . ယဉ်ရယ်၊ ကိုယ် ရူးတော့မယ်၊ မင်း ဘယ်လိုလုပ်လိုက်တာလဲကွာ"

သူမရဲ့လက်ကလေးတွေကို အလောတကြီးဆွဲ ဖယ်လိုက်ပြီး သူမ နောက်တစ်ကြိမ်ပျောက်ဆုံးသွားမှာ စိုးရိမ်

www.burmeseclassic.com





ကြောင့်ကြကြီးစွာနဲ့ သူမရဲ့ ကိုယ်ခန္ဓာကလေးကို တင်းကြပ်နေအောင် ပွေ့ဖက်ထားလိုက်မိတယ်။ သူမ မျက်နှာကလေးက ခါတိုင်းထက်ပိုပြီး ကြည်လင်ဖျော့တော့နေသလိုပါ။ ပြီးတော့ သူမ ခန္ဓာကိုယ်ကလေးက သိသိသာသာပဲ ပါးလှပ်သွယ်လျှသွားခဲ့တယ်။

"မောင့်ရဲ့အချစ်ကို စမ်းကြည့်တာပါ၊ မောင် ကျွန်မကို ဘယ်လောက်များချစ်သလဲလို့ သိချင်လို့ပါ၊ ကျွန်မ မရှိရင် မောင် ဘယ်လိုများနေမလဲလို့ တိတ်တိတ်ကလေး ပုန်းနေပြီး လိုက်ချောင်းကြည့်နေခဲ့တာ"

"ဟုတ်ရဲ့လား ယဉ်ရယ်၊ ကိုယ် ယဉ့်ကို အရိပ်ကလေးတောင် မတွေ့မိဘူး၊ ဆယ်ရက်ကြီးများတောင် စမ်းသပ်ရသလားကွာ၊ မတော်တဆ ဟာ့တ်အတက်(ခ်)ရပြီး ကိုယ်လျှောသွားရင် ဘယ်လိုလုပ်မလဲ၊ တကယ်ရက်စက်တဲ့ ကောင်မလေးကွာ၊ ကိုယ် လုံးဝ မကျေနပ်ဘူး၊ ကိုယ့်ကို ကျေနပ်တဲ့အထိ ပြန်ချော့ရမယ် . . . ဒါ အမိန့် ပဲ"

"ချော့ပါ့မယ်ရှင်၊ မောင် ကျေနပ်တဲ့အထိ ချော့မှာပါ ဒါပေမယ့် တစ်ခုတော့ ပြောရဦးမယ်၊ မောင် ကတိမတည်ဘူးနော်"

"ဟမ် . . . ဘာကတိမတည်မိလို့လဲ ယဉ်ရဲ့"

"မောင် ငိုတယ်လေ၊ ကျွန်မကို ချစ်ရင် ဘယ်တော့မှ မငိုပါဘူးလို့ မောင်ကတိပေးထားတယ်လေ"

သူ ရှက်ကိုးရှက်ကန်းပြုံးမိတယ်။

"အဲဒါ ငိုတာမဟုတ်ပါဘူး . . လွမ်းလွန်းလို့ မျက်ရည်က သူ့အလိုလို ကျသွားတာပါ"

လို့ သူ ဆင်ခြေပေးတော့ သူမက ခပ်လွင့်လွင့်လေးပြုံးရင်း သူ့ပခုံးထက်မှာ ခေါင်းကလေးမှီချလိုက်တယ်။

"မောင်ရယ် . . . နောက်တစ်ခါ လွမ်းရင် မငိုပါနဲ့ ကွယ်၊ ကျွန်မကို တကယ်လွမ်းရင် မောင်ပျော်အောင်နေပေးပါ၊ ဘာဖြစ်လို့လဲဆိုတော့ မောင်ပျော်နေမှ ကျွန်မ စိတ်ချမ်းသာမှာလေ၊ ချစ်တဲ့လူနှစ်ယောက်ဆို တာ တစ်ယောက်ကိုတစ်ယောက် မငိုစေချင်ကြဘူးလေ၊ ဟုတ်ရဲ့လား . . ."

"ဟုတ်ပါတယ် . . . ဒီဆယ်ရက်အတွင်းမှာ ယဉ်ရော တကယ်မငိုမိဘူးလား၊ မလိမ်တမ်းဖြေ"

"သိပ်ငိုချင်တာပေါ့၊ ဒါပေမယ့် မငိုမိအောင် ထိန်းချုပ်ရတာပေါ့၊ ကျွန်မငိုရင် မောင် ပိုနာကျင်ထိခိုက်လိမ့်





www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ တွေးလိုက်ရင် ငိုချင်စိတ်က ဖျတ်ခနဲ ပျောက်သွားရော၊ မောင်ရယ် လူ့ဘဝဆိုတာ ဘာတစ်ခုမှ သေချာပိုင်နိုင်တယ်ဆိုတာ မရှိဘူးလေ၊ တစ်ခုပဲ မောင့်စိတ်ထဲမှာ အမြဲယုံကြည်စိတ်ချထားပေးပါ၊ မောင့်ကို ကျွန်မချစ်တာ ထာဝရထက်ပိုပါတယ်ဆိုတာကိုပါ၊ ကျွန်မဘဝတလျှောက်လုံး မောင့်တစ်ယောက်တည်းကိုပဲ မြတ်မြတ်နိုးနိုး ကိုးကွယ်ယုံကြည်မိပါတယ်၊ ကျွန်မ အမြဲတမ်း ယုံကြည်စိတ်ချနေမိတာလည်း မောင့်ကိုပဲ ကျွန်မ နေ့တိုင်း စိတ်မချနိုင်လောက်အောင် နောက်ဆံတင်းနေမိတာလည်း မောင့်ကိုပါပဲ"

"ဆယ်ရက်လုံးလုံး ဘာတွေလုပ်နေခဲ့တာလဲကွာ၊ ယဉ် ပိန်ကျသွားသလိုပဲ၊ နေလို့ရောကောင်းရဲ့လား"

"နေကောင်းတယ်လို့ မောင့်ကို မလိမ်ချင်ဘူး၊ ကျွန်မ နေလို့မကောင်းတာတော့ အမှန်ပဲ မောင်၊ ဒီရက်ပိုင်းတွေမှာ နေမကောင်းလို့လည်း မောင့်ကို မတွေ့ဘဲနေတာပါ၊ တစ်ခါတစ်ခါ ကျွန်မတစ်ယောက်တည်း နေတာ ပိုကောင်းသလိုပဲ၊ ကျွန်မကိုကြည့်ပြီး ကျွန်မချစ်တဲ့ သူတွေ စိတ်မကောင်းဖြစ်ရ ကြေကွဲရတာကို ကျွန်မ







မလိုချင်ဘူး၊ ကျွန်မကြောင့် ပျော်နေတာပဲ မြင်ချင်တယ်"

"ယဉ် . . ."

သူ သူမကို မြတ်မြတ်နိုးနိုး တမ်းတမ်းတတ အသံမျိုးနဲ့ ခေါ်လိုက်မိတယ်။ သူမက ရိုးရိုးကလေးပဲ . . .

"ရှင် . ."

လို့ ပြန်ထူးပါတယ်။

"ကိုယ့်ကို ယဉ့် အိမ်လိပ်စာလေးလောက်တော့ ပေးထားပါကွာ . . . နော်၊ အရေးဟာယ် အကြောင်းရယ်ဆို ကိုယ့်မှာ ဘယ်လိုက်ရှာရမှန်းမသိဘူး၊ ပြီးတော့ ယဉ့်ရဲ့ မိသားစုနဲ့လည်း ကိုယ့်ကို တွေ့ပေးထားဖို့ တောင်းဆိုပါရစေ၊ ကိုယ့်ကို ယဉ့်ဘဝရဲ့ အမိက အစိတ်အပိုင်း တစ်ခုအဖြစ်တော့ နေရာပေးထားပါကွာ . . . နော်၊ ကိုယ် ယဉ့်ရဲ့ ရိုးရိုးသာမန်ချစ်သူတစ်ယောက် မဖြစ်ချင်ဘူး၊ ယဉ် ထားပစ်ခဲ့တိုင်း ဘာမသိဘာမသိနဲ့ ကျန်ရစ်ခဲ့တဲ့သူ မဖြစ်ချင်ဘူး၊ ယဉ့်ဘဝ အစအဆုံးကို နက်နက်နဲနဲ သိထားခွင့်ရသူဖြစ်ချင်တယ်၊ နောက်ဆုံး ကိုယ် ချန်ထားရစ်ခံရမယ်ဆိုရင်တောင် ဘာကြောင့် ချန်ထားခံရသလဲဆိုတာ သိခွင့်ရချင်တယ်၊ ကိုယ့်အပေါ် လျှို့





www.burmeseclassic.com

www.burmeseclassic.com

ဝှက်ချက်တွေ ဘာတစ်ခုမှ မထားစေချင်ဘူး ယဉ်၊ ယဉ် ပြောခဲ့သလို ထိခိုက်နာကျင်စရာ လျှို့ဝှက်ချက် ဖြစ် စေဦးတော့ ကိုယ်သိထားခွင့်ရပါရစေ”

သူ အရူးအမူးပဲ တောင်းဆိုမိပါတယ်။ ခဲမှန် ပြီးတဲ့ စာသူငယ်ကလေးလို သူ နောက်တစ်ကြိမ် မထိမှ အောင် ကြိုတင်ပြင်ဆင်မှုတွေလုပ်နေမိပြီ . . .။ သူမက ထေ လေးနက်နက် မျက်နှာထားကလေးနဲ့ ငြိမ်သက်နေတယ် ဟင့်အင်းလို့လည်း မငြင်းဆန်သလို ကတိလည်း မပေးပြန်ဘူး တစ်ခုခုကိုတော့ အလေးအနက်တွေးနေခဲ့တာ အသေအချာ သူကလည်း သူမကို ဇွတ်မတောင်းဆို ဖိအားမပေးခဲ့ပါဘူး အရာရာဟာ သူမစိတ်တိုင်းကျ သူမသဘောဆန္ဒအတိုင်းပဲ လိုက်နာချင်တယ်လေ။

***




မသေခင် ဘယ်လိုနေထိုင် လှုပ်ရှားသွားမယ်ဆိုပြီး

စနစ်တကျ ပြင်ဆင် စီစဉ်ထားခဲ့ပြီးသားပါ။

အဲဒီ ပြင်ဆင်ခြင်းထဲမှာ...

ချစ်သူကို နောင်ဘယ်တော့မှ ချစ်ခွင့်မရှိတော့ဘူးဆိုတဲ့

မက်မောမှုမျိုးနဲ့ ချစ်မြတ်နိုးဖို့ဆိုတာ...

မပါဝင်ခဲ့။


www.burmeseclassic.com

www.burmeseclassic.com

# ည



www.burmeseclassic.com

www.burmeseclassic.com



(ည)

အခန်းကလေးထဲမှာ တိတ်ဆိတ်ငြိမ်သက်လို့ . . .။ ယဉ် သက်ပြင်းကလေး ဖွဖွချမိရင်း နှုတ်ခမ်းကလေးကိုက်ထားမိတယ်။ လျှို့ဝှက်ချက်တွေကို ချစ်မြတ်နိုးလွန်းလို့မဟုတ်ပေမယ့် အရာရာကို လျှို့ဝှက်ချက်တွေနဲ့ ဖြတ်သန်းနေရတဲ့ ကိုယ့်ဘဝကိုယ် တစ်ခါတစ်လေတော့လည်း စိတ်ပျက်မိပြန်တယ်။ မောင့်ကို မတွေ့ခဲ့ခင်အချိန်ထိ ယဉ့်ဘဝဟာ ရိုးရိုးကလေး။ တစ်ချိန်ချိန်မှာ ဘယ်သူမှ မသိလိုက်ရဘဲ ဒီလောကကြီးထဲကနေ တိုးတိုးတိတ်တိတ်ကလေး ပျောက်ကွယ်သွားဖို့ အစစအရာရာကို စနစ်တကျ ကြိုတင်ပြင်ဆင်ခဲ့ပြီးသား။ ယဉ့်အတွက် ဘာသံယောစဉ်မှ ချန်ထားရစ်ခဲ့စရာမလို။ ဖေဖေနဲ့မေမေ့ကို လုံးဝကြိုတွေးမျှော်လင့်မထားတဲ့နည်းနဲ့ ဆုံးရှုံးလိုက်ရပြီးတဲ့နောက်မှာ ယဉ့်အတွက် ဘဝဆိုတာ သိပ်မက်မောတွယ်တာစရာ



တံခွန်တိုင်စာပေ
www.burmeseclassic.com

www.burmeseclassic.com





မကောင်းတော့။ ဖေဖေနဲ့မေမေတို့ ချန်ထားရစ်ခဲ့တဲ့ စည်းစိမ်ချမ်းသာတွေဆိုတာက ယဉ့်တစ်ဘဝစာလုံး သုံးလို့ပင်မကုန်နိုင် . . .။ အဲဒီလောက် များပြားတဲ့ ငွေကြေးချမ်းသာတွေကို ယဉ်တစ်ယောက်တည်း သုံးဖို့ထက် ယဉ်မသေခင် အခြားတစ်ပါးသော လိုအပ်နေသူတွေဆီ မျှဝေပေးခဲ့ဖို့ ယဉ်ဆုံးဖြတ်ခဲ့မိချိန်ကစပြီး 'အမည်မသိစာဆို' ဆိုတဲ့ ကစားနည်းကလေး ပေါ်ပေါက်လာခဲ့တာပါ . . .။

'သေခြင်းတရား' ဆိုတဲ့အရာက ဆင်းရဲချမ်းသာ မရွေး အသက်အရွယ်ကြီးငယ်မ---ွး စိတ်ကောင်းရှိသူ၊ မရှိသူ မရွေး သူ သတ်မှတ်ထားတဲ့အချိန်မှာ တစ်ချက်ကလေးမှ မျက်နှာမလိုက်ဘဲ မငဲ့ညှာမထောက်ထားဘဲ ခေါ်ယူတတ်သူဆိုတာကို သိခွင့်ရခဲ့တာက ယဉ်ကိုယ်တိုင် AML ဆိုတဲ့ Acute Myeloid Leukaemia လို့ခေါ်တဲ့ သွေးကင်ဆာဝေဒနာကို စတင်ခံစားနေရချိန်မှာပါ။ သိပ်တုန်လှုပ်ကြောက်ရွံ့ခြင်းမြင့် မနေတော့ဘဲ မသေခင် ဘယ်လိုနေထိုင်လှုပ်ရှားသွားမယ်ဆို ပြီး စနစ်တကျ ပြင်ဆင်စီစဉ်ထားခဲ့ပြီးသားပါ။ အဲဒီပြင်ဆင်ခြင်း ထဲမှာ ချစ်သူကို နောင်ဘယ်တော့မှ ချစ်ခွင့်မရှိတော့ဘူးဆိုတဲ့ မက်မောမှုမျိုးနဲ့ ချစ်မြတ်နိုးဖို့ဆိုတာ မပါဝင်ခဲ့။ မောင့်ကို ချစ်လိုက်မိချိန်ကစပြီး ဒီဘဝကို အဆုံးမသတ်ချင်တော့လောက်အောင် ဘဝအပေါ် မက်မောတွယ်တာမှုတွေ ဝင်လာခဲ့ပြီ။ မောင့်ကို ဘယ်လိုပုံစံမျိုးနဲ့ စွန့်ခွာချန်ရစ်ထားခဲ့ရပါ့မလဲဆိုတဲ့ သွေးပျက်ချောက်ချားမှုတွေ နောက်ဆံတင်းစရာတွေ ပေါ်လာခဲ့ပြီ။ အတတ်နိုင်ဆုံး မောင့်ကို ထိခိုက်နာကျင်ခံစားမှု နည်းနိုင်သမျှနည်းအောင် ပြင်ဆင်ကာကွယ်ပေးခဲ့ချင်လှပါတယ်။ အဆုံးစွန်ပြောရရင် ဒီလောကမှာ ယဉ်မရှိတော့ရင်တောင် မောင် မသိစေရဘဲ ယဉ် တစ်နေရာရာမှာ အသက်ရှင် ထင်ရှားရှိနေဆဲပဲဆိုတဲ့ ခံစားမှုကလေး မောင့်ရင်ထဲမှာ ရှိနေစေချင်မိတာပါ။

'ငွေကြေး'နဲ့ ပျော်ရွှင်စိတ်ချမ်းသာမှု တချို့တော်တော်များများကို ယဉ် ဝယ်ယူနိုင်ခဲ့ပြီးပြီ။ လူတွေကို သူတို့ရဲ့ ဆန္ဒတွေ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးရင်း ပျော်ရွှင်စေခဲ့သလို ယဉ်လည်း ပျော်ရွှင်ခဲ့တာပါပဲ . . .။ အခုတော့ မောင့်ကို ပျော်ရွှင်စေချင်မိပြန်ပြီ . . .။

မှန်ထဲမှာ ယဉ့်မျက်နှာကလေးက နေလို့သိပ်မကောင်းလှပေမယ့် နွမ်းလျမနေခဲ့ပါ။ စိတ်ရဲ့စွမ်းအင်ကို ယုံကြည်သူမို့ စိတ်ဆောင်ထားတဲ့အတိုင်း လူက လန်းဆန်းနေသ









www.burmeseclassic.com

www.burmeseclassic.com



ယောင်။ ဘယ်အချိန်ရယ်လို့ အတိအကျမပြောနိုင်ပေမယ့် သိပ်မကြာခင်အချိန်ကလေးတစ်ခုမှာ ယဉ် အားလုံးကို စွန့်ခွာ ချန်ထားခဲ့ရတော့မယ်ဆိုတာကို ကြိုသိထားသူတစ်ယောက် နှင့်တောင် မတူပါ။ ယဉ့်မှာ လုပ်စရာတွေအများကြီး။ စီစဉ်ချန် ရစ်ထားခဲ့ရမှာတွေကို စနစ်တကျ ကြိုတင်စီစဉ်လို့။ အချိန်တွေ က ယဉ့်အသက်နဲ့ ထပ်တူထပ်မျှ တန်ဖိုးရှိလွန်းလှပါရဲ့။ ဒါကြောင့် ယဉ် အချိန်လည်း မဖြုန်းနိုင်ပါ။ တစ်ခါတစ်ခါ Chemo ယူပြီး ဆေးတွေသွင်းပြီးချိန်မှာ လူက မခံမရပ်နိုင် လောက်အောင် ဝေဒနာကို အလူးအလှိမ့်ခံစားရချိန် ခဏက လေးပဲ ယဉ့်ဝေဒနာတွေကို ဘယ်သူမှ မသိနိုင်အောင် အခန်း အောင်းပြီး ကြိတ်မှိတ်ခံစားပြီး နေသာထိုင်သာရှိပြီဆိုတာနဲ့ ယဉ် အိပ်ရာထက်ကနေ ငေါက်ခနဲ ထ,ထွက်တော့တာပါ။ ခုတလောတော့ ဝေဒနာက ပိုပိုဆိုးလာခဲ့တာကို ကိုယ်တိုင်ပဲ အသိဆုံး။

"သွားရတော့မယ် ... သွားရဖို့ ရက်သိပ်မလိုတော့ ဘူး ... နေခွင့်ရဖို့ ရက်သိပ်မကျန်တော့ဘူး"

ဆိုတဲ့ အသံကလေးက ခုတလော ယဉ့်ကိုယ်ခန္ဓာ တွင်းမှာ ဝဲလည်လှည့်ပတ်လို့။ အဲဒါကြောင့်လည်း နေထိုင် ကောင်းတာနဲ့ လုပ်စရာရှိသမျှကို ဇောနဲ့မာန်တင်းပြီး လုပ်ကိုင် နေမိတယ်။ ခုတလော လူတွေ့အင်တာဗျူးတွေ အထပ်ထပ် လုပ်ပြီး မိန်းကလေးတစ်ယောက်ကို စိတ်တိုင်းကျ၊ အသည်း အသန် ရှာဖွေနေခဲ့မိတာပါ။ လူအယောက်သုံးဆယ်ထဲကနေမှ ရှားရှားပါးပါး တစ်ယောက်တည်း စိတ်တိုင်းကျခဲ့ပါတယ်။ သူမနာမည်က 'မြတ်နိုးစံပွင့်' တဲ့ ...။ ယဉ့်အသံအတိုင်း ထပ်တူနီးပါး လေယူလေသိမ်း ပြောဟန်ဆိုဟန်ကအစ 'ယဉ်နဲ့ တူအောင် ပြောနိုင်သူပါ။ စံပွင့်ကို နှစ်နှစ်စာ စာချုပ်ချုပ်ပြီး လခပါ တစ်ခါတည်း အပြတ်ပေးစနစ်နဲ့ ငှားရမ်းလိုက်ပြီးက တည်းက နေ့တိုင်း ယဉ်နဲ့ တစ်နာရီခွဲ နှစ်နာရီကြာအောင် အချိန်ယူ လူချင်းတွေ့ပြီး ယဉ်ပြောချင်သမျှ စကားတွေကို စနစ်တကျ အသံသွင်းထားခဲ့သလို အဲဒီအသံအတိုင်း ထပ်တူ စံပွင့်ကိုပါ အပြောလေ့ကျင့်စေခဲ့တာပါ။ ယဉ်နဲ့မောင့်ရဲ့ ဇာတ်လမ်းအစအဆုံးကို မချွင်းမချန် စံပွင့်ကို သိစေခဲ့ပြီးသား အပြင် ယဉ့်ရဲ့ စိတ်နေစိတ်ထားတွေ စိတ်ဓာတ်ရေးရာ အတွေး အခေါ် အယူအဆတွေအားလုံး စံပွင့် အလွတ်နီးပါးရနေ အောင် ပြောပြရိုက်သွင်းပေးထားခဲ့တာပါ။

အထူးသဖြင့် ယဉ် မရှိတော့တဲ့နောက်ပိုင်းမှာ







www.burmeseclassic.com

www.burmeseclassic.com



စံပွင့်က ယဉ်အဖြစ် အသံနဲ့ဆက်ပြီး ရှင်သန်သရုပ်ဆောင်ပေး ရမှာမို့ ဖုန်းပြောတာကို အချိန်ယူပြီး ကျင့်နေခဲ့တာပါ။ ဖုန်း တစ်လုံးစီကိုင်ပြီး ယဉ်က မောင်အဖြစ် သရုပ်ဆောင်ပြီး စံပွင့် ကတော့ ယဉ်အဖြစ် အပြန်အလှန်ပြောကြတဲ့အချိန်တိုင်းမှာ ယဉ် မျက်ရည်မကျမိအောင် အတော်ထိန်းယူရပါတယ်။ မောင် သေချာပေါက် ပြောနိုင်တဲ့ စကားလုံးတွေ ရှာဖွေတိုင်း မောင့် နေရာမှာ ကိုယ်စားဝင်ရောက်သွားခဲ့သလို မောင့် ခံစားချက် တွေကိုလည်း ရင်နဲ့အမျှ ထပ်တူထပ်မျှ ယဉ် ခံစားရပြန်ပါ တယ်။

"ဘယ်တော့ပြန်လာမှာလဲ ယဉ်ရယ်၊ မပြန်လာသေးဘူး လား . . . မောင် လွမ်းလှပြီ"

"မောင်ကလဲ . . . ၊ နှစ်နှစ်ကျောင်းတက်ဖို့ ထွက်ခဲ့တာ လေ၊ ကျွန်မ လွမ်းလို့ နေ့တိုင်းဖုန်းခေါ်တာပေါ့၊ မောင် ဒီနေ့ ဘာတွေလုပ်ဖြစ်သလဲ ပြောပြ၊ 'အမည် မသိစာဆို' ကစားပွဲတလေးအကြောင်းလည်း ပြောပြ ဦး"

စံပွင့်က ယဉ့် လေယူလေသိမ်းအတိုင်း တသေ မတိမ်း ပြောနိုင်သူပါ။





"တော်လိုက်တာ စံပွင့်ရယ်၊ ကျွန်မအသံကို ကျွန်မ ပြန် နားထောင်နေရသလိုပဲ၊ ဖြစ်နိုင်ရင်တော့ စံပွင့်က နဂို ယဉ်အဖြစ် စကားနည်းနည်းပဲပြောပြီး မောင်ပြောသမျှ ကို များများနားထောင်ပေးပါနော်၊ စကားနည်းတော့ အမှားလည်းနည်းတာပေါ့၊ တတ်နိုင်သ၍ သူ မရိပ်မိ သ၍ ကြိုးစားပြီး သရုပ်ဆောင်ပေးပါ၊ သူ ဘယ်လောက် ပဲ လူချင်းတွေ့ဖို့ တောင်းဆိုတောင်းဆို စံပွင့် စိတ်ကို အလိုမလိုက်ပါနဲ့နော်၊ နဂိုယဉ်အဖြစ်ပဲ ဆက်ပြီး ပုန်းနေ ပေးပါ၊ နှစ်နှစ်ပြည့်သွားလို့ စံပွင့် ဆန္ဒရှိခဲ့ရင် ဆက်ပြီး တော့ သရုပ်ဆောင်ပေးစေချင်ပါတယ်၊ အဲဒီအတွက် နောက်ထပ်နှစ်နှစ်စာ extension အတွက် ကြိုပြီး စီစဉ် ထားခဲ့မှာပါ . . ."

"ယဉ်ရယ် . . . ယဉ့်ကို ကျွန်မ ဘယ်လို အံ့ဩမိမှန်း မသိဘူး၊ ပြောမပြတတ်လောက်အောင်ပဲ ယဉ့်ရဲ့အချစ် ကို လေးစားပါတယ်၊ ကျွန်မကို စိတ်ချ၊ ကျွန်မကို သူ မရိပ်မိသ၍ ကျွန်မ ဆက်ပြီး ကူညီနေမယ်၊ ယဉ့်ကိုယ် စား ဒီဇာတ်ကလေးကို အလွမ်းဇာတ်မဖြစ်အောင် ကျွန်မ ဆက်ပြီး က,သွားမှာပါ၊ သူ့စိတ်ထဲမှာ သူ့နှလုံး သားထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ယဉ်သည် ဘယ်တော့မှ မသေစေရဘူး။ အမြဲ ရှင်သန်နေစေရမယ် . . နော်”

စံပွင့်ရဲ့ကတိစကားကလေးက ယဉ့်ကို စိတ်ချလက်ချ ရှိစေပါတယ်။ စံပွင့်ကိုလည်း ကျေးဇူးတင်မိတယ်။ စံပွင့်ရဲ့ ခန္ဓာကိုယ်ကလေးကို ခပ်တင်းတင်းကလေးပွေ့ဖက် ရင်း ယဉ် အကြာကြီးပဲ ငြိမ်သက်နေခဲ့မိပါတယ်။ ပိုက်ဆံတွေ အများကြီးပေးပြီးတော့သာ ဝယ်ခွင့်ရမယ်ဆိုရင် ဒီလောကမှာ ဆက်ပြီး အသက်ရှင်နေထိုင်ခွင့်ကို ရှိရှိသမျှ စည်းစိမ်တွေ အကုန်ပုံအောပြီး ယဉ် ဝယ်ယူချင်လိုက်တာ . . .။ အဲဒီ မောင့်အတွက်ပါ။

***







ခုတလော ယဉ့်ကြည့်ရတာ ပိုပိုပြီး ထူးဆန်းလာတယ်လို့ သူ ထင်မိတယ်။ သူ့ကို အမြဲလိုလို ငေးကြည့်နေတတ်တဲ့ မျက်ဝန်းတွေက သိပ်ကို လျှို့ဝှက်သိပ်သည်းလွန်းလို့ သူ ဘာသာပြန်လို့မရအောင်ကို ခက်ခဲလွန်းပါတယ်။ သူ ဘာပဲ သုပ်လုပ် သတိရလို့ ယဉ့်ကို လှမ်းကြည့်မိတိုင်း ယဉ့်မျက်ဝန်းတွေက သူ့ဆီမှာ စိုက်တန့်လို့။

“ယဉ် . . . ခုတလော ကိုယ့်ကို အရမ်းကြည့်တာမဲ၊ ဘာဖြစ်လို့လဲ ယဉ်၊ ယဉ် နေကောင်းရဲ့လား”

လို့ သူမေးတော့ ယဉ်က ရှက်ကိုးရှက်ကန်းကလေး ပြုံးတယ် . . .။

“ကျွန်မ နေကောင်းပါတယ် မောင်ရဲ့၊ မတွေ့ရမယ့် ရက်တွေအတွက်ပါ အတိုးချပြီး မောင့်မျက်နှာကို အလွတ်မှတ်နေတာပါ။ ဘယ်တော့မှ ထပ်ကြည့်ခွင့် မရှိတော့ဘူးဆိုတဲ့ မက်မောမှုမျိုးနဲ့ ကြည့်နေတာပါ”





www.burmeseclassic.com

www.burmeseclassic.com





"ဘာဖြစ်လို့ ဘယ်တော့မှ ထပ်ကြည့်ခွင့် မရှိရတော့မှာလဲ၊ ယဥ်ကလဲ ဘာတွေပြောမှန်း မသိဘူး၊ ကိုယ်တို့ အမြဲတွေ့ခွင့်ရနေမှာပါ၊ ဘယ်တော့မှ ဘာအကြောင်းနဲ့မှ ခွဲစရာအကြောင်းမရှိဘူး၊ ကိုယ့်ဘဝထဲကနေ ယဥ့်ကို ဘယ်ကိုမှ ထွက်သွားခွင့်မပေးနိုင်ဘူး၊ တစ်သက်လုံး ကိုယ့်ရင်ဘတ်ထဲမှာ အကျဉ်းချထားမှာ ဘာမှတ်လဲ"

သူက အံကြိတ်ပြီးပြောတော့ ယဥ်က ပခုံးကလေးကျုံ့ပြတယ်။ ပြီးတော့ သူ့ကို ခပ်တင်းတင်းဖက်ထားပြန်တယ်။ ယဥ့်လက်တွေက သူ့ကို မတော်တဆ လွှတ်ထွက်သွားမှာ စိုးထဲ့အလား တင်းကြပ်လွန်းတယ်။

"ဖြစ်နိုင်ရင် ကျွန်မလည်း မောင့်ရဲ့ဘဝထဲမှာ တစ်သက်လုံး နေချင်ပါတယ် မောင်ရယ်၊ ဘယ်တော့မှ မခွဲချင်ပါဘူး"

လို့ ခပ်ဖွဖွကလေးပြောတယ်။ ဒီရက်ပိုင်းတွေမှာ 'အမည်မသိစာဆို' ကစားပွဲကလေးတွေကို ခါတိုင်းထက်ပိုပြီး အဆက်မပြတ် ကစားဖြစ်တယ်။ သူမကိုကြည့်ရတာ ပိုပြီးတော့ ပဟေဠိဆန်လာသလိုပါ။

တစ်ရက်တော့ ယဥ်က သူ့ကို ရန်ကင်းဘတ်ထဲက တွန်ဒိုတိုက်ခန်းကလေးတစ်ခုဆီ ခေါ်သွားခဲ့တယ်။ အခန်းကလေးက စနစ်တကျ သပ်သပ်ရပ်ရပ် ပြင်ဆင်ခင်းကျင်းထားလို့။

"ဒါ ကျွန်မ နေတဲ့အခန်းလေ၊ မောင်က သိထားချင်တယ်ဆိုလို့ မောင့်ကို ခေါ်လာတာ၊ ကျွန်မရယ် အိမ်အကူကောင်မလေးရယ် နှစ်ယောက်ပဲနေတယ်၊ ကောင်မလေးက အခု ခွင့်ယူပြီး ရွာပြန်နေလို့လေ"

ယဥ်က သူ့လက်ကိုဆွဲပြီး တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ပြတယ်။ အရာရာဟာ သန့်ရှင်းသစ်လွင်နေတာများ Show Room တစ်ခုလိုပဲ။ မီးဖိုချောင်အခန်းကအစ အနံ့အသက်ကင်းစင်ပြီး မွှေးပျံ့လို့ . . .။ သူမ နေတယ်ဆိုတာတောင် မယုံချင်သလိုပါပဲ။ ဒါပေမယ့် သူမက သူ့ အတွက် ကော်ဖီစက်နဲ့ ကော်ဖီဖျော်တိုက်တယ်။ ပြီးတော့ သူ့ရဲ့ လက်ထဲကို သော့တစ်ချောင်း အပ်ပါတယ်။

"ဒီအခန်းရဲ့ သော့အပိုတစ်ချောင်း မောင် ယူထားလိုက်နော်၊ ကျွန်မ မရှိတဲ့အချိန်တွေမှာ မောင် လာနေလို့ရတယ် သိလား"

ရုတ်တရက် ချက်ချင်း သူမရဲ့စကားအဓိပ္ပာယ်ကို





တံခွန်တိုင်စာပေ
တံခွန်တိုင်စာပေ
www.burmeseclassic.com

www.burmeseclassic.com


သူ နားမလည်လိုက်ပါ။

"ယဉ်မရှိတဲ့အချိန် ! . . . ယဉ်က ဘယ်သွားမှာမို့လို့လဲ"

ယဉ်က နားထင်ကလေးကို လက်ညှိုးလေးနဲ့ အသာကုတ်ခြစ်နေပြီး စကားစ,ရခက်နေသလို ငြိမ်နေတယ်။ တစ်ခုခုကိုလည်း နက်နက်နဲနဲ တွေးနေသလို မျက်နှာထားကလေးနဲ့ . . .။

"အဲဒါ မောင့်ကို ပြောမလို့ ပြောရခက်နေတာ၊ ကျွန်မစီစဉ်စရာရှိတာတွေတော့ စီစဉ်ပြီးသွားပါပြီ"

"ဘာတွေ စီစဉ်ပြီးသွားတာလဲ ယဉ်"

သူ ယဉ့်မျက်နှာကလေးကို စိုးရိမ်တကြီး စိုက်ကြည့်နေလိုက်မိတယ်။ ယဉ်ကလည်း သူ့ဆီကနေ မျက်လုံးမခွာဘဲ မျက်တောင်တောင်မခတ်ဘဲ သူ့ကို ပြန်စိုက်ငေးကြည့်နေခဲ့တာပါ။ ယဉ့် မျက်ဝန်းကလေးတွေက မျက်ရည်ရောင်စွတ်စိုထိုင်းမှိုင်းလို့ . . .။ သူ့ရင်ထဲ ထင့်ခနဲ ဖြစ်သွားမိတယ်။

"ကျွန်မ စင်္ကာပူမှာ ကျောင်းသွားတက်ဖို့ စီစဉ်ထားတာကြာပါပြီ၊ မောင်နဲ့ မတွေ့ခင်ကတည်းကပါ၊ MBA သွားတက်မလို့ပါ၊ နှစ်နှစ်ပါပဲ မောင်ရယ်၊ အဲဒါ ကျောင်းတက်ခွင့်လည်းကျလာပြီ၊ မောင့်ကို မပြောရက်သေးတာနဲ့ . . ."

ရုတ်တရက် သူ့နှလုံးသားဆီ အရှိန်ပြင်းပြင်း သက်သီးတစ်လုံးဝင်လာခဲ့သလိုပါ။ သူ့ရင်ထဲ အရှိုက်ထိသွားသလို အောင့်မျက်ပြီး ငြိမ်သက်သွားခဲ့တာပါ။ ချက်ချင်း စကားတောင်ပြန်မပြောနိုင်ဘဲ ဆို့နစ်သွားမိတယ်။ အံတစ်ချက် ကြိတ်ပြီး ကစဉ့်ကလျားဖြစ်သွားတဲ့စိတ်ကို ချက်ချင်း ချုပ်ထိန်းရပါတယ်။

"နှစ်နှစ်တောင် ! ဘယ်တော့သွားရမှာလဲ ယဉ်၊ ဒီလောက်အရေးကြီးတဲ့ကိစ္စကို ဘာဖြစ်လို့ လျှို့ဝှက်ထား ရတာလဲ ယဉ်ရာ"

"တစ်လလောက်တောင် မလိုတော့ဘူးထင်ပါတယ် မောင်ရယ်၊ ကြိုပြီး မပြောမိတာ ကြိုပြီး ခံစားနေရမှာစိုးလို့ပါ၊ နှစ်နှစ်တည်းပါ မောင်ရယ်၊ ကျွန်မကို ခွင့်ပြုပါနော်၊ ကျွန်မ အဲဒီကျောင်းကို အရမ်းတက်ချင်လို့ပါ၊ ကျွန်မရဲ့ ဘဝရည်မှန်းချက်တွေထဲမှာ ထိပ်ဆုံးကပါ၊ ပါတယ်"

"ဒီမှာ ကျောင်းတက်လက်စကြီးကို ဘာလုပ်မှာလဲ ယဉ်၊

www.burmeseclassic.com


ဒီမှာ ကျောင်းပြီးမှပဲ သွားပါလားကွာ၊ ကိုယ် ယဥ့်ကို ချက်ချင်းကြီး မခွဲလိုက်နိုင်ဘူး"

"ဟို ဘက်ကကျောင်းက စီစဉ်ပြီးသားဖြစ်နေလို့ပါ မောင်ရယ်၊ ကျွန်မ မောင့်ကို ကတိပေးပါတယ်၊ ဟိုက နေ မောင့်ဆီကို နေ့တိုင်းဖုန်းဆက်ပါ့မယ်၊ စာတိုက လေးတစ်စောင် နေ့တိုင်းပို့ပေးပါ့မယ်၊ ကျွန်မကို လွမ်းရင် ဒီအခန်းလေးမှာ မောင် လာနေနိုင်ပါတယ်၊ မောင့်ရင်ထဲ မှာ တစ်ခုပဲ အမြဲယုံကြည်ပေးပါ၊ မောင့်ကို ကျွန်မ နေ့တိုင်းချစ်နေမယ်၊ ထာဝရထက်ပိုပြီး မောင့် ကို ကျွန်မ ပိုချစ်တယ်ဆိုတာ ယုံထားပေးပါနော်၊ ပြီးတော့ အဖွင့် လင်းဆုံး ပြောပြထားခဲ့ချင်တယ်၊ ကျွန်မထက်ပိုချစ် ရမယ့် မိန်းကလေးတစ်ယောက် ဒီနှစ်နှစ်အတွင်းမှာ မောင်တွေ့ခဲ့ရင်တောင် ကျွန်မ ကြည်ဖြူ နားလည်ပေး နိုင်ပါတယ် . . ."

သူမရဲ့ နှုတ်ခမ်းကလေးကို သူ နှုတ်ပိတ်ပစ်လိုက် ပါတယ်။ သူ့ရင်ထဲ မွန်းကြပ်ညှိုနစ်လွန်းလှပြီ။ နားလည်ရခက် လွန်းတဲ့ ပဟေဠိဆန်လွန်းတဲ့ မိန်းကလေးတစ်ယောက်ကို သူ တမ်းတမ်းစွဲ ချစ်ခဲ့မိတာကိုက သူ့အမှားလား မသိတော့ပါ။

"မင်း ထားသွားမယ်ဆို ကိုယ် နေခဲ့ရဲရမှာပေါ့ ယဉ်ရယ်၊ ကိုယ်က မင်းကိုမှ ချစ်မိတာကိုး၊ မင်းပြန်လာမယ့်အထိ မင်းတစ်ယောက်တည်းကိုပဲ သစ္စာရှိရှိစောင့်နေမယ်ဆို တာ ယုံထားလိုက်ပါ"

"မောင် မငိုဘူးမှလား၊ ကတိပေးပါနော်"

"ယောကျ်ားကတိပါ၊ ကိုယ် နေတတ်အောင် ကြိုးစားမှာ ပေါ့၊ နေ့တိုင်း ဖုန်းဆက်မယ်ဆိုတဲ့ကတိကိုသာ မပျက်ပါ နဲ့၊ စာတိုကလေးတွေလည်း ကိုယ်နေ့တိုင်းမျှော်နေမှာ နော်၊ ကိုယ့်ချစ်သူကို နေ့တိုင်းလွမ်းနေမှာ . . ."

"စိတ်ချပါ မောင်ရယ်၊ ခုလို အလွယ်တကူ နားလည်ပေး တာကို ကျေးဇူးတင်ပါတယ်"

သူမက သူ့လက်တစ်ဖက်ကို မလွှတ်စတမ်း ခပ် တင်းတင်းဆုပ်ထားခဲ့ပါတယ် . . .။

"ခုကတည်းက မောင့်ကိုကြိုပြောထားခဲ့မယ်၊ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန်မှာ ကျွန်မသွားမယ်လို့ မောင့်ကို အတိအကျ ကြိုပြောမထားပါရစေနဲ့နော်၊ မောင့်ကို နှုတ် မဆက်ဘဲ ကျွန်မ တိတ်တိတ်ကလေးပဲ ထွက်သွားချင် လို့ပါ၊ လေဆိပ်လည်း လိုက်မပို့ပါနဲ့၊ ကျွန်မ တစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com

တည်း သွားပါရစေနော်၊ ကျွန်မ ပြုန်းခနဲ ပျောက်သွားပြီး နောက်တစ်နေ့မှာ မောင့်ဆီကို ဖုန်းဆက်ပါ့မယ် အဲဒါဆို ကျေနပ်ပေးပါနော်"

သူ ဘာစကားမှ ဆက်မပြောတော့ဘဲ သူမရဲ့ ပါးရိုးကလေးတစ်ဖက်ကို သူ့ရဲ့လက်ဖဝါးနဲ့ ခပ်တင်းတင်း ကိုင်ထားခဲ့မိပါတယ်။ ခုလောက်ဆို သူမအကြောင်းကို သူ ကောင်းကောင်းသိခဲ့ပြီ။ သူမဟာ သူမ,လုပ်ချင်တာ ဖြစ်ချင်တာကို ခေါင်းမာမာ သွေးအေးအေးနဲ့ ပြတ်ပြတ်သားသား လုပ်တတ်သူ ဆိုတာကိုလေ . . .။ ဘယ်~ချိန်မှာ သူ့ဘဝထဲကနေ သူမ လှစ်ကနဲ ပျောက်သွားတော့မလဲလို့ ရင်တမမနဲ့ စိုးထိတ်နေရုံမှတစ်ပါး သူ့မှာ တားမြစ်ခွင့်မရှိပါ။ သူမတို့ ချစ်နေသမျှ သူမဆန္ဒအတိုင်း သူ အလိုလိုက်ပေးနေရုံသာ။

***



လက်ထပ်တမ်း ကစားတဲ့ ပွဲကလေးပေါ့

မောင့်ကိုဘယ်လောက်ချစ်သလဲဆိုတာ

သက်သေပြတဲ့ အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com

# ၄



www.burmeseclassic.com

www.burmeseclassic.com



(၄)

ဘယ်အချိန်မှာ သူမ ရုတ်တရက် နှုတ်မဆက်ဘဲ ထွက်ခွာသွားမလဲ . . . ဆိုတဲ့ သံသယနဲ့ ရင်မောမှုတွေနဲ့အတူ သူ နေ့တိုင်း ရင်တထိတ်ထိတ်နဲ့ ဖြတ်သန်းနေရတာပါ။ သူမဆီက ဖုန်းတစ်ချက်ဝင်လာမှ ဒါမှမဟုတ် message ကလေးတစ်ခုရမှ ဒီနေ့အဖို့ သူမကိုမြင်ခွင့်ကလေးရလိုက်မှ သူ သက်ပြင်းဖွဖွချနိုင်ပါတော့တယ်။ သူမနဲ့အတူ ရှိနေချိန်မှာဆို သူမရဲ့လက်ကလေးကို မလွှတ်စတမ်း ခပ်တင်းတင်း ဆုပ်ကိုင်ထားမိရင်း သူမရဲ့မျက်ဝန်းတွေထဲ မျှော်လွင့်အိပ်မောကျခဲ့ရတော့တာပါ။

"မောင် . . . ကျွန်မတို့ ကစားပွဲကလေးတစ်ခုလောက် ကစားရအောင်"



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လို့ သူမက စတင်လာတဲ့အခါ သူ ရင်ထိတ်ခဲ့ ခုန်သွားမိတယ်။ သူမရဲ့ ကစားပွဲတွေတိုင်းရဲ့နောက်ကွယ်မှာ လျှို့ဝှက်ချက်တွေ ရှိနေတတ်တယ်လေ။

"ဘာကစားပွဲလဲ ယဉ်ရယ်၊ ယဉ်က လျှို့ဝှက်သည်းဖို တွေ လုပ်တတ်လွန်းလို့ ကြောက်တောင် ကြောက်လာပြီ"

"မကြောက်ပါနဲ့ မောင်ရယ်၊ စိတ်ချပါ မောင့်ကို ပျော်ရွှင်အံ့သြစေရမယ့် ကစားနည်းကလေးပါ"

"အိုကေလေ . . ."

သူမကို စိတ်ချမ်းသာပျော်ရွှင်စေရုံ သက်သက်နဲ့ပဲ သူ သဘောတူလိုက်လျှောလိုက်တာပါ။ သူမရဲ့ မျက်နှာကလေးက အပြုံးဖွဖွနဲ့ နူးညံ့ညင်သာလွန်းနေခဲ့ပါတယ်။

"ကစားနည်းကို ပြောပါဦး"

"မောင့်ဆီကို ဖုန်း messages ကလေးတွေနဲ့ ညွှန်ကြားမှာပါ၊ မောင်က ကျွန်မကိုချစ်သောအားဖြင့် လိုက်လုပ်ပေးရုံကလေးပါ၊ ကစားပွဲဆိုတာထက် Surprise ကလေး တစ်ခုပါ"

နောက်တစ်ရက်မှာ သူ ပါဆယ်တစ်ထုပ် လက်ခံရရှိပါတယ်။ ဖွင့်ကြည့်လိုက်တော့ ဇော်လံကတုံးရှပ်အကျီ





အဖြူရောင်ကလေးနဲ့ ပိုးတွဲပုဆိုး ငွေမှုင်ရောင်ကလေး။ သူ မျက်ခုံးတွေ ပင့်တက်သွားခဲ့တယ်။ ပြီးတော့ ခဲရောင် ကတ္တီပါဖိနပ်တစ်ရံ။ ဒါဟာ ပွဲလမ်းတစ်ခုခုအတွက် ကြိုတင်ပြင်ဆင်ခိုင်းထားတဲ့အဓိပ္ပာယ်ပေါ့။ သူမ ဘာတွေများ အံ့သြစရာဖန်တီးဦးမလို့ပါလိမ့် . . .။

နောက်တစ်ရက်မှာ သူ့ဖုန်းထဲ message ကလေး ဝင်လာခဲ့ပြန်တယ်။

"တနင်္ဂနွေနေ့ မနက်ဆယ်နာရီ ဝတ်စုံပြည့်ဝတ်ခဲ့ပါ၊ မောင့်မှာ သော့ရှိပြီးသားနော်"

တဲ့ . . .။ သူ ရင်တထိတ်ထိတ်ခုန်လာခဲ့ပြီ။ သူ့ဆီမှာ သူမရဲ့ အခန်းသော့ကလေး ရှိနေပြီးသားလေ။

သူ တစ်ခုခုကိုတော့ တိုးတိုးတိတ်တိတ်ကလေး အံ့သြစ,ပြုမိကာ ရိပ်မိသလိုလိုလည်း ရှိလာခဲ့ပြီ။

***



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးသော့ကို ဖွင့်လိုက်ချိန်မှာ တိတ်ဆိတ်လွန်းမှုက သူ့ကို ကြိုဆိုနေခဲ့တယ်။ ဒါပေမယ့် အံ့သြစရာကောင်းတာက တစ်ခန်းလုံး ငွေမှင်ရောင် နှင်းဆီတွေ ဝေနေခဲ့တာပါ။ ပန်းအိုးတွေနဲ့ ဝေဝေဆာဆာထိုးထားခဲ့တာ။ နှင်းဆီဖူးတွေပေါ်မှာ ငွေမှင်ရောင်တွေ လိမ်းကျံဆွတ်ဖျန်းထားခဲ့တဲ့ မြင်ရဆန်းကြယ်နေစေတဲ့ ငွေမှင်ရောင် နှင်းဆီတွေ။ သူ ဝတ်ထားတဲ့ ငွေမှင်ရောင်ပိုးပုဆိုးနဲ့ လိုက်ဖက်လွန်းနေခဲ့တာ။

ဧည့်ခန်းမှာ စားပွဲနဲ့ ကုလားထိုင်နှစ်ခုံကို အဖြူရောင်ပေါ်မှာ ငွေမှင်ရောင်ဖဲပွင့်ကြီးတွေစည်းထားပြီး လှလှပပပြင်ဆင်ထားခဲ့တယ်။ စားပွဲပေါ်မှာ ငွေမှင်ရောင်နှင်းဆီတွေထိုးထားတဲ့ ပန်းအိုးတစ်အိုး။ ပြီးတော့ သူ့မျက်လုံးတွေကို ဝိုင်းစက်တောက်ပသွားစေခဲ့တဲ့ ငွေမှင်ရောင်အဖုံး ဖုံးထားတဲ့ စာအုပ်နှစ်အုပ်။ သူ ဖွင့်ကြည့်ဖို့ လက်လှမ်းလိုက်စဉ်မှာ အရိပ်နှစ်ရိပ် ဖျတ်ခနဲ ရောက်လာတယ်။ သူ လှန့်ပြီး လှမ်းကြည့်လိုက်တော့ ဂဂ်ီနဲ့ ကောင်းမြတ် ...။ မျက်နှာတွေက မချိုမချဉ် အပိုးမကျိုးတကျိုး။

"ဟေ့ကောင်တွေ၊ မင်းတို့က ဘယ်လိုလုပ်ပြီး ဒီကို ရောက်နေရတာလဲ ..."

"သိဘူးလေ၊ ငါတို့ကို နဂိုယဉ် ဖိတ်ထားတာ၊ မင်းက ဒိုင်လျှိုလေးတွေနဲ့ လျှို့ဝှက်စွာ ခြေပုန်းခုတ်နေသော်လည်း ငါတို့က ဒီလောက် မနုံမအ,သေးပါဘူးကွာ"

လို့ ခနဲ့တဲ့တဲ့နဲ့ ဆိုတယ်။ ခဏနေတော့ ယဉ့်ရဲ့ သူငယ်ချင်းနှစ်ယောက် ထွက်လာပြန်တယ်။ သူတို့လည်း လှလှပပပြင်ဆင်လို့။ ငွေမှင်ရောင်နုနု ပိုးဝတ်စုံကလေးတွေနဲ့ ...။

"ယဉ်ရော ... ယဉ် ဘယ်မှာလဲ၊ ကျွန်တော့်ကိုလည်း ဘာမှ ပြောမပြဘူး၊ surprise လုပ်မယ်လို့ပဲ ပြောထားတယ်၊ ဒီနေ့က ဘာပွဲလုပ်မှာလဲ ... ဘာလဲဗျ"

"အေးအေးဆေးဆေးပေါ့ရှင် ... ရှင် သဘောမတူဘဲ ဘာမှ မဖြစ်နိုင်ပါဘူး"

ယဉ့် သူငယ်ချင်းတစ်ယောက်က ခပ်ပြုံးပြုံးကလေးနဲ့ သူ့ကို နှုတ်တယ်။ ပြီးတော့ သူမတို့ရဲ့ မျက်ဝန်းတွေက



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာဆီမှာ ပြုံးရွှင်ချိုမြစွာနဲ့ စိုက်တန့်သွားကြတာမို့ သူ အလောတကြီး လှမ်းကြည့်လိုက်တယ်။ ဘုရားရေ . . . သူ မျက်လုံးတွေတောင် သူ မယုံနိုင်ပါဘူး။ ငွေမှင်ရောင် ဇာဝတ်စုံ ကလေးနဲ့ ရက်ရက်စက်စက်လှနေတဲ့ သတို့သမီးကလေးတစ် ယောက်။ အဲဒါဟာ နဂိုယဉ်ဆိုတဲ့ ပဟေဠိမ,ကလေးရယ်ပေါ့။ သူ့ရင်ထဲ မြင်းအကောင်တစ်ရာလောက် ဒုန်းစိုင်းပြီး ဖြတ်ပြေး သွားခဲ့သလို ဝုန်းဒိုင်းကြဲ ပြောင်းဆန်သွားခဲ့တယ်။

"ယဉ် . . ယဉ်ရယ် . . လှလိုက်တာ"

သူ ယဉ့်ဆီ အပြေးသွားဖို့ပြင်စဉ်မှာ နောက်ထ အမျိုးသမီးတစ်ယောက် ထွက်လာတာမို့ သူ့ခြေလှမ်းတွေ တုံ့သွားရပါတယ်။ ယဉ်က ချစ်စဖွယ်အပြုံးကလေးနဲ့ မိတ် ဆက်ပေးပါတယ်။

"ဒါ မမနှင်းဆီဝေတဲ့ မောင်၊ မြို့နယ်တရားသူကြီးတ ယောက်ပါ။ ကျွန်မရဲ့ အစ်မတစ်ယောက်လိုပဲ အရ အားကိုးချစ်ခင်ရတဲ့သူပေါ့"

ကြည့်စမ်း . . .။ အားလုံးဟာ စနစ်တကျစီ ထားပြီးသား။ သူ ဘာစကားမှ ဆက်မပြောနိုင်လောက်အော ဆွံ့အ,မင်သက်လို့ . . .။





"ကဲ . . . မောင်လေးနဲ့ ညီမလေးက ဒီမှာထိုင်ပါ။ ဒီနေ့ပွဲကလေးက နှစ်ဦးသဘောတူ လက်မှတ်ထိုးကြ မယ့် အကျဉ်းရုံးလက်ထပ်ပွဲကလေးပေါ့။ သူငယ်ချင်း တွေက အသိသက်သေပေါ့။ မမက နဂိုယဉ့်ကို ညီမ လေးတစ်ယောက်လို ချစ်ခင်ရင်းစွဲရှိပြီးသားမို့ ညီမ လေး အကူအညီတောင်းတာနဲ့ ဒီပွဲကလေးကို ဖြစ် မြောက်အောင် လာပြီး ကူညီစီစဉ်ပေးတဲ့သဘောပါ။ မောင်လေးဘက်က ပြောစရာများရှိခဲ့ရင် အခုပြောပါဦး။ ယဉ်က တစ်ခါတစ်ခါ အဲဒီလိုပဲ သူတစ်ပါး ထင်မှတ် မထားတာတွေ သိပ်လုပ်တတ်တဲ့ တဇွတ်ထိုးမ,ကလေး လေ"

တရားသူကြီးမမနှင်းဆီဝေက စားပွဲရဲ့ရှေ့ခုံမှာ နေရာဝင်ယူရင်း ခပ်ပြုံးပြုံးပြောတယ်။ သူငယ်ချင်းတွေက တစ်ဘက်တစ်ချက် အသိသက်သေနေရာကိုယ်စီမှာ။ သူ ရင် ထိတ်ထိတ်ခုန်ကာ ပျော်ရလွန်းလို့ လက်ချောင်းကလေး တွေတောင် တဆတ်ဆတ်တုန်ရင်နေပါတယ် . . .။

"ကျွန်တော့်မှာ ပြောစရာဆိုလို့ ကျွန်တော် အရမ်း ပျော်နေတယ်ဆိုတာပဲ ပြောနိုင်ပါတယ်ဗျာ၊ အစစ



www.burmeseclassic.com

www.burmeseclassic.com



အရာရာ ယဉ့်ဆန္ဒအတိုင်းပါ၊ ယဉ် ပျော်နေတယ်ဆို ရင် ကျွန်တော် ဘာမဆို လုပ်ပေးနိုင်ပါတယ်၊ ကျွန် တော် သူ့ကို အရမ်းချစ်လို့ပါ”

အားလုံးပြုံးရယ်မိကြတယ်။ ယဉ့် မျက်နှာတ လေးတစ်ခုလုံးလည်း ပြုံးချင်တိုင်း ပြုံးနေတယ်။ လက်ထပ် စာချုပ်ကလေးတွေမှာ သူတို့အသီးသီး လက်မှတ်ထိုးပြီးတဲ့ နောက်မှာ ဇနီးမောင်နှံတွေအဖြစ် ရာသက်ပန်ပေါင်းဖက် နိုင်စေဖို့ မမက ဆုတောင်းပေးသလို သူငယ်ချင်းတွေကလည်း လက်ခုပ်တီးပေးကြတယ်။ ပြီးတော့ အဆင်သင့်မှာထားတဲ့ စားဖွယ်ရာတွေနဲ့ မင်္ဂလာပွဲကလေးကို လူခုနစ်ယောက်တည်း နှင့် လှလှပပ ကျင်းပခဲ့ကြတယ်။ သူ အရမ်းပျော်ပါတယ် မနေ့ကအထိ သူချစ်သူအဖြစ်သာရှိနေခဲ့တဲ့ ဒီမိန်းကလေး ဒီနေ့တော့ သူ့ရဲ့ ဇနီးချောကလေးအဖြစ် သူ ပိုင်ဆိုင်ခွင့်ရ လိုက်ပြီ။ ဒီနေ့ သူ လက်ထပ်ဖြစ်သွားတာကို သူ့မေမေနဲ့ မေမေ တောင် မသိရသေး။ တရားသူကြီးမမရော သူငယ်ချင်းတွေပါ အသီးသီး နှုတ်ဆက်ပြီး ပြန်သွားချိန်မှာတော့ သူနဲ့ယဉ် နှစ် ယောက်တည်းပဲ ကျန်ရစ်ခဲ့တယ်။

“ကိုယ်တို့ လက်ထပ်ခဲ့ပြီးပြီဆိုတော့ လင်မယားဖြစ်ပြီ နော်၊ ကိုယ် ဒီည အိမ်မပြန်တော့ဘူး၊ ဒီမှာပဲ အိပ် တော့မယ်၊ အိုကေတယ်မှုလား ယဉ် . . .”

လို့ . . . သူ ပြောတော့ ယဉ်က မျက်စောင်း ကလေး စစချီပါတယ် . . .။

“အမယ် ရမလားရှင့်၊ အစကတည်းက ကစားပွဲလို့ ပြော ထားခဲ့ပြီးသားလေ မောင်ရဲ့၊ လက်ထပ်တမ်းကစားတဲ့ ပွဲကလေးပေါ့၊ မောင့်ကို အံ့သြပျော်ရွှင်စေချင်တာရယ် မောင့်ကို ကျွန်မ ဘယ်လောက်ချစ်သလဲဆိုတာ သက် သေပြတဲ့အနေနဲ့ ဒီနေ့ပွဲကလေးကို စီစဉ်လိုက်တာပါ၊ ကျွန်မကို မောင် ဘယ်တော့မှ မဆုံးရှုံးတော့ဘူး၊ ကျွန်မ ကို မောင် အမြဲပိုင်တယ်ဆိုတာ မောင့်စိတ်ထဲတစ်သက် လုံး မှတ်ထားလိုက်တော့နော်၊ မောင့်ကို ကျွန်မ အရမ်း ချစ်တယ်၊ ကျွန်မရင်ထဲမှာ မောင် အမြဲတမ်းရှိနေမယ် သိလား . . .”

သူ သူ့ရဲ့သတို့သမီးကလေးကို တင်းတင်းကျပ် ကျပ် ပွေ့ဖက်ထားလိုက်မိပါတယ်။

***



www.burmeseclassic.com

www.burmeseclassic.com

ချစ်ခြင်းသာ စစ်မှန်ပါစေ...

ချစ်သူတစ်ယောက်ရဲ့ ရင်ထဲမှာ

ကိုယ့်ချစ်သူဟာ

အမြဲရှင်သန်နေမှာပါ...။



www.burmeseclassic.com

www.burmeseclassic.com

# ၆



www.burmeseclassic.com

www.burmeseclassic.com


(၅)

ပထမတော့ သူ အိပ်မက်တစ်ခု မက်နေခဲ့သလို ပါ။ ဖျတ်ခနဲ သူ နိုးလာတော့ သူ့နံဘေးမှာ သူမ ရှိမနေပါ။

"ယဉ် . . ."

သူ ကမန်းကတန်း ထ,ပြီး ယဉ့်ကို လိုက်ရှာမိတယ်။ နောက်မှ သူ့အိမ်သူ ပြန်ရောက်နေမှန်း သတိရသွားခဲ့ပါတယ်။ ယဉ့်အခန်းကလေးဆီမှာ သူ ညမအိပ်ဖြစ်ခဲ့ပါ။ ယဉ်က ချော့မော့နှစ်သိမ့်ပြီး ပြန်လွှတ်ခဲ့တာမို့ သူ ယဉ့်ကို အလိုလိုက်စွာ လိုက်လျောနာခံစွာနဲ့ သူ့အိမ်သူ ပြန်လာခဲ့တာပါ။ ဒီနေ့ပဲ သူ့ချစ်သူမိန်းကလေးနဲ့ လက်ထပ်ခဲ့ပြီး သူ့အိမ် သူ ပြန်အိပ်နေခဲ့ရတဲ့ သူ့အဖြစ်က မချင့်မရဲဖြစ်စရာ ရယ်စရာလိုလို . . ။ နာရီကိုလှမ်းကြည့်မိတော့ ည သန်းခေါင်တောင် ကျော်နေပြီ။ ဒီအချိန်ဆို ယဉ်ကလေး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေမှာပဲလေ . . ဆိုတဲ့ အတွေးနဲ့ ယဉ့်ဆီ သူ ဖုန်း


www.burmeseclassic.com

www.burmeseclassic.com



မခေါ်မိတော့။ မနက်ကျမှပဲ စောစောထပြီး ဖုန်းခေါ်ပါတော့မယ်လေ . . . လို့ တွေးပြီး သူ စိတ်ချလက်ချ အိပ်ပျော်သွားခဲ့ပါတယ်။ သူ အိပ်မက်တွေ ဆက်မက်နေဆဲ။ ယဉ်က သူ့ကို သတို့သမီးဝတ်စုံကလေးနဲ့ပဲ 'မောင်'လို့ တစာစာအော်ခေါ်ရင်း လိုက်ရှာနေဆဲ။

***

တင်းထားခဲ့တဲ့စိတ်တွေအားလုံး ဟိုးအောက်ခြေထိ လျှော့ချလိုက်ချိန်မှာတော့ ယဉ်ဟာ အရုပ်ကြိုးပြတ် . . .။ ICU ထဲမှာ ယဉ် ရောက်နေခဲ့ပြီ။ အသက်ကယ်ဆေးတွေလည်း အတတ်နိုင်ဆုံး ဆရာဝန်ကြီးက ပေးထားခဲ့ပြီ။ ဆေးတွေရဲ့ အရှိန်နဲ့ ယဉ် လူးလွန့်နိုးလာလိုက် ရောဂါဝေဒနာရဲ့ ဖိစီးတိုက်ခိုက်မှုအောက်မှာ ယဉ် အလူးအလဲ ခံစားနေရလိုက်နဲ့ နောက်ဆုံးတိုက်ပွဲကို အပြင်းအထန် ခုခံတိုက်ပွဲဝင်နေရတာပါ။ ဘာကယ်ဆိုရင် ယဉ် အားလုံးကို စိတ်ချလက်ချ ထားခဲ့လို့ရပါပြီ။

ယဉ့်ရဲ့ ဖုန်းကလေးကို ယဉ့်နံဘေးမှာ ရှိနေတဲ့ စံပွင့်ရဲ့လက်ထဲ စိတ်ချယုံကြည်စွာ အပ်ထားခဲ့ပြီ။

"မနက်ဖြန်ဆို ယဉ် စင်္ကာပူ ရောက်နေပြီလို့ ပြောပေးနော် စံပွင့်၊ စာတွေ၊ ပို့ရမယ့် messages တွေ စံပွင့်ကို အပ်ခဲ့ပြီ၊ ယဉ် စိတ်ချပါရစေနော်၊ သူ့ကို တစ်နေ့တစ်ကြိမ် သိပ်ချစ်တယ်လို့ ပြောဖို့ လုံးဝ မမေ့ပါနဲ့နော်၊ ယဉ် ထွက်သွားတာ ဘယ်သူမှ မသိပါစေနဲ့၊ သတင်းစာထဲလည်း မထည့်ပါနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်သမျှ မှာထားပြီးသားတွေကိုပဲ ထပ်တလဲလဲ မှာနေခဲ့မိတယ်။ စံပွင့်က မျက်ရည်တွေပြည့်နေတဲ့ မျက်ဝန်းတွေနဲ့ကြည့်ပြီး ယဉ့်လက်ကလေးတွေကို ညင်ညင်သာသာ ဆုပ်ကိုင်ထားပါတယ်။ ယဉ့်ရဲ့ နောက်ဆုံးအချိန်မှာ စံပွင့်တစ်ယောက်တည်းကိုပဲ အနားမှာရှိခွင့်ပေးခဲ့တာပါ။

"စိတ်ချပါ ယဉ်ရယ်၊ ယဉ် ဖြစ်စေချင်တာတွေအားလုံး ယဉ့်ဆန္ဒအတိုင်း တသဝေမတိမ်း ဖြစ်ရပါစေမယ်၊ အစွဲအလန်းတွေအားလုံး ခဏဖယ်ထားပြီး ဝင်သက်ထွက်သက်ကလေးကိုပဲ အာရုံပြုနေလိုက်နော် ယဉ်၊ အားလုံးသူ့ဟာနဲ့သူ နေသားတကျ အဆင်ပြေပြေဖြစ်သွားမှာပါ နော်၊ စိတ်အေးအေးထားနော်"

စံပွင့်အသံကလေးက တိုးဖွဖွကလေးရယ်။ ယဉ်မျက်လုံးတွေ ဖိမှိတ်ချထားလိုက်မိတော့တယ်။ ခံစားနေရတဲ့ ဝေဒနာတွေက ပြင်းထန်လွန်းလှတာမို့ ယဉ် လွတ်မြောက်လွင့်စင်သွားချင်လိုက်တာ။ နောက်ဆံတွေလည်း မတင်းချင်တော့ပါဘူး။ ယဉ်လေ ဒီလောက,ကနေ ငှက်တောင်မွေးကလေးတစ်စလို ပေါ့ပေါ့ပါးပါး လွင့်ထွက်သွားချင်လှပြီ။ မောင်ရယ် . . ကျွန်မဘဝရဲ့ နောက်ဆုံးထွက်သက်အထိ မောင့်ကို မမေ့





မလျော့ သတိတရ ချစ်မြတ်နိုးသွားခဲ့ပါတယ် . . . လို့ မောင့်ကို သိစေချင်လိုက်တာ။ မောင် မငိုရဘူးနော်။

***



www.burmeseclassic.com

www.burmeseclassic.com



သူ အိပ်ရာကနေ နိုးနိုးချင်း သတိတရရှိနေမိတာက ယဉ့်ကိုပါ။ ဒီအချိန်လောက်ဆို ယဉ် နိုးလောက်ရောပေါ့။ ယဉ့်ဆီ ချက်ချင်းပဲဖုန်းခေါ်လိုက်ပါတယ်။ အံ့ဩစရာကောင်းတဲ့ တုံ့ပြန်မှုက ယဉ့်ဖုန်းပိတ်ထားခဲ့တာပါ။ သူ့ရင်ထဲ ထိတ် ကနဲ ဖြစ်သွားမိတယ်။ ဘာဖြစ်လို့ပါလိမ့်။ ထုံးစံအတိုင်းဆို တစ်စုံတစ်ရာ မမှားယွင်းဘူးဆိုရင် ယဉ့်ဖုန်းဟာ ဒီအချိန်ဆို ဖွင့်နေကျပါ။ အကြိမ်ကြိမ်ခေါ်လို့ မရနိုင်တဲ့အဆုံးမှာ သူ ခပ်သွက်သွက် မျက်နှာသစ်၊ သွားတိုက်ပြီး ယဉ့်အိမ်ကလေးဆီ လိုက်ဖို့ပြင်ဆင်နေချိန်မှာပဲ သူ့ဖုန်းထဲကို message တစ်ခု ဝင်လာခဲ့ပါတယ်။

"မောင့်ကို သိပ်ချစ်တယ်"

ဖုန်းနံပါတ်က သူ မသိသေးသော နံပါတ်အသစ်တစ်ခု။ အဲဒီဖုန်းကို ချက်ချင်း သူ ပြန်နှိပ်တော့ ခေါ်လို့မရ လိုင်းမအားတဲ့ busy tone အသံပဲ ထွက်နေတာမို့ သူ စိတ်မရှည်နိုင်တော့။ မေမေ့ကို နှုတ်ဆက်ပြီး ယဉ့်အိမ်ခန်းကလေးဆီ သူ ဒရောသောပါး ရောက်ခဲ့ပါတယ်။ အခန်းသော့ပိတ်ထားတာမို့ သူ့သော့ကလေးနဲ့ ဖွင့်ပြီး အခန်းထဲဝင်လိုက်ရင် သူ့ရင်တစ်ခုလုံး နွေးဖိုလှိုက်လှဲသွားတော့တာ။ တစ်အိမ်လုံး ရဲ့ ရှိရှိသမျှ နံရံတွေမှာ သူနဲ့ယဉ်တို့ရဲ့ လက်ထပ်ပွဲနေ့က ရိုက် ခဲ့တဲ့ ဓာတ်ပုံတွေချည်း။ မနေ့က သူ အိမ်ပြန်လာတော့ ညခုနစ် နာရီ ရှိခဲ့ပြီ။ ဒါတွေအားလုံးကို ညတွင်းချင်း ယဉ် ဘယ်လို မှား စီစဉ်ပြင်ဆင်ခဲ့ပါလိမ့် . . . လို့ သူ အံ့ဩမနေတော့။ 'အမည်သေိစာဆို' ကစားပွဲကို ဦးဆောင်နေသူတစ်ယောက် ပီပီ သူ့မရဲ့နောက်ကွယ်မှာ လူတွေအများကြီး။

"ယဉ် . . ."

တစ်ခန်းဝင်တစ်ခန်းထွက် သူ လိုက်ရှာပါတယ်။ ယဉ့်အရိပ်ကလေးတောင် သူ မတွေ့ရပါ။ အဲဒီအချိန်မှာပဲ ခန်းဝင်လာခဲ့တာပါ။

"ဟယ်လို . . ."

"မောင် . . လားဟင် . . ."

အသံလေးက ခပ်တိုးတိုး။ ဟိုးအဝေးကြီးကလိုပဲ သူ့စိတ်ထဲ ထင်လိုက်မိတယ်။ ယဉ့်အသံမှ ဟုတ်ရဲ့လားလို့ ခပ် စိမ်း ခံစားလိုက်ရစေတဲ့ အသံတစ်သံပါ။

www.burmeseclassic.com



"ယဉ်လားဟင် . . . အခု ယဉ် ဘယ်မှာလဲဟင်၊ မောင်က ယဉ့်အခန်းမှာ ရောက်နေပြီ၊ ယဉ် ဘယ်တွေ ပျောက်သွားနေတာလဲကွာ၊ မောင် တွေ့ချင်လှပြီ . . . ခု ပြန်ခဲ့တော့"

သူ့အသံက အရူးအမူး ဆန်လွန်းပါတယ်။ ယဉ့်ဘက်ကတော့ ခပ်အေးအေး။

"မောင့်ကို စနစ်တကျ လှည့်စားခဲ့တာ မဟုတ်ပါဘူး မောင်ရယ်၊ ကျွန်မ အခု စင်္ကာပူမှာ ရောက်နေပြီ၊ အားလုံး စီစဉ်ပြီးသားမို့ပါ မောင်ရယ် . . . နော်၊ ကျွန်မ ကို စိတ်မဆိုးနဲ့နော်၊ စိတ်လည်း မထိခိုက်နဲ့၊ ကတိပေးထားတဲ့အတိုင်း မျက်ရည်လည်း မကျရဘူးနော်၊ ကျွန်မ နေ့တိုင်း ဖုန်းဆက်ပါ့မယ်၊ အရမ်းလွမ်းပါတယ် မောင်ရယ် . . . ယုံပါနော်"

သူ့ဘက်က ဘာစကားမှ ပြန်မပြောနိုင်လောက်အောင် နင်သွားခဲ့တာပါ။ အစွမ်းကုန်ပြေးလာခဲ့ပြီးမှ ရင်တည့်တည့်ဆီ အကန်ခံလိုက်ရသလို နင့်ခနဲ . . .။ ယဉ့်ဘက်ကသာ ပြောစရာရှိတာတွေကို အဆက်မပြတ် ရွတ်သွားခဲ့ပြီ ငြိမ်သက်သွားပါတယ်။ သူ တစ်ခုခု ပြန်ပြောကြည့်ဖို့ ကြိုး





ပါသေးတယ်။ အသံက ထွက်မလာခဲ့ . . .။ ထွက်လာခဲ့ရင်လည်း အက်ကွဲသွေ့ခြောက်နေမှာပါ . . .။

"မောင် တစ်ခုခု ပြောဦးမလား၊ နှစ်နှစ်ဆိုတာ ခဏကလေးပါ မောင်ရယ်၊ ပျော်ပျော်ရွှင်ရွှင်နေပေးပါ၊ မောင် ပျော်နေရင် ကျွန်မ စိတ်ချမ်းသာပြီးသားပါ"

"ယဉ် . . ."

"ပြောပါ မောင်"

"ကိုယ် စောင့်နေပါ့မယ်၊ အချိန်တွေ ဘယ်လောက်ပဲ ကြာပါစေ၊ ကိုယ်တို့နှစ်ယောက် ပြန်ဆုံမယ့်ရက်ကို ကိုယ် စောင့်နေပါရစေနော်၊ ကျေးဇူးပြုပြီး ပြန်တော့ ပြန်ခဲ့ပါကွာ"

သူ့စကားမဆုံးခင် ဖုန်းလိုင်းပြတ်တောက်သွားခဲ့ပြီ။ သူ ပြန်ခေါ်လို့လည်းမရ။ busy tone ကလေးချည်းသာ ဆက်နေပါတော့တယ်။ အခန်းကလေးထဲမှာ သူတစ်ယောက်တည်း။ ယဉ့်ကို ပြင်းပြင်းပြပြ လွမ်းဆွတ်တမ်းတမှုတွေနဲ့အတူ သူ ကြမ်းပြင်ပေါ် လဲအိပ်ချလိုက်မိတယ်။ မျက်ရည်မကျပါဘူးလို့ ကတိပေးထားခဲ့ပေမယ့် မျက်ရည်တချို့က သူ တားဆီးလို့မရခင်မှာ ကြမ်းပြင်ပေါ်အထိ လိမ့်ဆင်းသွားခဲ့ကြပြီ၊ ရုတ်



www.burmeseclassic.com

www.burmeseclassic.com



စက်လိုက်တာ . . . လို့ သူ ညည်းညူမနေချင်တော့ပါဘူး။ ခုအချိန်မှာ ပြန်လာခဲ့ဖို့ကိုပဲ သူ အနူးအညွတ် လှိုက်လှိုက်လှဲလှဲ တောင်းဆိုနေရတော့မှာလေ . . .။

ဆုံးရှုံးခြင်းတွေကို သူ မပိုင်ဘူး . .

လက်လွှတ်လိုက်ရခြင်းတွေကို သူ မထိန်းချုပ်နိုင် ခဲ့ဘူး . . .

သူ တတ်နိုင်တာ တစ်ခုတည်းပါ . . .

ပြန်လာခဲ့ဖို့ အနူးအညွတ် တောင်းပန်ရုံမှတပါး။ ။

***





BURMESE CLASSIC .com



"ကိုယ် စောင့်နေပါ့မယ်၊ အချိန်တွေ ဘယ်လောက်ပဲ ကြာပါစေ၊ ကိုယ်တို့နှစ်ယောက် ပြန်ဆုံမယ့်ရက်ကို ကိုယ် စောင့်နေပါရစေနော်၊ ကျေးဇူးပြုပြီး ပြန်တော့ ပြန်ခဲ့ပါကွာ"

တဲ့ . . .။ တစ်ဘက်လူရဲ့ လှိုက်မောတုန်ရင်လှတဲ့ တောင်းပန်တိုးလျှိုးသံတွေကို စံပွင့် ဆက်ပြီး နားထောင်နိုင်စွမ်းမရှိခဲ့ပါ။ ဒီတောင်းဆိုသံကလေးတွေကိုလည်း ယဉ်တစ်ယောက် ဘယ်လောက်ပဲကြားချင်နေသေးပေမယ့် ကြားနိုင် စွမ်းမရှိတော့။ ICU အခန်းငယ်ကလေးထဲမှာ ယဉ့်ခန္ဓာကိုယ် ပါးပါးလျလျကလေး ငြိမ်သက်အေးစက်လို့၊ ဝေဒနာတွေဆီကနေ ယဉ် လွတ်မြောက်ပေါ့ပါးလို့သွားခဲ့ပြီ။ သူမ ရှိနေတုန်းကလေး မောင့်ဆီ ဖုန်းခေါ်ပေးပါဆိုပြီး နောက်ဆုံးတောင်းဆိုခဲ့တဲ့ ယဉ့်မျက်နှာကလေးပေါ်မှာ အပြုံးရိပ်ကလေးတောင် သဲ့သဲ့ တင်ကျန်နေသလိုပါ။ ချစ်သူကို နောက်ဆုံးထွက်သက် အထိ ယဉ် တကယ်ချစ်သွားခဲ့တာပါ။ "နောင် ဘယ်တော့မှ ချစ်ခွင့်





www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူး” ဆိုတဲ့ မက်မောမှုမျိုးနဲ့ ကိုယ်ချစ်မြတ်နိုးတဲ့ သူကို ချစ်သွားခဲ့တာပါ” . . .။

ချစ်ခြင်းသာ စစ်မှန်ပါစေ . . . ချစ်သူတစ်ယောက်ရဲ့ရင်ထဲမှာ ကိုယ့်ချစ်သူဟာ အမြဲရှင်သန်နေမှာပါ . . .။

***

ဖုန်းမြည်သံကလေးကြားတိုင်း သူ့နှလုံးသားက မရိုးအီစွာ ထိတ်ခနဲ အခုန်မြန်ဆဲ ...။

“ မောင်လားဟင် ...”

ဆိုတဲ့ ယဉ်အသံကလေးကို လွမ်းမောခြင်းများစွာနဲ့ သူ နားထောင်မိဆဲ ...။

“မောင့်ကိုသိပ်ချစ်တယ် ...”

ဆိုတဲ့ message ကလေးတွေကို တမ်းတခြင်းများစွာနဲ့ သူ မက်မောမိဆဲ ...။

“ ပြန်လာခဲ့တော့ ယဉ်ရယ် ...”







ဆိုတဲ့ စကားကို အကြိမ်ပေါင်းမရေတွက်နိုင်အောင် ထပ်တလဲလဲ သူ ရေရွတ်မိဆဲ . . .။

စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ပါစေ . . .

မေတ္တာအားဖြင့် . . .



လွှမ်းထားထား (ဆေးတက္ကသိုလ်)

30.01.2012





www.burmeseclassic.com